The Mirror
Established in 1957
၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။
၁၃၇၇ ခုနှစ်၊ ဒုတိယဝါဆိုလဆန်း ၁၀ ရက်၊ တနင်္ဂနွေနေ့၊ (26-7-2015) (၈၂၇၃)

**မေတ္တာသည် ရန်ကင်းငြိမ်း၏**

အကြင်သူသည် သတ္တဝါအားလုံးတို့အပေါ်၌ မေတ္တာစိတ်အဖို့အစုရှိသည် ဖြစ်၍ တစ်စုံတစ်ယောက်ကိုမျှ မိမိကိုယ်တိုင်လည်း မညှဉ်းဆဲ၊ သူတစ်ပါးကိုလည်း မသတ်ဖြတ်စေ၊ မိမိကိုယ်တိုင်လည်း အနိုင်မယူ၊ သူတစ်ပါးတို့ကိုလည်း အနိုင်မကျင့်စေ၊ ထိုမေတ္တာပွားသူအား တစ်စုံတစ်ခုသော အတွင်းရန်၊ အပြင်ရန်ဟူ၍ မရှိနိုင်။

(အင်္ဂုတ္တိုရ်ပါဠိတော်၊ ပထမတွဲ၊ မေတ္တာသုတ်-၄၄၃။)

# နိုင်ငံတော်သမ္မတ ဦးသိန်းစိန် မြို့ကြီးရေလှောင်တမံ တည်ဆောက်ရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

## စီမံကိန်းများ မြန်မြန်ပြီးစီးပါက ပြည်သူများအတွက် မြန်မြန်အကျိုးရှိမည်
## စီမံကိန်းများ အချိန်မီပြီးစီးရေးအတွက် ကြိုးပမ်းဆောင်ရွက်

နေပြည်တော် ဇူလိုင် ၂၅

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ယနေ့မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးများ၊ တာဝန်ရှိသူများနှင့်အတူ မော်တော်ယာဉ်များဖြင့် နေပြည်တော်မှထွက်ခွာခဲ့ကြပြီး ရှမ်းပြည်နယ် ရှောင်မြို့နယ်၌ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၇)က တာဝန်ယူတည်ဆောက်နေသည့် မြို့ကြီးရေလှောင်တမံဘက်စုံစီမံကိန်း တည်ဆောက်ရေးလုပ်ငန်းခွင်သို့ရောက်ရှိကြရာ စီမံကိန်းလုပ်ငန်းခွင်မှ တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။**

ယင်းနောက် နိုင်ငံတော်သမ္မတနှင့်အဖွဲ့သည် ရေအားလျှပ်စစ်အဆောက်အအုံအတွင်း ၁၅ မဂ္ဂါဝပ် ဓာတ်အားထွက်ရှိမည့် ဂျင်နရေတာ တာဘိုင်နှစ်လုံး တပ်ဆင်ရန် လုပ်ငန်းများဆောင်ရွက်နေမှုကို ကြည့်ရှုသည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့်အဖွဲ့သည် မော်တော်ယာဉ်များဖြင့် မြို့ကြီးပင်မရေလှောင်တမံအပေါ်သို့ ရောက်ရှိပြီး ရေယူအဆောက်အအုံ တည်ဆောက်ပြီးစီးမှု၊ ရေဝပ်ဧရိယာနှင့် စက်ယန္တရားကြီးများဖြင့် တမံတည်ဆောက်ရေးလုပ်ငန်းများ အပြီးသတ်ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးရာ ညွှန်ကြားရေးမှူးချုပ် ဦးကျော်မြင့်လှိုင်က ရှင်းလင်းတင်ပြသည်။

**စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆**



**နိုင်ငံတော်သမ္မတ ဦးသိန်းစိန် မြို့ကြီးရေလှောင်တမံ ဘက်စုံစီမံကိန်း တည်ဆောက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးစဉ်။** (သတင်းစဉ်)



**မြန်မာနိုင်ငံအတွက် သနပ်ခါးထက် ပိုပြီးကောင်းမွန်တဲ့ နေရောင်ကာ မရှိသေးပါ**




ကျွန်မကဒေါ်ဝင်းနုနုထွန်းပါ။ ကျွန်မတို့ရုံးအဖွဲ့ ပိတ်ရက်မှာ ပုဂံ၊ ညောင်ဦး ခရီးသွားခဲ့ကြပါတယ်။ အညာဒေသကလည်း အရမ်းပူတော့ အကျီလွတ်တဲ့နေရာ(လက်တို့၊ ခြေတို့)တွေဆို နေလောင်ဒဏ်ခံခဲ့ရတယ်။ နေလောင်တဲ့ဒဏ်ကြောင့် ကျွန်မမျက်နှာဆိုရင် မဖြူရတဲ့အထဲ မည်းပြာသွားတယ်။ ဒီကြားထဲ အသားတွေယားယံပြီး မိတ်ဖုတွေလည်း ထွက်လာသေးတယ်။ အစ်မတစ်ယောက်ကသူယူလာတဲ့ **ရွှေပြည်နန်းခရေသနပ်ခါး**ကို လာပေးပါတယ်။ လိမ်းကြည့်လိုက်တာ မိတ်ဖုတွေ သက်သာလာခဲ့တယ်။ **ရွှေပြည်နန်းအစိမ်းရောင်သနပ်ခါး**ကို လိမ်းလိုက် နေလောင်ဒဏ်ကာကွယ်တယ်လို့လည်း ပြောပါတယ်။ ခရီးကပြန်ရောက်တော့ အိမ်မှာဆက်ပြီး လိမ်းခဲ့တယ်။ (၁၅)ရက်လောက်ကြာတော့ ကျွန်မအသားအရေ ဝင်းလာတယ်။ မိတ်ဖုတွေကတော့ အရှင်းပျောက်သွားတယ်။ ဝယ်ယူသုံးကြည့်တော့ ရွှေပြည်နန်းအမျိုးအစားတစ်ခုစီမှာ အကျိုးထူးလေးတွေရှိမှန်း သိလိုက်ရတယ်။ အလွန်တစ်ရာမှ ကောင်းမွန်သော နည်းပညာများနဲ့ ဖော်စပ်ထားတဲ့ ရွှေပြည်နန်းသနပ်ခါးကုမ္ပဏီကို ထာဝရအောင်မြင်ပါစေလို့ ဆုတောင်းမေတ္တာပို့သလိုက်ပါတယ်။ **ယုံကြည်စွာနဲ့ အမြဲသုံးစွဲလျက်ပါ**။ ဈေးနှုန်းလည်းတင်ပါတယ် ရွှေပြည်နန်းရယ်...

ဒေါ်ဝင်းနုနုထွန်း (Admin Head, ETH Logistic & Transportation)

ထပ်ဆင့်ထောက်ခံအပ်ပါသည်။ ဒေါ်သီတာအောင် (EATON LOGISTIC CO.,LTD.)

(ရွှေပြည်နန်း သနပ်ခါးသုံးစွဲခြင်းကြောင့် ရရှိသောအကျိုးကျေးဇူးများနှင့် ပတ်သက်၍ ကိုယ်တိုင်ကြုံတွေ့ရသော ဖြစ်ရပ်များကို အခြေခံပြီး (စာမျက်နှာ ကန့်သတ်ချက်မရှိ) နေရပ်လိပ်စာအပြည့်အစုံ၊ ဆက်သွယ်ရန်ဖုန်းနံပါတ်တို့ဖြင့် အမှတ်-၂၈ (H)၊ အင်းယားမြိုင်လမ်း၊ ရွှေတောင်ကြား(၁)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့သို့ လိပ်မူပြီးရေးသား ပေးပို့နိုင်ပါကြောင်း လေးစားစွာဖြင့် ဖိတ်ခေါ်အပ်ပါသည်)

အတွေးအမြင်

**ကြေးမုံစာတည်းရှုထောင့်** ၂၆-၇-၂၀၁၅၊ တနင်္ဂနွေနေ့

# ပြည်သူများ၏ အခွင့်အရေး

လွတ်လပ်၍ တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကြီးကျင်းပရန် ရက်ပေါင်း ၁၀၅ ရက်သာလိုတော့သည်။ မြန်မာ့နိုင်ငံရေးသမိုင်းမှတ်တိုင်အဖြစ် စိုက်ထူနိုင်မည့် အဆိုပါပွဲကြီးကို လွတ်လပ်ပြီး တရားမျှတမှုရှိစွာဖြင့်ကျင်းပသွားမည်ဟု ပြည်ထောင်စုရွေးကောက်ပွဲကျင်းပရေးကော်မရှင်က အတိအလင်းကြေညာထားသည်။

မြန်မာနိုင်ငံ၏ အရွေ့ဟုဆိုနိုင်သည့် ထိုရွေးကောက်ပွဲကြီးတွင် ပြည်သူများ၏ဆန္ဒကို လွတ်လပ်စွာထုတ်ဖော်နိုင်တော့မည်။ တိုင်းပြည်နှင့်လူမျိုးအတွက် အမှန်တကယ်လုပ်ဆောင်ပေးမည့်၊ အမှန်တကယ်စွမ်းဆောင်နိုင်မည့်၊ အမှန်တကယ်အကျိုးရှိအောင်လုပ်ပြနိုင်မည့် လွှတ်တော်ကိုယ်စားလှယ်များကို မိမိတို့၏ဆန္ဒအမှန်ဖြင့် မှန်ကန်စွာ ရွေးချယ်နိုင်ရမည်ဖြစ်သည်။

တိုင်းပြည်နှင့်လူမျိုးအတွက် ရွေးချယ်ဆုံးဖြတ်ပေးသည့်ပွဲဖြစ်၍ အလွန်အရေးကြီးပါသည်။ ထို့ကြောင့် ပြည်သူများအနေဖြင့် မဲပေးနိုင်သည့် အခွင့်အရေးများရအောင် ဦးစွာလေ့လာထားရမည်ဖြစ်သည်။ လက်တွေ့တွင် ပြည်သူများအနေဖြင့် မိမိတို့၏စားဝတ်နေရေးအတွက် ရုန်းကန်လှုပ်ရှားနေကြရသဖြင့် မဲဆန္ဒပေးရေးလုပ်ငန်းများကို မေ့လျော့နေကောင်းနေမည်၊ စိတ်မဝင်စားသည်လည်းရှိမည်၊ မသိနားမလည်မှုများလည်း ရှိပေလိမ့်မည်။

မည်သို့ပင်ရှိစေ တိုင်းပြည်နှင့်လူမျိုးအတွက် အရေးကြီးသောလုပ်ငန်းစဉ်ဖြစ်၍ ဆန္ဒမဲပေးခြင်းအသိအမြင်များ တိုးပွားအောင် ဝိုင်းဝန်းဆောင်ရွက်ပေးကြရမည်ဖြစ်သည်။

လက်ရှိကောက်ယူထားသောစာရင်းများအရ အခြေခံမဲဆန္ဒရှင်စာရင်းတွင် ပြည်တွင်း၊ ပြည်ပလူဦးရေ ၃၂ သန်းကျော်ရှိသည်ဟု ဆိုထားသည်။ မဲဆန္ဒရှင်ထိုမျှရှိသော်လည်း မဲဆန္ဒပေးသောအချိန်တွင် ခရီးလွန်နေသူများ၊ အထက်ပါလူမျိုးများ ရှိကောင်းရှိနိုင်၍ ဆန္ဒမဲပေးသူ လျော့နည်းသွားပေလိမ့်မည်။ ထို့ကြောင့် ဆန္ဒမဲပေးခြင်းသည် အမျိုးသားရေးလုပ်ငန်းစဉ်ဖြစ်၍ အားလုံးပါဝင်နိုင်အောင် ဝိုင်းဝန်းအသိပေးနှိုးဆော်ကြရမည်ဖြစ်သည်။

ထိုသို့ဆောင်ရွက်ကြရာတွင် သက်ဆိုင်ရာအဖွဲ့အစည်းများသာမက အရပ်ဘက်အဖွဲ့အစည်းများ၊ မီဒီယာများ၏ အခန်းကဏ္ဍမှာ လွန်စွာအရေးပါပါသည်။ အသက် ၁၈ နှစ်ပြည့်သူတိုင်း မဲဆန္ဒပေးခွင့်ရအောင် ဝိုင်းဝန်းအသိပေးကြရမည်။ ဝိုင်းဝန်းတိုက်တွန်းကြရမည်ဖြစ်သည်။ လောလောဆယ်တွင် မဲဆန္ဒပေးမည့် ရောက်ရှိရာအရပ်တွင် မဲစာရင်း၌မိမိအမည် ပါ မပါ၊ မှန်မှန်သိရှိနိုင်အောင် သွားရောက်ကြည့်ရှုကြရမည်။ မပါလျှင် ဖြည့်ရမည်။ မှားလျှင် ပြင်ရမည်။ မပါသင့်သူပါလျှင် အသိပေးရမည်။ ကန့်ကွက်ရမည်။ ဤသည် မဲဆန္ဒရှင်ပြည်သူများ၏ အခွင့်အရေးနှင့်တာဝန်ဖြစ်သည်။

သို့သော် ပြည်သူများအနေဖြင့် အဆိုပါအချက်များကို ဆောင်ရွက်သူနည်းနေသေးသည်။ မိမိတို့တွင် အခက်အခဲများရှိမည်ဖြစ်သော်လည်း မဖြစ်မနေလုပ်ဆောင်ကြရမည်မှာ တိုင်းပြည်နှင့်လူမျိုးအရေးဖြစ်၍ဟု သိရှိနားလည်ကြရမည်ဖြစ်သည်။ ဤနေရာတွင် မီဒီယာများ၏အခန်းကဏ္ဍမှာ အရေးကြီးသလို ရွေးကောက်ပွဲကာလအတွက် ပါဝင်ဆောင်ရွက်ကြရမည့်သူများ၏ အခန်းကဏ္ဍကလည်း အရေးကြီးပေသည်။

နိုင်ငံ၏နိုင်ငံရေးအပြောင်းအလဲကြောင့် ပြည်သူလူထုအပေါ်တွင် များစွာအကျိုးသက်ရောက်မှုရှိသည်ကို သိမြင်နားလည်ထားရမည်။ မြန်မာနိုင်ငံတွင် ရွေးကောက်ပွဲနှင့်ပတ်သက်၍ အသိအမြင်များရှိခဲ့ကြပြီးဖြစ်သော်လည်း အတွေ့အကြုံများမှာမူ နည်းပါးနေသေးသည်။ ရွေးကောက်ပွဲမတိုင်မီတွင် ရွေးကောက်ပွဲဆိုင်ရာ သတင်းအချက်အလက်များမှာ အရေးကြီးပေသည်။ သတင်းအချက်အလက်များသိရှိအောင်၊ နားမလည်သေးသူများ နားလည်အောင် ဆောင်ရွက်ပေးရမည်မှာ သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် သတင်းမီဒီယာများသာဖြစ်သည်။

သို့ဖြစ်ရာ မြန်မာနိုင်ငံ၏ နိုင်ငံရေးအပြောင်းအလဲတစ်ခုဖြစ်သည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကြီးတွင် မဲပေးခွင့်ရှိသူ ပြည်သူများအားလုံး တက်ကြွစွာပါဝင်ဆန္ဒမဲပေးနိုင်ရေးအတွက် လူထုလှုပ်ရှားမှုအသွင်ဖြင့် ယနေ့ကာလမှစ၍ အသိပေးနှိုးဆော်ခြင်း၊ အသိအမြင်များပေးဝေခြင်း၊ နိုင်ငံ့အကျိုးပြုကိုယ်စားလှယ်လောင်းများကို လေ့လာခြင်းစသည်တို့ကို ဆောင်ရွက်ထားရမည်ဖြစ်သည်။ ။



## လူကုန်ကူးခံရသူများပြန်လည်လက်ခံရေး၊ ပြန်လည်ဝင်ဆံ့ပေါင်းစည်းရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းအဖွဲ့ အစည်းအဝေးကျင်းပ

**နေပြည်တော် ဇူလိုင် ၂၅**

လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေ ၂၀၀၅ ခုနှစ်၊ ပုဒ်မ(၁၀)တွင် လူကုန်ကူးခံရသူများအား ပြန်လည်လက်ခံရေး၊ ပြန်လည်ဝင်ဆံ့ပေါင်းစည်းရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းအဖွဲ့၏ လုပ်ငန်းတာဝန်များကို ပြဋ္ဌာန်းထားရှိပါကြောင်း၊ သက်ဆိုင်ရာ အစိုးရဌာနများ၊ အဖွဲ့အစည်းများ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများနှင့် ညှိနှိုင်းပူးပေါင်းဆောင်ရွက်ခြင်း၊ စီမံချက်များ ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်ခြင်းတို့ကို ဆောင်ရွက်လျက် ရှိပါကြောင်းဖြင့် လူကုန်ကူးခံရသူများပြန်လည်လက်ခံရေး၊ ပြန်လည်ဝင်ဆံ့ပေါင်းစည်းရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်စုစုလှိုင်က ဇူလိုင် ၂၄ ရက်က ကျင်းပသည့် အဆိုပါ လုပ်ငန်းအဖွဲ့အစည်းအဝေးတွင် ပြောကြားသည်။**(အပေါ်ပုံ)**

ဆက်လက်၍ ဒုတိယဝန်ကြီးက လူကုန်ကူးခံရသူများအား ပြန်လည်လက်ခံရေးနှင့် ပြန်လည်ဝင်ဆံ့ပေါင်းစည်းရေးလုပ်ငန်းများတွင် အိမ်နီးချင်းနိုင်ငံများ အထူးသဖြင့် ထိုင်းနိုင်ငံနှင့် နီးကပ်စွာ ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း၊ လူကုန်ကူးခံရသူများအား ပြန်လည်ပို့ဆောင်ရေး၊ မိဘရပ်ထံပြန်လည်အပ်နှံရေးဆိုင်ရာ အစည်းအဝေးများ ကျင်းပဆောင်ရွက်ခြင်း၊ မြန်မာ-ထိုင်း နှစ်နိုင်ငံ လူကုန်ကူးခံရသူများအား ပြန်လည်လက်ခံရေးဆိုင်ရာ စံလုပ်ငန်းဆောင်ရွက်မှုအစီအစဉ်များ ရေးဆွဲဖော်ထုတ်ခြင်း၊ ထိုင်းနိုင်ငံရှိ လူကုန်ကူးခံရသူများကို လက်ခံစောင့်ရှောက်ထားသည့် ဂေဟာများသို့ မြန်မာ Case Worker များ စေလွှတ်ခြင်းတို့ကို ဆောင်ရွက်လျက် ရှိပါကြောင်း။

နိုင်ငံတော်အဆင့်တွင်လည်း လုပ်ငန်းအဖွဲ့အနေဖြင့် လူကုန်ကူးခံရသူများအား ပြန်လည်လက်ခံရေး၊ မိဘရပ်ထံ ပြန်လည်အပ်နှံရေးနှင့် မိသားစုနှင့် ပြန်လည်ဝင်ဆံ့ပေါင်းစည်းရေးဆိုင်ရာ အမျိုးသားလုပ်ငန်း လမ်းညွှန်ရေးဆွဲဖော်ထုတ်ခြင်း၊ ယင်းလုပ်ငန်းလမ်းညွှန်အား ထိရောက်စွာ အသုံးပြုနိုင်ရေးအတွက် သင်တန်းများ ဖွင့်လှစ်ပို့ချပေးခြင်း၊ လူကုန်ကူးခံရသူများအတွက် သတင်းအချက်အလက်မျှဝေရာ စင်တာကို ဖွင့်လှစ်ခြင်းတို့ကို ဆောင်ရွက်လျက်ရှိပါကြောင်း၊ မိမိတို့လုပ်ငန်းအဖွဲ့အနေဖြင့် လူကုန်ကူးမှုတိုက်ဖျက်ရေးဆိုင်ရာ ငါးနှစ်စီမံကိန်း ၂၀၁၂-၂၀၁၆ ကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် နှစ်စဉ် ရာခိုင်နှုန်း ၉၀ အထက် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့ပြီး ၂၀၁၃ ခုနှစ်၌ ရာနှုန်းပြည့် အကောင် အထည်ဖော်ဆောင်ရွက်နိုင်ခဲ့ပါကြောင်း ပြောကြားသည်။

ယင်းနောက် တက်ရောက်လာကြသော ဌာနဆိုင်ရာများနှင့် မိတ်ဖက်အဖွဲ့အစည်းများက အသီးသီးဆွေးနွေးကြပြီး ဒုတိယဝန်ကြီးက ဆွေးနွေးမှုများအပေါ် ပြန်လည်ဆွေးနွေးသုံးသပ်ပြီး နိဂုံးချုပ်အမှာစကားပြောကြားသည်။ **(သတင်းစဉ်)**

သစ်ပင်စိုက်ပါ ဒို့ကမ္ဘာ သာယာလှပ စိမ်းမြမြ

## အထွေထွေရွေးကောက်ပွဲကို ၂၀၁၅ ခုနှစ် နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပမည်

မဲစာရင်းမှာအမည်ပါမှ မဲပေးနိုင်ကြောင်း
သတိချပ်စေလိုပါသည်။ မဲစာရင်းများယှဉ်းမှ
ရှိနေသော်လည်း မဲပေးခွင့်မဆုံးရှုံးနိုင်ပါ။ မဲပေးပိုင်ခွင့်ရှိသူ
အမှန်ဖြစ်ကြောင်း တာဝန်ခံပြောကြားသူရှိလျှင်
ပြင်ဆင်ရေးမှတ်၍ မဲပေးခွင့်ပြုရမည်ဟု
လွှတ်တော်ရွေးကောက်ပွဲနည်းဥပဒေများ ၅၀(ဂ)တွင်
အတိအလင်းပြဋ္ဌာန်းထားပါသည်။




ကြေးမုံ
နေ့စဉ်သတင်းစာ

**စာတည်းမှူးချုပ်** - ဦးခင်မောင်ကျော်ဒင်
**စာတည်းများ** - ဦးလှစိန်၊ ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်၊ ဦးစန်းအောင်
**သတင်းထောက်မှူး** - ဦးဌေးအောင်
**ဘာသာပြန်စာတည်းများ** - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ အေဝမ်းစိုး၊ အောင်ကျော်ကျော်
**အနုပညာစာတည်း** - ခင်ခင်သက်
**အားကစားစာတည်း** - မေလှဲ့သင်း
**ဆောင်းပါးစာတည်း** - စန္ဒာဝင်း
**အကြီးတန်းသတင်းထောက်များ** - ကျော်ဇေယျာမြင့်၊ ဟိန်းထက်လင်း၊ နိုင်လင်းကြည်၊ ဖြိုးစန္ဒာမြင့်
**အငယ်တန်းသတင်းထောက်များ** - သီသီမင်း၊ အောင်ကျော်ဦး၊ ခင်ဇာလီ၊ သန့်ဇင်ဝင်း၊ မေသကြၤန်၊ အေးအေးမြင့်၊ ခင်စုစုလှိုင်
**ဓာတ်ပုံသတင်းထောက်** - ခင်မောင်ဝင်း၊ ဇေယျာဝင်း(ဖိုးခွား)
**အထူးသတင်းထောက်** - စုနှင်းလှဲ့၊ သီရိ

## ပြည်တွင်းရေးရာ





နိုင်ငံတော်သမ္မတ ဦးသိန်းစိန်အား စီမံကိန်းရှင်းလင်းဆောင်၌ ညွှန်ကြားရေးမှူးချုပ် ဦးကျော်မြင့်လှိုင်က စီမံကိန်းဆိုင်ရာအချက်အလက်များကို ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

☆ **ရွှေဖုံးမှ**

ထို့နောက် နိုင်ငံတော်သမ္မတနှင့်အဖွဲ့သည် တမံရှင်းလင်းဆောင် ရှုရပ်သို့ရောက်ရှိပြီး ရေလှောင်တမံပုံစံငယ်နှင့် တည်ဆောက်ရေးလုပ်ငန်းများ အပြီးသတ်ဆောင်ရွက်နေမှုကို ကြည့်ရှုသည်။

ယင်းနောက် နိုင်ငံတော်သမ္မတအား စီမံကိန်းရှင်းလင်းဆောင်၌ ညွှန်ကြားရေးမှူးချုပ် ဦးကျော်မြင့်လှိုင်က အဓိကဆောင်ရွက်ရမည့်လုပ်ငန်းများဖြစ်သည့် အကြိုလုပ်ငန်း၊ ရေလွှဲဥမင်၊ ရေယူအဆောက်အအုံ၊ ရေအားလျှပ်စစ်စက်ရုံ၊ လျှပ်စစ်ဓာတ်အားထုတ်ယူရန်အတွက် ရေယူတူးမြောင်း၊ မြောင်းမတော်(၁) ဆောင်ရွက်ပြီးစီးမှုအခြေအနေများ၊ လျှပ်စစ်ဓာတ်အားထုတ်ယူနိုင်မှု၊ စိုက်ပျိုးရေပေးဝေနိုင်မည့်အခြေအနေနှင့် စီမံကိန်းဆိုင်ရာအချက်အလက်များကို ရှင်းလင်းတင်ပြသည်။

တင်ပြချက်များနှင့် စပ်လျဉ်း၍ နိုင်ငံတော်သမ္မတက စီမံကိန်းလုပ်ငန်းများနှင့်ပတ်သက်၍ ယခင်ကာလက မပြီးပြတ်ခဲ့သည့် စီမံကိန်းလုပ်ငန်းများကို မိမိတို့အစိုးရလက်ထက်တွင် အပြီးသတ်နိုင်ရန် ကြိုးပမ်းဆောင်ရွက်ပေးလျက်ရှိကြောင်း၊ မြို့ကြီးရေလှောင်တမံကို မိတ္ထီလာလွင်ပြင်စိမ်းလန်းစိုပြည်စေရေးနှင့် လျှပ်စစ်ဓာတ်အား ပိုမိုပေးဝေနိုင်ရေးအတွက် ရည်ရွယ်တည်ဆောက်ခြင်းဖြစ်ကြောင်း၊ ယခု မြို့ကြီးရေလှောင်တမံ၊ ရာဇဂြိုဟ်ရေလှောင်တမံနှင့် မြစ်သာရေလှောင်တမံ ဘက်စုံစီမံကိန်းများမှာ ပြီးစီးတော့မည်ဖြစ်ကြောင်း၊ စီမံကိန်းများ မြန်မြန်ပြီးစီးပါက ပြည်သူများအတွက် မြန်မြန်အကျိုးရှိမည်ဖြစ်ကြောင်း၊ သို့ဖြစ်၍ စီမံကိန်းများ အချိန်မီပြီးစီးရေးအတွက် ကြိုးပမ်းဆောင်ရွက်သွားရန် မှာကြားသည်။

ထို့နောက် နိုင်ငံတော်သမ္မတက မြို့ကြီးရေအားလျှပ်စစ်စက်ရုံနှင့် တာဘိုင်တပ်ဆင်ရေးလုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ YMEC ကုမ္ပဏီမှ ပညာရှင်များအား လက်ဆောင်သစ်သီးပန်းခြင်း ပေးအပ်သည်။

မြို့ကြီးရေလှောင်တမံ ဘက်စုံစီမံကိန်းသည် ရှမ်းပြည်နယ်(တောင်ပိုင်း) ရွာငံမြို့နယ် မြို့ကြီးကျေးရွာအနီးတွင်တည်ရှိပြီး ရေဆင်းဧရိယာ ၇၂၅ စတုရန်းမိုင်ရှိသည်။ ကန်ရေပြည့် ရေလှောင်ပမာဏ ဧကပေ ၃၅၉၅၅၀၊ ကန်ရေသေ ရေလှောင်ပမာဏ ဧကပေ ၅၉၇၇၀ သိုလှောင်နိုင်မည်ဖြစ်သည်။

တမံအမျိုးအစားမှာ မြေသားတမံ(ဇုန်အမျိုးအစား)ဖြစ်ပြီး တည်ဆောက်ဆဲ ကျိုင်းခမ်းရေလှောင်တမံနှင့် တည်ဆောက်ပြီး ဇော်ဂျီရေလှောင်တမံတို့မှ လျှပ်စစ်ဓာတ်အားအတွက် ထုတ်လွှတ်လိုက်သော ရေများနှင့် ရေလှောင်တမံ နှစ်ခုအကြား စီးဆင်းသော ရေများကို စုပေါင်းသိုလှောင်၍ ရေအားလျှပ်စစ် မဂ္ဂါဝပ် ၃၀ ထပ်မံထုတ်လွှတ်နိုင်ရန်၊ သိုလှောင်ပြီးရေများကို ထိန်းညှိထုတ်လွှတ်ပေး၍ ကျောက်ဆည်ခရိုင်အတွင်းရှိ ဇော်ဂျီဆည်ရေသောက် ဧရိယာဧက ၈၂၀၀၀ အား ရေပိုမိုပေးဝေနိုင်ရန်၊ မိတ္ထီလာလွင်ပြင်အတွင်းရှိ မြေဧရိယာဧက ၃၃၀၀၀ ကို စိုက်ပျိုးရေပေးဝေနိုင်ရန်နှင့် ဒေသတွင်းစိမ်းလန်းစိုပြည်စေရန် ရည်ရွယ်အကောင်ထည်ဖော်ဆောင်ရွက်ခြင်းဖြစ်ပြီး ၂၀၁၅-၂၀၁၆ ခုနှစ်အတွင်း စီမံကိန်းတစ်ခုလုံး ပြီးစီးမည်ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**



နိုင်ငံတော်သမ္မတ ဦးသိန်းစိန် မြို့ကြီးရေလှောင်တမံဘက်စုံစီမံကိန်း ပုံစံငယ်ကို ကြည့်ရှုစဉ်။ (သတင်းစဉ်)

✻ **ကချင်မှ**

ထို့ပြင် ပင်ဝယ်-မော်လူးကြား မိုင်တိုင်အမှတ်(၆၀၂/၆)မှ (၆၀၂/ ၇) အထိ ရထားသံလမ်းအနောက်ဘက်ခြမ်း အလျားပေ ၄၀၊ အကျယ်လေးပေခွဲ၊ အနက် ၂၅ ပေရှိ ရေတိုက်စားမှုဖြစ်ပေါ်လျက်ရှိသည်။

အဆိုပါ ရထားသံလမ်း ရေလွှမ်းမိုးနစ်မြုပ်သည့်နေရာများသို့ အငယ်တန်းအင်ဂျင်နီယာအဖွဲ့နှင့်အတူ လုပ်သားအယောက် ၂၀ တို့သည် ယနေ့မွန်းလွဲပိုင်းတွင် RGC-96 ရထားဖြင့် လိုက်လံစစ်ဆေးပြီး ပင်ဝယ်-မော်လူးရထားလမ်းပိုင်းရှိ ရေတိုက်စားသည့်နေရာတွင် ကျောက်နှင့် သဲစီခြင်းလုပ်ငန်းများကို ဆောင်ရွက်ရာ ယနေ့မွန်းလွဲ ၁ နာရီ ၃၅ မိနစ်တွင် လုပ်ငန်းများပြီးစီးခဲ့သည်။

ကံကြီး-ဇော်ချောင်းကြားရှိ ရေဖုံးလွှမ်းမှုကြောင့် ရထားလမ်းတံတားပျက်စီးမှုများအား မြန်မာ့မီးရထားတိုင်းအမှတ်(၂)မှ အင်ဂျင်နီယာအဖွဲ့နှင့် မြန်မာ့မီးရထား မလ္လကုန်းတံတားအဖွဲ့တို့ ပူးပေါင်းပြင်ဆင်ဆောင်ရွက်လျက်ရှိပြီး ၄င်းလမ်းပိုင်းရှိ ပျက်စီးသွားသော တံတားအမှတ်(၂၈၁)၊ (၂၈၂)နှင့် တာပေါင်တို့အား လိုအပ်သော ကျောက်ထည့်ခြင်း၊ ဇလီဖားထည့်ခြင်း၊ သံပေါင်များ သယ်ဆောင်တပ်ဆင်ခြင်းလုပ်ငန်းများအား ဆောင်ရွက်လျက်ရှိရာ လုပ်ငန်းများအားလုံး ဩဂုတ် ၃ ရက်တွင် ပြီးစီးမည်ဟု ခန့်မှန်းထားရှိသည်။

မော်လူး-နန့်စီးအောင် ရထားလမ်းပိုင်း မိုင်တိုင်အမှတ် (၆၁၇/၁၁)ရှိ ပျက်စီးသွားသော တံတားအမှတ်(၅၀၄)အား မြန်မာ့မီးရထားတိုင်းအမှတ်(၁)မှ အင်ဂျင်နီယာမှူး ဦးစီးသည့် လုပ်သား ၃၂ ဦးတို့ဖြင့် ဆောင်ရွက်လျက်ရှိရာ ဇူလိုင် ၂၆ ရက်တွင် ပြီးစီးမည်ဟု ခန့်မှန်းထားရှိသည်။

အဆိုပါ ဖြစ်စဉ်များကြောင့် မိုးညှင်း-ချပ်သင်း ရထားလမ်းပိုင်းများပိတ်ထားသော်လည်း မိုးညှင်း-မြစ်ကြီးနား-မိုးညှင်း အထူးရထားနှင့် မန္တလေး-ချပ်သင်း-မန္တလေး အထူးရထားအား ဆက်လက်ပြေးဆွဲပေးလျက်ရှိကြောင်းနှင့် ပျက်စီးသွားသော ရထားလမ်း၊ တံတားပြုပြင်နေမှုများ အမြန်ဆုံးပြီးစီးနိုင်ရေးအတွက် မြန်မာ့မီးရထားတာဝန်ရှိသူများက ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(သတင်းစဉ်)**

# ရေလှောင်တမံကြီးများနှင့် ရေလှောင်တမံများ ကျိုးပေါက်မှုမရှိ၊ ရေကင်းများချထားပြီးစောင့်ကြပ်ကြည့်ရှုလျက်ရှိ

**နေပြည်တော် ဇူလိုင် ၂၅**

မြန်မာနိုင်ငံတစ်ဝန်းတွင် ယခုရက်ပိုင်းအတွင်း မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ဆည်တာတမံများ ကျိုးပေါက်မှုမရှိစေရေး လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ တာဝန်ရှိသူများက ရေကင်းများချထားပြီး စောင့်ကြပ်ကြည့်ရှု ဆောင်ရွက်လျက်ရှိရာ တည်ဆောက်ပြီး ရေလှောင်တမံကြီး ၂၁ ခုတွင် သတ်မှတ်ရေလှောင်ပမာဏပြည့်မီသဖြင့် ဆည်တာတမံများ ကျိုးပေါက်မှုမရှိစေရေး ရေပိုလွှဲများမှ ရေထုတ်လွှတ်လျက်ရှိကြောင်းနှင့် တာတမံများ ကျိုးပေါက်မှုမရှိကြောင်း သိရသည်။

အဆိုပါ ရေလှောင်တမံကြီးများတွင် ကြီးအုံကြီးဝ ရေလှောင်တမံ၏ ရေလှောင်ပမာဏမှာ ဧကပေ ၃၅၅၆၂၀၊ ကညင်ရေလှောင်တမံ၏ ရေလှောင်ပမာဏမှာ ဧကပေ ၁၄၅၀၀၀၊ မန်းတမံရေလှောင်တမံ၏ ရေလှောင်ပမာဏမှာ ဧကပေ ၁၂၀၀၀၀၊ ရာဇဂြိုဟ်ရေလှောင်တမံ၏ ရေလှောင်ပမာဏမှာ ဧကပေ ၅၂၀၀၀၊ နန်ကသူ ရေလှောင်တမံ၏ ရေလှောင်ပမာဏမှာ ၄၀၄၈၇ ဧကပေ၊ ကင်းတပ်ရေလှောင်တမံ၏ ရေလှောင်ပမာဏမှာ ၃၈၂၉၅ ဧကပေ၊ ရေဘုတ်ရေလှောင်တမံ၏ ရေလှောင်ပမာဏမှာ ၂၈၄၇၄ ဧကပေ၊ သိန်ရင်ရေလှောင်တမံ၏ ရေလှောင်ပမာဏမှာ ဧကပေ ၂၅၂၆၀၊ ပြိုင်းချောင်းရေလှောင်တမံ၏ ရေလှောင်ပမာဏမှာ ၂၅၂၀၅ ဧကပေ၊ တောင်နဝင်း ရေထိန်းတမံ၏ ရေလှောင်ပမာဏမှာ ၂၁၁၉၆ ဧကပေ၊ မင်းမြင် ရေလှောင်တမံ၏ ရေလှောင်ပမာဏမှာ ဧကပေ ၁၉၀၁၀၊ လင်ပန်းရေလှောင်တမံ၏ ရေလှောင်ပမာဏမှာ ဧကပေ ၁၀၁၈၀၊ ပေကြီးရေလှောင်တမံ၏ ရေလှောင်ပမာဏမှာ ဧကပေ ၈၁၀၀၊ ဇာမဏီရေလှောင်တမံ၏ ရေလှောင်ပမာဏမှာ ၅၃၆၄ ဧကပေ၊ မင်းရဲရေလှောင်တမံ၏ ရေလှောင်ပမာဏမှာ ဧကပေ ၂၃၅၀၊ လိုင်ဗားရေလှောင်တမံ၏ ရေလှောင်ပမာဏမှာ ၁၉၅၄ ဧကပေ၊ ရှောက်ချောင်းရေလှောင်တမံ၏ ရေလှောင်ပမာဏမှာ ဧကပေ ၁၁၄၀ နှင့် ဘန့်ဘွေးကုန်း ရေလှောင်တမံ၏ ရေလှောင်ပမာဏမှာ ၁၇၃၅ ဧကပေ၊ စဉ့်ကူးချောင်းဝေါင်း ရေလှောင်တမံ၏ ရေလှောင်ပမာဏမှာ ၂၂၂၉ ဧကပေ၊ ပျဉ်ပုံကြီးဆည် ရေလှောင်တမံ၏ ရေလှောင်ပမာဏမှာ ဧကပေ ၁၁၁၃၀ နှင့် ဝါးပါးရေလှောင်တမံ၏ ရေလှောင်ပမာဏမှာ ဧကပေ ၄၁၅၀ တို့ဖြစ်ကြောင်း သိရသည်။

ထို့ပြင် ရေလှောင်တမံကြီးများနှင့် ရေလှောင်တမံ ၁၆ ခုတွင် သတ်မှတ်ရေလှောင်ပမာဏ ပြည့်မီခြင်းမရှိကြောင်းနှင့် အဆိုပါ ရေလှောင်တမံများမှာ သဖန်းဆိပ်ရေလှောင်တမံ၏ ရေလှောင်ပမာဏမှာ ဧကပေ ၂၈၈၀၀၀၀၊ ခပေါင်းရေလှောင်တမံ၏ ရေလှောင်ပမာဏမှာ ဧကပေ ၈၇၈၅၇၀၊ ကင်းတားရေလှောင်တမံ၏ ရေလှောင် ပမာဏမှာ ဧကပေ ၈၇၃၅၈၀၊ ဖြူးရေလှောင်တမံ၏ ရေလှောင်ပမာဏမှာ ဧကပေ ၆၃၂၅၃၀၊ ဆည်တော်ကြီးရေလှောင်တမံ၏ ရေလှောင်ပမာဏမှာ ဧကပေ ၃၆၃၀၀၀၊ ပေါင်းလောင်းရေလှောင်တမံ၏ ရေလှောင်ပမာဏမှာ ဧကပေ ၅၄၉၄၂၀၊ ဆင်သေရေလှောင်တမံ၏ ရေလှောင်ပမာဏမှာ ဧကပေ ၁၄၃၀၉၀၊ ချောင်းမငယ် ရေလှောင်တမံ၏ ရေလှောင်ပမာဏမှာ ဧကပေ ၉၁၇၇၀၊ ငလိုက်ရေလှောင်တမံ၏ ရေလှောင်ပမာဏမှာ ဧကပေ ၇၅၀၀၀၊ ရေဆင်းရေလှောင်တမံ၏ ရေလှောင်ပမာဏမှာ ဧကပေ ၇၃၀၀၀၊ မဒန်းရေလှောင်တမံ၏ ရေလှောင်ပမာဏမှာ ဧကပေ ၃၆၅၀၀၊ မြို့လှ(တပ်ကုန်း) ရေလှောင်တမံ၏ ရေလှောင်ပမာဏမှာ ဧကပေ ၁၄၆၀၀၊ သဲဖြူရေလှောင်တမံ၏ ရေလှောင်ပမာဏမှာ ၈၇၁၈ ဧကပေ၊ တောက်ပြုရေလှောင်တမံ၏ ရေလှောင်ပမာဏမှာ ၂၄၉၁ ဧကပေ၊ မုံချောင်းရေလှောင်တမံ၏ ရေလှောင်ပမာဏမှာ ၅၂၅ ဧကပေနှင့် ကင်းသာရေလှောင်တမံ၏ ရေလှောင်ပမာဏမှာ ၇၂ ဧကပေဖြစ်သည်။

မြန်မာနိုင်ငံတစ်ဝန်း မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေကြီးရေလျှံဖြစ်ပွားသည့် ဒေသများတွင် တာဝန်ရှိသူများက ကယ်ဆယ်ရေးလုပ်ငန်းများနှင့် ပြန်လည်ပြုပြင်တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(သတင်းစဉ်)**

# ဖခင်မွေးရပ်ကင်ညာနိုင်ငံသို့ အိုဘားမားအလည်အပတ်ရောက်ရှိ



**နာရိုဘီ(ကင်ညာ) ဇူလိုင် ၂၅**

အမေရိကန်သမ္မတ ဘာရက်အိုဘားမားသည် သူ့ဖခင်၏မွေးရပ်ဖြစ်သော ကင်ညာနိုင်ငံသို့ သမ္မတရာထူးဖြင့် ပထမဆုံးအကြိမ် အလည်အပတ်သွားရောက်ခဲ့ရာ ယင်း၏အဘွား၊ ညီမ၊ ဆွေမျိုးများနှင့်အတူတကွ ညစာသုံးဆောင်ခဲ့သည်။

ကင်ညာနိုင်ငံသို့ ဇူလိုင် ၂၅ ရက် မွန်းလွဲပိုင်းတွင် အဲဖို့စ်ဝမ်း လေယာဉ်ဖြင့် ရောက်ရှိခဲ့သည်။ ကင်ညာနိုင်ငံတွင် စီးပွားရေးစွန့်ဦးတီထွင် လုပ်ငန်းရှင်များ၏ အခန်းကဏ္ဍမြှင့်တက်မှုဆိုင်ရာ အစည်းအဝေးတစ်ရပ် ကျင်းပမည်ဖြစ်သည်။ ယင်းနောက် အီသီယိုပီးယားနိုင်ငံသို့ ခရီးဆက်မည်ဖြစ်ကြောင်း သိရသည်။

ကင်ညာနိုင်ငံသမ္မတ အူရူကင်ညာတာနှင့် အဆင့်မြင့်အရာရှိကြီးများက အိုဘားမားကို လာရောက်တွေ့ဆုံနှုတ်ဆက်ကြသည်။

ကင်ညာနိုင်ငံသို့ အိုဘားမားမရောက်ရှိမီအချိန်ကစပြီး မြို့ထဲလမ်းမများတွင် လုံခြုံရေးတင်းကျပ်စွာ ချထားသည်။ ကင်ညာနိုင်ငံသားများစွာက အိုဘားမားတည်းခိုမည့် ဟိုတယ်သို့သွားသည့် လမ်းတစ်ဖက်တစ်ချက်တွင် အိုဘားမားကို ကြိုဆိုနှုတ်ခွန်းဆက်ကြသည်။

ဟိုတယ်တွင် အိုဘားမား၏သေဆုံးသွားပြီဖြစ်သည့် ဖခင်ငယ်ရွယ်စဉ်က ကျွေးမွေးပြုစုခဲ့သည့် 'မာမာဆာရာ'အပါအဝင် ညီမ အူမာအိုဘားမား၊ အခြားဆွေမျိုးများနှင့်တွေ့ဆုံကာ ညစာအတူတကွ သုံးဆောင်ခဲ့သည်။

ကင်ညာနိုင်ငံသည် ဆိုမာလီအစ္စလာမ္မစ်အုပ်စု အယ်ရှာဘတ်တို့ကို တိုက်ခိုက်ချေမှုန်းရာတွင် အနောက်တိုင်းအုပ်စု၏ အရေးပါသော မဟာမိတ်နိုင်ငံဖြစ်သည်။ အိုဘားမားက ကင်ညာမြို့တော်တွင် လုံခြုံရေးပူးပေါင်းဆောင်ရွက်မှုဆိုင်ရာနှင့် ပတ်သက်ပြီး ဆွေးနွေးသွားမည်ဖြစ်သည်။

**ရိုက်တာ။**

# အီရတ်နိုင်ငံမြောက်ပိုင်းရှိ ကဒ်စစ်စခန်းများအား တူရကီစစ်လေယာဉ်များ တိုက်ခိုက်

**အန်ကာရာ ဇူလိုင် ၂၅**

အီရတ်နိုင်ငံမြောက်ပိုင်းရှိ ကာဒစ္စတန် အလုပ်သမားပါတီ(ပီကေကေ)၏ စစ်စခန်းများကို တူရကီလေတပ်မှ တိုက်လေယာဉ်များက ယမန်နေ့ညပိုင်းတွင် တိုက်ခိုက်ခဲ့ကြောင်းနှင့် ဆီးရီးယားနိုင်ငံ မြောက်ပိုင်းရှိ ပီကေကေတပ်ဖွဲ့များနှင့် အစ္စလာမ္မစ်နိုင်ငံထူထောင်ရေးအဖွဲ့မှ တိုက်ခိုက်ရေးသမားများအား တူရကီမြေပြင်တပ်ဖွဲ့များက တိုက်ခိုက်ခဲ့ကြောင်း တူရကီအစိုးရက ဇူလိုင် ၂၄ရက်တွင် ပြောကြားသည်။

ကဒ်အလုပ်သမား ပါတီပစ်မှတ်များကို တူရကီလေကြောင်းမှ တိုက်ခိုက်ခြင်းများသည် ရပ်တန့်နေသော ကဒ်ငြိမ်းချမ်းရေး လုပ်ငန်းစဉ်အား အဓိကကျသော ချိုးဖောက်မှုဖြစ်လာဖွယ်ရာရှိသည်။

ဆီးရီးယား နိုင်ငံအတွင်းရှိ အစ္စလာမ္မစ်နိုင်ငံ ထူထောင်ရေးအဖွဲ့ (အိုင်အက်စ်) ပစ်မှတ်များအား တူရကီက ဇူလိုင်၂၄ ရက်အစောပိုင်းတွင် ပထမဆုံးအကြိမ်အဖြစ် လေကြောင်းမှ ပစ်ခတ်ခဲ့သည်။

အီရတ်နိုင်ငံ မြောက်ပိုင်းရှိနေရာဒေသအချို့၌တည်ရှိသော ပီကေကေစခန်းများအား တူရကီလေတပ်ဂျက်တိုက်လေယာဉ်များက တိုက်ခိုက်ခဲ့ရာတွင် ဂိုဒေါင်များ၊ လူနေတန်းလျားများနှင့် သိုလှောင်ရုံအဆောက်အအုံများပါဝင်ကြောင်း တူရကီဝန်ကြီးချုပ်ရုံးက ပြောကြားသည်။

ကဒ်အလုပ်သမားပါတီ (ပီကေကေ) သည် ဥပဒေပြင်ပအဖွဲ့အစည်းတစ်ခုဖြစ်ပြီး တူရကီနှင့် အမေရိကန်ပြည်ထောင်စုတို့က အကြမ်းဖက်အဖွဲ့တစ်ခုအဖြစ် မှတ်ယူထားကြသည်။ ကဒ်အလုပ်သမား ပါတီ(ပီကေကေ) သည် မဟာကဒ်ကိုယ်ပိုင် အုပ်ချုပ်ခွင့်ဒေသရရှိရေးအတွက် တူရကီအစိုးရအား ဆယ်စုနှစ်သုံးစုကြာ ပုန်ကန်ထကြွနေခဲ့သည်။

**ရိုက်တာ။**

# ထိုင်းလူကုန်ကူးမှု ၁၀၄ ဦးကို စွဲချက်တင်

**ဗန်ကောက် ဇူလိုင် ၂၅**

ထိုင်းနိုင်ငံ၏ လူကုန်ကူးမှု အရှုပ်တော်ပုံကြီးတွင် စစ်ဘက်မှဗိုလ်ချုပ်ကြီးတစ်ဦးအပါအဝင် လူ ၁၀၄ ဦးကို အစိုးရရှေ့နေများက စွဲချက်တင်လိုက်ပြီဖြစ်ကြောင်း၊ အဆိုပါအရှုပ်တော်ပုံမှာ ယခုနှစ်စောစောပိုင်းတွင် နိုင်ငံတောင်ပိုင်း၌ လူသေအလောင်း ဒါဇင်ပေါင်းများစွာကို တွေ့ရှိပြီးနောက် လူသိရှင်ကြားပေါ်ထွက်လာခဲ့ခြင်းဖြစ်ကြောင်း ပြောရေးဆိုခွင့်ရှိသူတစ်ဦးက သောကြာနေ့တွင် ပြောခဲ့သည်ဟု ယနေ့သတင်းများတွင် ဖော်ပြသည်။

ထိုင်းနိုင်ငံသား ၉၁ ဦး၊ မြန်မာနိုင်ငံသား ကိုးဦး၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံသား လေးဦး စုစုပေါင်း ၁၀၄ ဦးကို လူကုန်ကူးမှုတွင် ပါဝင်ခဲ့ကြသည်ဟု စွဲချက်တင်ထားကြောင်း ရှေ့နေချုပ်ရုံးမှ ပြောရေးဆိုခွင့်ရှိသူ ဝမ်ချိုင်း ရူဂျာနာပေါင်က ပြောသည်။

စုံစမ်းစစ်ဆေးမှု ပြုလုပ်ရာတွင် ဤလူကုန်ကူးဂိုဏ်းသည် ကြီးမားသော အဖွဲ့အစည်းတစ်ရပ်အဖြစ် တွေ့ရှိရကြောင်း၊ ပြည်ပမှလူများကို နိုင်ငံအတွင်းသို့ စနစ်တကျခိုးသွင်းသည့် ကွန်ရက်ဖြစ်ကြောင်း ၎င်းကပြောသည်။

မေလအတွင်းက ထိုင်းနှင့်မလေးရှား နယ်စပ်အနီးရှိ လူမနေသော တောတွင်းစခန်းတစ်ခုတွင် မြန်မာနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံသားများဟု ယူဆရသော လူသေ ၃၆ လောင်းကို တွေ့ရှိရပြီးနောက် စုံစမ်းစစ်ဆေးမှု ပြုလုပ်ပြီး ဒုတိယဗိုလ်ချုပ်ကြီးမာနတ်ကွန်ပန်အပါအဝင် ထိုင်းအရာရှိ ၁၅ ဦးကို စွဲချက်တင်ခဲ့သည်။

အခြားသတင်း တစ်ပုဒ်တွင် သံသယရှိသူများကို ဖော်ပြထားရာ ဒေသဆိုင်ရာနိုင်ငံရေးသမားများ၊ အစိုးရအရာရှိများ၊ ရဲတပ်ဖွဲ့ဝင်များနှင့် ဒုတိယဗိုလ်ချုပ်ကြီး မာနတ်ကွန်ပန်တို့ ပါဝင်သည်ဟု ဆိုသည်။ **ရိုက်တာ။**



# ယူကရိန်းအမြဲတမ်းတပ်ဖွဲ့များကို အမေရိကန် စစ်သင်တန်းပေးမည်

**ဝါရှင်တန် ဇူလိုင် ၂၅**

အမေရိကန်တပ်ဖွဲ့များသည် ၎င်းတို့၏ တာဝန်ကို မြှင့်တင်သောအားဖြင့် ယူကရိန်းနိုင်ငံ၏ အမြဲတမ်းတပ်ဖွဲ့ဝင်များကို ယခုနှစ်နှောင်းပိုင်းတွင် စတင်လေ့ကျင့်ပေးမည်ဖြစ်ကြောင်း၊ ပြည်ထဲရေးဝန်ကြီးဌာန အမျိုးသားကာကွယ်ရေးတပ်များကို သင်တန်းပေးခြင်းအထိသာ ဆောင်ရွက်ရန် ယနေ့အထိ ကန့်သတ်ထားကြောင်း အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာနက ပြောကြောင်း ယနေ့ သတင်းများတွင် ဖော်ပြသည်။

ယခုလေ့ကျင့်ပေးမည့် အစီအစဉ်သည် ယူကရိန်းနိုင်ငံနှင့် ကာလရှည်ကာကွယ်ရေး ပူးပေါင်းဆောင်ရွက်ခြင်း၏ အစိတ်အပိုင်းတစ်ရပ်ဖြစ်ပြီး ယူကရိန်းအစိုးရ၏ ဖိတ်ခေါ်ချက်အရဖြစ်ကြောင်း၊ ဤတိုးချဲ့ အစီအစဉ်ကြောင့် ၂၀၁၄ ခုနှစ်မှစ၍ ယူကရိန်းနိုင်ငံသို့ လုံခြုံရေးအကူအညီပေးခြင်းမှာ စုစုပေါင်း ဒေါ်လာ ၂၄၄ သန်းကျော်သွားပြီဖြစ်ကြောင်း နိုင်ငံခြားရေးဝန်ကြီးဌာနမှ မတ်တိုနာက ပြောသည်။

ဥရောပ၌တပ်စွဲထားသည့် အမေရိကန်တပ်များ၏ အကြီးအကဲဒုတိယဗိုလ်ချုပ်ကြီး ဘင်ဟုဒ်ချ်က ယူကရိန်းနိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာနအောက်ရှိ တပ်ဖွဲ့များကို စစ်သင်တန်းပေးရန် အမေရိကန်အရာရှိများဆွေးနွေးလျက်ရှိသည်ဟု ယခုလစောစောပိုင်းကပြောခဲ့သည်။ **ရိုက်တာ။**




# ဂျပန်နိုင်ငံအနောက်တောင်ဘက်ပိုင်းတွင် တိုင်ဖုန်းမုန်တိုင်း "ဟာလိုလာ" တိုက်ခတ်

**တိုကျို ဇူလိုင် ၂၅**

ဂျပန်နိုင်ငံ အနောက်တောင်ဘက်ပိုင်းရှိ အိုကီနာဝါနှင့် အမာမီကျွန်းများတွင် တိုင်ဖုန်းမုန်တိုင်း 'ဟာလိုလာ' တိုက်ခတ်ခဲ့ရာ အိုကီနာဝါကျွန်းသို့ ပြေးဆွဲပျံသန်းနေသည့် လေကြောင်းလိုင်း ၁၀၀ ကျော် ရပ်နားခဲ့ရကြောင်း ဒေသန္တရသတင်းများအရသိရသည်။

တိုင်ဖုန်းမုန်တိုင်း'ဟာလိုလာ'သည် အမာမီအိုရှီမာကျွန်း၏ တောင်ဘက် ၈၀ ကီလိုမီတာခန့်မှ မြောက်ဘက်ပိုင်းသို့ တစ်နာရီ ကီလိုမီတာ ၂၀ နှုန်းဖြင့် ဦးတည်တိုက်ခတ်နေကြောင်း ဂျပန်နိုင်ငံ မိုးလေဝသနှင့်ဇလဗေဒ အေဂျင်စီက ဆိုသည်။ မုန်တိုင်း၏ အလယ်ဗဟိုတွင် တစ်နာရီလျှင် ၁၈၅ ကီလိုမီတာနှုန်းဖြင့် တိုက်ခတ်လျက်ရှိသည်။

အမာမီနှင့် အိုကီနာဝါကျွန်းများတွင် မုန်တိုင်းတိုက်ခတ်မှုကြောင့် မြေပြိုခြင်း၊ မိုးသည်းထန်စွာရွာသွန်းခြင်းနှင့် လှိုင်းကြီးခြင်းများ ဖြစ်ပေါ်နိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒ အေဂျင်စီက သတိပေးချက်ထုတ်ပြန်ထားသည်။

မုန်တိုင်း တိုက်ခတ်မှုကြောင့် မြို့တော်တိုကျိုနှင့် အိုကီနာဝါကျွန်းသို့ ပြေးဆွဲပျံသန်းနေသည့် ပြည်တွင်းလေကြောင်းလိုင်း ၁၀၀ ကျော်သည် ဇူလိုင်လ ၂၅ ရက်တွင် ပျံသန်းမှုခရီးစဉ်များကို ရပ်ဆိုင်းခဲ့ရသည်။

**အန်င်အိတ်ချ်ကေ။**

❖

# သတင်းစာစက္ကူစက်ရုံ(သာပေါင်း) တစ်နေ့တန်(၆၀) ထုတ်လုပ်နိုင်ရေး အကောင်အထည်ဖော်

**နေပြည်တော် ဇူလိုင် ၂၅**

စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့်သည် ဇူလိုင် ၂၄ ရက် နံနက် ၉ နာရီခွဲတွင် ဧရာဝတီတိုင်းဒေသကြီး သာပေါင်းမြို့နယ် လေ့ကြီးတက်ကျေးရွာအနီး အမှတ်(၃) အကြီးစား စက်မှုလုပ်ငန်းမှ တည်ဆောက်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် တစ်နေ့တန် ၆၀ ကျ သတင်းစာစက္ကူ စက်ရုံ(သာပေါင်း) စီမံကိန်းသို့ ရောက်ရှိရာ ရှေးဦးစွာ စက်ရုံအစည်းအဝေးခန်းမ၌ အထွေထွေမန်နေဂျာ ဦးဘိုးသင်းက စီမံကိန်းဆိုင်ရာ အဆောက်အအုံနှင့် စက်ပစ္စည်းများ ရာနှုန်းပြည့်နီးပါး အကောင် အထည်ဖော်ဆောင်ရွက်နေမှုအခြေအနေများနှင့် စီမံကိန်းမန်နေဂျာ ဦးတင်မောင်မြင့်က Paper Making Workshop စက်များ စမ်းသပ်မောင်းနှင်မှုနှင့် သင်တန်းပို့ချဆောင်ရွက်မှု အခြေအနေများကို တင်ပြကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက အမှာစကားပြောကြားပြီး Power Plant တွင် Main Control ခန်းမှ ဘွိုင်လာများ စမ်းသပ်လည်ပတ်မှု၊ ကုန်ကြမ်းသစ်ဝါးဖြတ်စက်၊ CTMP နှင့် Paper Making Workshop တွင် စက်ပစ္စည်းများ တပ်ဆင်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့သည်။

ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်ကြီး တည်ဆောက်အကောင်အထည်ဖော်သည်နှင့် အညီ စာနယ်ဇင်းလုပ်ငန်းများမှာလည်း တိုးတက်လာသည့် အလျောက် သတင်းစာ စက္ကူများမှာလည်း ပိုမိုလိုအပ်မည်ဖြစ်သည်။ လူဦးရေပိုမိုများပြားလာခြင်းနှင့် လူနေမှုအဆင့်အတန်း ပိုမိုမြင့်မားလာသည့်အတွက်လည်းကောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ် မြို့တော်များတွင်လည်း သက်ဆိုင်ရာ မြို့တော်သတင်းစာများ ထုတ်ဝေဖြန့်ချိလာသည့်အပြင် ထပ်မံတိုးချဲ့ထုတ်ဝေလာမည့် ဂျာနယ်၊ မဂ္ဂဇင်းများ၊ စာစောင်များတွင်လည်း တွင်ကျယ်စွာ အသုံးပြုနိုင်ရန်အတွက်လည်းကောင်း ရည်ရွယ်၍ စီမံကိန်းကိုတည်ဆောက် အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြစ်ပြီး ပို့လျှံသော သတင်းစာစက္ကူများကို နိုင်ငံခြားသို့ တင်ပို့၍ ရောင်းချခြင်းဖြင့် လက်ရှိတင်သွင်းနေသည့် သတင်းစာစက္ကူကို အစားထိုး နိုင်ရန်အတွက် ရည်ရွယ်၍ တစ်နေ့ တန် ၆၀ ကျ သတင်းစာစက္ကူစက်ရုံစီမံကိန်းကို တည်ဆောက် အကောင်အထည်ဖော်ရခြင်းဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**






# လျှော့လျှော်လုပ်ခဲ့သော်လည်း ဆွာချောင်းရေလှောင်တမံ ထိခိုက်မှုမရှိ

**ရေတာရှည် ဇူလိုင် ၂၅**

လွန်ခဲ့သောရက်ပိုင်းအတွင်းက ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့ အနောက်တောင်ဘက် ခြောက်မိုင်ခန့်အကွာ စမိုးသစ်တောကြိုးဝိုင်းကို ဇဟိုပြု၍ လုပ်ခတ်သွားသော လျှော်ကြောင့် ဆွာချောင်းရေလှောင်တမံ ရေပိုလွှဲအက်ကွဲကြောင်းများ ဖြစ်ပေါ်နေသည်ဟူသော သတင်းများ ကျေးလက်တောရွာများ၌ ပျံ့နှံ့လျက်ရှိရာ ဇူလိုင် ၂၅ ရက် နံနက်ပိုင်းက ဆွာချောင်းရေလှောင်တမံ ရေပိုလွှဲအား သွားရောက်ကြည့်ရှုခဲ့ရာ ပျံ့နှံ့နေသောသတင်းမှာ မှန်ကန်မှုမရှိကြောင်း တွေ့ရှိခဲ့ရသည်။

"ရေပိုလွှဲက ၃၃၇ ပေ ရောက်မှ ကျော်တာ အခု ပေ ၃၃၀ ပဲရှိသေးတယ် ထွက်ပေါ်နေတဲ့သတင်းတွေ မဟုတ်ပါဘူး ကျွန်တော်တို့တာဝန်ရှိသူတွေက မကြာမကြာစစ်ဆေးနေပါတယ်"ဟု ဆွာဆည်ထိန်းသိမ်းရေးတာဝန်ရှိသူတစ်ဦးက ပြောသည်။

ပင်မတမံနှင့် ရေပိုလွှဲတို့တွင် အကောင်းဆုံးအနေအထား၌ ရှိနေသော်လည်း ဆည်၏မြောက်ဘက်ပိုင်း ကျွန်းတောစုကျေးရွာတောင်ဘက်ရှိ တမံမှာ တရားမဝင်သစ်များ ဖြတ်ကျော်ဆွဲယူခြင်းကြောင့် ပျက်စီးနိမ့်ကျလျက်ရှိကြောင်း ဥယျာဉ်မှူးဖြစ်သူ ဒေသခံတစ်ဦးက ပြောပြသည်။

"သစ်တွေကို ဝါးဖောင်တွေနဲ့ကဲ့ပြီးသယ်လာတာ ခွဲပြီးသားတွေလည်း ပါတယ်။ တမံပေါ်ကနေ ကျွဲတွေ၊ လှည်းတွေနဲ့ဆွဲပြီး သယ်တဲ့အခါကျတော့ တမံက တော်တော်ကိုပျက်စီးနေပြီ" ဟု အထက်ပါဒေသခံကပင် ဆက်၍ပြောသည်။

**ကိုလွင်(ဆွာ)**

# ကျောင်းဆောင်သစ်ဖွင့်ပွဲကျင်းပ

**ဖျာပုံ ဇူလိုင် ၂၅**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့နယ် ကျုံတာ-ရှမ်းကွင်းကျေးရွာအုပ်စု ရှမ်းကွင်းကြီးကျေးရွာ အခြေခံပညာအလယ်တန်းကျောင်းခွဲ အာစီတစ်ထပ်ကျောင်းဆောင်သစ်ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် အဆိုပါကျောင်းဆောင်သစ်၌ ကျင်းပရာ ဧရာဝတီတိုင်းဒေသကြီး စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီး ဦးစန်းမောင်၊ ဖျာပုံမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုးနိုင်၊ မြန်မာနိုင်ငံဆိုင်ရာ ကမ္ဘောဒီးယား နိုင်ငံသံအမတ်ကြီး၊ ရွှေတောင်အုပ်စုဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ကမ္ပည်းကျောက်စာကို အမွှေးနံ့သာ ပက်ဖျန်းပေးကြသည်။

ထို့နောက် ဝန်ကြီးဦးစန်းမောင်နှင့် ရွှေတောင်အုပ်စုဥက္ကဋ္ဌတို့က ကျောင်းဆောင်သစ်နှင့် စပ်လျဉ်း၍ပြောကြားကြပြီး ခရိုင်ပညာရေးမှူးက ရွှေတောင်အုပ်စုမန်နေဂျင်း ဒါရိုက်တာအား ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်သည်။

ဆက်လက်၍ ရွှေတောင်အုပ်စု ဥက္ကဋ္ဌနှင့် စင်ကာပူနိုင်ငံ Sin Mian ကုမ္ပဏီတို့မှ ကျောင်းအတွက် သောက်ရေကန်ဆောက်လုပ်ရန် ငွေကျပ် ၂၅ သိန်းနှင့် ရွှေလင်ပန်း စက်မှုဇုန်ဥက္ကဋ္ဌက ဗလာစာအုပ်ဒါဇင် ၃၀၀ ပေးအပ်လှူဒါန်းကြရာ ကျောင်းအုပ်ဆရာကြီးနှင့် ရပ်မိရပ်ဖတို့က လက်ခံရယူကြသည်။

ယင်းနောက် ကမ္ဘောဒီးယားသံအမတ်ကြီး၊ ဦးနေအုပ် (စိန်ပေါလ်)၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်နှင့် ကျောင်းအုပ်ဆရာကြီးတို့က ကျေးဇူးတင်စကားပြောကြားကြသည်။

အဆိုပါ ကျောင်းဆောင်သစ်သည် ရွှေတောင်အုပ်စုမှလှူဒါန်းသော (၈၃) ကျောင်းမြောက် ကျောင်းဆောင်ဖြစ်သည်။

**(သတင်းစဉ်)**

**ဥတုရာသီ တောကိုမှီ၏**

## တောင်သူလယ်သမားများသို့ မိုးလေဝသအန္တရာယ်ဆိုင်ရာ သတိပေးနှိုးဆော်ချက်

၁။ ယခု ဇူလိုင်လ ပထမပတ်မှစ၍ စစ်ကိုင်းတိုင်းဒေသကြီးအပါအဝင် မြန်မာနိုင်ငံအထက်ပိုင်း အချို့ဒေသများတွင် မိုးသည်းထန်စွာ ရွာသွန်းခြင်း၊ အချို့ ဆည်တာတမံများတွင် ရေကြီးရေလျှံခြင်းများဖြစ်ပေါ်ပြီး တောင်သူလယ်သမားများ ပင်ပင်ပန်းပန်း စိုက်ပျိုးထားရှိသော လယ်မြေများ၊ ရေနစ်မြုပ်ခြင်း၊ ပျက်စီးခြင်းများ ဖြစ်ပေါ်ခံစားနေရသည်ကို အချိန်မီ ကြိုတင်ပြင်ဆင်ဆောင်ရွက်ရန် လိုအပ်လျက်ရှိပါသည်။

၂။ မြန်မာနိုင်ငံအထက်ပိုင်း အချို့ဒေသများတွင် မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ရေကြီးနစ်မြုပ်မှုများ ဖြစ်ပေါ်နေသကဲ့သို့ မြန်မာနိုင်ငံအောက်ပိုင်းဒေသများတွင်လည်း ဒေသအလိုက် ရေကြီးနစ်မြုပ်မှုများ ဖြစ်ပေါ်လာနိုင်ကြောင်းကို မျှော်မှန်းရပါ၍ ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရန် သတိပေးနှိုးဆော်အပ်ပါသည်။

၃။ သို့ဖြစ်ပါ၍ နိုင်ငံနှင့်အဝှမ်းရှိ တောင်သူလယ်သမားများရာသီဥတုကြောင့် ပျက်စီးဆုံးရှုံးမှုများ မရှိစေရန် ကြိုတင်ကာကွယ်ခြင်း၊ ရေကြီးနစ်မြုပ်နေသည့် စိုက်ခင်းများအား အချိန်မီ ပြန်လည်စိုက်ပျိုးနိုင်ရန် အရန်မျိုးများပျိုးထောင်ခြင်း၊ အချိန်မီပြန်လည်စိုက်ပျိုးခြင်းလုပ်ငန်းများကို ဆောင်ရွက်သွားနိုင်ရန် တိုင်းဒေသကြီး ပြည်နယ်များရှိ အဆင့်ဆင့်သော ဌာနဆိုင်ရာများနှင့် အဖွဲ့အစည်းများမှ ဝိုင်းဝန်းကူညီရိုင်းပင်း ဆောင်ရွက်ပေးကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

**လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**

## ဓာတ်ပုံသတင်း



ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ ရန်ကုန်ဘူတာကြီးမှ ပုဇွန်တောင်ဘူတာအထိ အုတ်တံတိုင်းများကာရံထားသည်။ သို့သော် ပုဇွန်တောင်ဘူတာအနီးရှိ မဲဇလီတောင်ကျောင်းနှင့် ပဲခူးကျောင်းဘေးတွင် အုတ်တံတိုင်းကာရံထားခြင်းမရှိသဖြင့် ရထားသံလမ်းဘက်သို့ မြေပြိုကျခြင်း၊ ဘုန်းကြီးကျောင်းများ၏ လုံခြုံရေးအတွက် စိုးရိမ်ရခြင်းတို့ကြောင့် ၎င်းဘုန်းကြီးကျောင်းတိုက်များရှိ ဆရာတော် သံဃာတော်များနှင့် ပြည်သူများက ကျန်ရှိနေသောနေရာကို အုတ်တံတိုင်းများကာရံပေးပါရန် ဆန္ဒရှိကြောင်း သိရသည်။

**(ကျော်စိုးမိုး-မင်္ဂလာတောင်ညွန့်)**

ပြည်တွင်းရေးရာ

# မိမိဒေသတွင် ပညာတတ်များတိုးပွားအောင် ရည်မှန်းချက်သန္နိဋ္ဌာန်စိတ်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်



**နေပြည်တော် ဇူလိုင် ၂၅**

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်သည် ယနေ့နံနက် ၁၀ နာရီတွင် မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ် တူးကုန်းကျေးရွာအခြေခံပညာမူလတန်းလွန်ကျောင်း အဆင့်တိုးမြှင့်ခြင်းအခမ်းအနားသို့ တက်ရောက်အားပေးသည်။

ရှေးဦးစွာ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်၊ တိုင်းဒေသကြီး လျှပ်စစ်နှင့်စက်မှုဝန်ကြီး ဦးကျော်မြင့်၊ ပြည်သူ့လွှတ်တော်ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များလေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်အဖွဲ့ဝင် ဦးကိုကိုနိုင်နှင့် ခရိုင်ပညာရေးမှူး ဦးစန်းဌေးမောင်တို့က ကျောင်းအဆင့်တိုးမြှင့်ခြင်းအထိမ်းအမှတ်အဖြစ် ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။**(ယာပုံ)**

ဆက်လက်၍ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ကျောင်းဆိုင်းဘုတ်အား စက်ခလုပ်နှိပ်ဖွင့်လှစ်ပေးသည်။

ယင်းနောက် ကျောင်းအဆင့်တိုးမြှင့်ခြင်းအခမ်းအနားကို တိုးချဲ့ကျောင်းဆောင်၌ကျင်းပရာ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်က ဒေသတစ်ခုကိုမြှင့်တင်ရာ၌ ကျန်းမာရေးနှင့်ပညာရေးသည် အရေးကြီးပါကြောင်း၊ ယခုကျောင်းကို ၁၉၈၁ ခုနှစ်က မူလတန်းအဆင့် ဖွင့်လှစ်ခဲ့ပြီး နှစ်ပေါင်း ၃၄ နှစ်အကြာ ယခုအစိုးရလက်ထက်တွင်မှ ပညာရေးဘတ်ဂျက်များတိုးမြှင့်ပေးခဲ့သည့်အတွက် မူလတန်းလွန်ကျောင်းအဖြစ် အဆင့်တိုးမြှင့်နိုင်ခဲ့ခြင်းဖြစ်ပါကြောင်း၊ ယခုကဲ့သို့ တိုးမြှင့်နိုင်ခြင်းသည် ရပ်ရွာမှပညာရေးကို အားပေးသည်ဆိုသည့် သက်သေခံချက်ကို တွေ့မြင်ရပါကြောင်း။

ပညာဆိုရာတွင် အမှန်တရားကိုအမှန်တိုင်းသိခြင်းသည် ပညာဖြစ်ပါကြောင်း၊ တစ်နည်းအားဖြင့် အမောဟဟု ဆိုနိုင်ပါကြောင်း၊ ထိုသို့ဆိုရခြင်းမှာ အမှန်ကိုမမြင်ဘဲ အမှားကိုသိခြင်းက မောဟ၊ အမှန်ကိုသိခြင်းက ပညာဖြစ်ပါကြောင်း၊ ပညာဖြင့်လောကီ၊ လောကုတ္တရာနှစ်ဖြာသော အကျိုးကျေးဇူးကို ရရှိစေမည်ဖြစ်ပါကြောင်း၊ ပညာရှိသူသည် ရောက်သည့်အရပ်တွင် သူများ၏ နောက်လိုက်မဟုတ်ဘဲ ခေါင်းဆောင်တစ်ဦးအဖြစ်ရှိနိုင်ပါကြောင်း၊ လောကုတ္တရာအနေဖြင့် ပြောပါကလည်း ပညာဉာဏ်ရှိမှသာ သံသရာတစ်ဖက်ကမ်းသို့ ကူးခတ်နိုင်မည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် ပညာသည် အရေးကြီးပါကြောင်း၊ ထို့အတွက် ပညာရေးဝန်ထမ်းများ၏ အခန်းကဏ္ဍသည် လွန်စွာအရေးကြီးပါကြောင်း၊ ကျောင်းသားများကို မိဘများက ဆရာများထံယုံကြည်စွာ အပ်နှံထားသည့်အတွက် တပည့်များကို မိမိရင်သွေးကဲ့သို့ စောင့်ရှောက်ပေးရန် လိုအပ်ပါကြောင်း။

ထို့ကြောင့် ဆရာများက တပည့်များပညာတတ်ဖြစ်အောင် ဂရုစိုက်ဆောင်ရွက်ပေးကြစေလိုပါကြောင်း၊ မိဘများကလည်း သားသမီးများအတန်းပညာဆုံးခန်းတိုင်အောင် သင်ကြားနိုင်ရေးအတွက် အမြဲမပြတ် ဖြည့်ဆည်းပံ့ပိုးပေးစေလိုပါကြောင်း၊ ရပ်ရွာအုပ်ချုပ်သူများနှင့် ရပ်မိရပ်ဖများကလည်း မိမိဒေသတွင် ပညာတတ်များတိုးပွားအောင် ရည်မှန်းချက်ကို သန္နိဋ္ဌာန်စိတ်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်သွားကြရန် တိုက်တွန်းပါကြောင်း ပြောကြားသည်။

ထို့နောက် ကျောင်းအဆင့်တိုးမြှင့်ခြင်းဆိုင်ရာ အထိမ်းအမှတ်အလံများကို အမျိုးသားလွှတ်တော်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများထံပေးအပ်ကြပြီး ကျောင်းအုပ်ဆရာကြီးက ကျောင်းသမိုင်းကို ရှင်းလင်းတင်ပြကာ ကျောင်းအကျိုးတော်ဆောင်တစ်ဦးက ကျေးဇူးတင်စကားပြောကြားသည်။

ယင်းနောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်က တက်ရောက်လာကြသူများကို ရင်းရင်းနှီးနှီးနှုတ်ဆက်ပြီး ကျောင်းအတွင်းလှည့်လည်ကြည့်ရှုသည်။ **(သတင်းစဉ်)**

# တတိယအကြိမ် မြို့နယ်လုံးဆိုင်ရာ ဗုဒ္ဓဘာသာယဉ်ကျေးမှု စာအောင်ဆုနှင်းပွဲအခမ်းအနားသို့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ တက်ရောက်ကြည်ညို




**နေပြည်တော် ဇူလိုင် ၂၅**

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်သည် ယနေ့ မွန်းလွဲ ၁ နာရီတွင် ရမည်းသင်းမြို့ သီလဝခန်းမ၌ တတိယအကြိမ် မြို့နယ်လုံးဆိုင်ရာ အမျိုးဘာသာ သာသနာစောင့်ရှောက်ရေးအဖွဲ့မှ ကြီးမှူးကျင်းပသည့် ဗုဒ္ဓဘာသာယဉ်ကျေးမှုစာအောင် ဆုနှင်းပွဲအခမ်းအနားသို့ တက်ရောက်ကြည်ညို၍ ဆုများပေးအပ်သည်။**(ဝဲပုံ)**

အခမ်းအနားတွင် ရမည်းသင်းမြို့နယ်လုံးဆိုင်ရာ အမျိုးဘာသာ သာသနာစောင့်ရှောက်ရေးအဖွဲ့ဥက္ကဋ္ဌဆရာတော်က ပထမအကြိမ်၊ ဒုတိယအကြိမ်နှင့် တတိယအကြိမ် ဗုဒ္ဓဘာသာယဉ်ကျေးမှုစာမေးပွဲများ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ဆောင်ရွက်ခဲ့သည့် လုပ်ငန်းစဉ်များနှင့် အလှူရှင်များကို ကျေးဇူးတင်ကြောင်း ရှင်းလင်းမိန့်ကြားသည်။

ဆက်လက်၍ ရမည်းသင်းမြို့နယ်လုံးဆိုင်ရာ အမျိုးဘာသာ သာသနာစောင့်ရှောက်ရေးအဖွဲ့အတွင်းရေးမှူး ဆရာတော်က ရှေ့ဆက်လက် ဆောင်ရွက်သွားမည့်လုပ်ငန်းစဉ်များကို မိန့်ကြားသည်။

ထို့နောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်က ဗုဒ္ဓဘာသာယဉ်ကျေးမှုစာမေးပွဲ အလယ်တန်းအဆင့်၌ ထူးချွန်စွာအောင်မြင်ကြသူများကို ဆုများပေးအပ်ပြီး တာဝန်ရှိသူများက စာမေးပွဲများတွင် ထူးချွန်စွာအောင်မြင်သူများကို ဆုများပေးအပ်ကြသည်။

ရမည်းသင်းမြို့နယ်လုံးဆိုင်ရာ အမျိုးဘာသာ သာသနာစောင့်ရှောက်ရေးအဖွဲ့မှ နှစ်စဉ်ကြီးမှူးကျင်းပသည့် ဗုဒ္ဓဘာသာယဉ်ကျေးမှု စာမေးပွဲများတွင် ပထမအကြိမ် ကျင်းပစဉ် ၂၀၂၇ ဦး ဝင်ရောက်ဖြေဆိုခဲ့ရာ ၉၄၉ ဦး အောင်မြင်ခဲ့ပြီး ဒုတိယအကြိမ်ကျင်းပစဉ် ၃၄၉၀ ဝင်ရောက်ဖြေဆိုခဲ့ရာ ၁၉၁၁ ဦး အောင်မြင်ခဲ့သည်။ ယခုတတိယအကြိမ်တွင် အလယ်တန်းအဆင့်၌ ၃၃၄၅ ဦး ဝင်ရောက်ဖြေဆိုခဲ့ရာ ၂၁၁၄ ဦး အောင်မြင်၍ မူလတန်းအဆင့်တွင် ၁၃၅၄ ဦး ဝင်ရောက်ဖြေဆိုခဲ့ရာ ၉၆၈ ဦး အောင်မြင်ခဲ့သဖြင့် စုစုပေါင်း ၄၆၉၉ ဦး ဝင်ရောက်ဖြေဆိုရာတွင် ၃၀၈၂ ဦးအောင်မြင်ခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**

# ရေဘေးအန္တရာယ်ကြိုတင်ကာကွယ်နိုင်ရေး အသင့်စီမံဆောင်ရွက်

**နေပြည်တော် ဇူလိုင် ၂၅**

ယခုနှစ် မိုးဦးရာသီမှစတင်၍ မိုးအဆက်မပြတ်ရွာသွန်းခြင်း၊ မိုးသည်းထန်စွာ ရွာသွန်းခြင်းများကြောင့် မြန်မာနိုင်ငံအနှံ့အပြားတွင် ရေကြီးရေလျှံမှုများဖြစ်ပေါ်ခဲ့သည်။ အထူးသဖြင့် ရခိုင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် ကချင်ပြည်နယ်တို့တွင် မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် မြစ်ချောင်းများ၊ ဆည်တမံများမှ ရေကြီးရေလျှံမှုများဖြစ်ပေါ်၍ ရေဘေးလွတ်ကင်းသည့် နေရာများသို့ ကျေးရွာများ ရွှေ့ပြောင်းရခြင်း၊ ဆည်တမံများ ကျိုးပေါက်မှုမရှိစေရန် ကာကွယ်ရခြင်း၊ ဆက်သွယ်ရေးလမ်းကြောင်းများ၊ လမ်းတံတားများ၊ ပိတ်ဆို့ပျက်စီးမှုများကို ရှင်းလင်းပြုပြင်ခြင်းလုပ်ငန်းများ၊ ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ များစွာဆောင်ရွက်ခဲ့ရသည်။

သို့ဖြစ်၍ ပဲခူးတိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် ရေဘေးအန္တရာယ်ကျရောက်လာပါက ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ၊ ကယ်ဆယ်ရေးလုပ်ငန်းများ၊ အချိန်မီဆောင်ရွက်နိုင်ရန်အတွက် တပ်မတော်သားများ၊ မော်တော်ယာဉ်များ၊ စက်လှေများနှင့် ကယ်ဆယ်ရေးပစ္စည်းများ အသင့်စုဖွဲ့ထားရှိနိုင်ရေး စီမံဆောင်ရွက်လျက်ရှိသည်။

တပ်မတော်အနေဖြင့် ရေဘေးကယ်ဆယ်ရေးလုပ်ငန်းများတွင် အသုံးပြုရန် မော်တော်ယာဉ် ၂၅ စင်း၊ အသက်ကယ်လှေ အစင်း ၄၀ နှင့် အသက်ကယ်အင်္ကျီ အထည် ၂၀၀ တို့ကို ရန်ကုန်တိုင်းဒေသကြီး အင်းတကော်တပ်နယ်တွင် စုစည်း၍ ယနေ့နံနက်ပိုင်းမှစပြီး တောင်ပိုင်းတိုင်းစစ်ဌာနချုပ်နယ်မြေအတွင်းရှိ ပဲခူးမြို့၊ ညောင်လေးပင်မြို့နှင့် ရွှေကျင်မြို့များသို့လည်းကောင်း၊ အနောက်တောင်တိုင်းစစ်ဌာနချုပ် နယ်မြေအတွင်းရှိ ဟင်္သာတမြို့နှင့် အင်္ဂပူမြို့နယ် ကွင်းကောက်သို့လည်းကောင်း အသီးသီးပို့ဆောင်ကာ ရေဘေးကြိုတင်ကာကွယ်မှုလုပ်ငန်းများ ဆောင်ရွက်နိုင်ရေး အသင့်စီမံဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **(မြဝတီ)**



ရန်ကုန်မြောက်ပိုင်းခရိုင် လှိုင်သာယာမြို့နယ် အမှတ်(၈)ရပ်ကွက် အခြေခံပညာအလယ်တန်းကျောင်း အမှတ်(၁၇)ကျောင်းရှေ့မျက်နှာစာ၌ ယာဉ်နှင့်လူသွားလမ်းပေါ်တွင် ကျောင်းဆင်း ကျောင်းတက်ချိန်မရှောင် ပျံ့ကျဈေးသည်များ စည်းကမ်းမဲ့စွာကျူးကျော်ရောင်းချနေမှုကြောင့် ခရီးသွားပြည်သူများနှင့် ကျောင်းသား ကျောင်းသူများ လမ်းပိတ်ဆို့မှုများ ကြုံတွေ့နေရစဉ်။ မင်းထက်ပိုင်(လှိုင်သာယာ)

သစ်တောနဲ့သစ်ပင် ချစ်ခင်တဲ့လူမျိုး သစ်ပင်ကိုနှစ်စဉ်စိုက် ရွှေတိုက်ကိုစိုး

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံးမိသားစု ဝါဆိုသင်္ကန်းဆက်ကပ်

**နေပြည်တော် ဇူလိုင် ၂၅**

၂၀၁၅ ခုနှစ် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း၊ ရေ၊ လေ)မိသားစုများ၏ ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားကို ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) အနော်ရထာခန်းမ၌ ယနေ့နံနက် ၉ နာရီခွဲတွင် ကျင်းပရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့ တက်ရောက်ကြည်ညို၍ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

အဆိုပါအခမ်းအနားသို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ မန္တလေးမြို့ ဗန်းမော်ကျောင်းတိုက်ဆရာတော် အဘိဇမဟာရဋ္ဌဂုရု အဘိဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဒေါက်တာ ဘဒ္ဒန္တကုမာရာဘိဝံသ အမှူးပြုသော နိုင်ငံတော်သံဃမဟာနာယက ဆရာတော်ကြီးများ၊ တိပိဋကဓရ တိပိဋကကောဝိဒဆရာတော်များ၊ ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး၏ ဩဝါဒါစရိယဆရာတော်များနှင့် ပင့်ဖိတ်ထားသည့် ဒေသခံဆရာတော်ကြီးများ အပါအဝင် သံဃာတော် ၆၃ ပါး ကြွရောက်တော်မူကြသည်။

အခမ်းအနားမစတင်မီ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် အနော်ရထာခန်းမရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်အား မြသပိတ်ဆွမ်းတော်နှင့် သောက်တော်ရေချမ်းများ ကပ်လှူပြီး ဖူးမြော်ကြည်ညိုသည်။

ထို့နောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဗန်းမော်ဆရာတော်ကြီးထံမှ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ဇနီး အမှူးပြုသော ဧည့်ပရိသတ်များက ကိုးပါးသီလခံယူဆောက်တည်ကြသည်။

ဆက်လက်၍ ဆရာတော်ကြီးများရွတ်ပွားချီးမြှင့်တော်မူသည့် မေတ္တသုတ်ပရိတ်တရားတော်များကို နာယူကြသည်။

ထို့နောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဗန်းမော်ဆရာတော်ကြီးထံသို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်ဇနီးတို့က ဝါဆိုသင်္ကန်းနှင့်လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ မုံရွာမြို့ ဓမ္မပါရဂူပါဠိတက္ကသိုလ်ကျောင်းတိုက် ပဓာနနာယက အဘိဇမဟာရဋ္ဌဂုရု အဂ္ဂမဟာပဏ္ဍိတဘဒ္ဒန္တအရိယာလင်္ကာရ ဆရာတော်ကြီးထံသို့ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်ဇနီးတို့က ဝါဆိုသင်္ကန်းနှင့်လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ဎင်းနောက် ဆရာတော်ကြီးများထံသို့ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ဝေလွင်နှင့်ဇနီး၊ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး သက်နိုင်ဝင်းနှင့်ဇနီး၊ ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ)ဗိုလ်ချုပ်ကြီး လှဋ္ဌေးဝင်းနှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ)ဗိုလ်ချုပ်ကြီး သူရသက်ဆွေနှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီး ခင်အောင်မြင့်နှင့် ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော် အရာရှိကြီးများနှင့် တိုင်းမှူးတို့က ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများကို အသီးသီးဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဓမ္မပါရဂူပါဠိတက္ကသိုလ်ကျောင်းတိုက် ပဓာန နာယက ဆရာတော်ကြီးထံမှ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်ဇနီး အမှူးပြုသောပရိသတ်များက အနုမောဒနာတရား နာကြားကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ဇနီးနှင့် အခမ်းအနားတက်ရောက်လာကြသူများက ဆရာတော်ကြီးများအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။ **(မြဝတီ)**





# “ လာမယ့် ဩဂုတ်လမှာ NCA လက်မှတ်ထိုးနိုင်ဖို့ ကျွန်တော် မျှော်လင့်ထားပါတယ်။ ဩဂုတ်လမှာ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးစာချုပ် အချောသပ်နိုင်မှာပါ ”

## ဒေါက်တာဆလိုင်းလျန်မှုန်းဆာခေါင်းနှင့် တွေ့ဆုံခြင်း

အင်တာဗျူး - ရဲခေါင်ညွန့်၊ မြတ်သန္တာမောင် ❖ ဓာတ်ပုံ - ဖိုးထောင်

**တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးစာချုပ် (NCA) သဘောတူညီချက်မူကြမ်းရရှိရန် ဆောင်ရွက်ရာတွင် အဓိကအခန်းကဏ္ဍတွင်ပါဝင်ခဲ့သည့် တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေးဆိုင်ရာညှိနှိုင်းရေးအဖွဲ့(NCCT)နှင့် ယခုလက်ရှိ NCA စာချုပ်အချောသပ်ရာတွင်ပါဝင်နေသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ၏ အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့(SD) တို့၏ အဖွဲ့ဝင်အဖြစ် တာဝန်ယူဆောင်ရွက်လျက်ရှိသည့် ဒေါက်တာဆလိုင်းလျန်မှုန်းဆာခေါင်းအားတွေ့ဆုံ မေးမြန်းခဲ့သည်။**

**ဒေါက်တာ**
**ဆလိုင်းလျန်မှုန်းဆာခေါင်း**
**ချင်းအမျိုးသားတပ်ဦး(CNF)**
**အဓိပတိကောင်စီဝင်၊**
**တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေး**
**ဆိုင်ရာညှိနှိုင်းရေးအဖွဲ့**
**(NCCT) အဖွဲ့ဝင်၊ တိုင်းရင်းသား**
**လက်နက်ကိုင်အဖွဲ့များ၏**
**အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့**
**(SD) အဖွဲ့ဝင်၊**

**မေး။ အခု (၈)ကြိမ်မြောက် NCA အတွက် ဆွေးနွေးတဲ့အထဲ လက်မှတ်ရေးထိုးရာမှာ နိုင်ငံတကာနဲ့ ပြည်တွင်းအသိသက်သေများပါဝင်ဖို့ ဆိုတဲ့အချက် ဆွေးနွေးတာ ဘယ်အခြေအနေထိရှိလဲ။**

ဖြေ။ ကျွန်တော်တို့ ခုနောက်ဆုံး တင်ပြထားတာကို UPWC က ယူသွားပြီး ပြန်တင်ပြမယ်လို့ ပြောပါတယ်။ ကျွန်တော်တို့ ဟိုအရင်တုန်းက တင်ပြထားတဲ့ သဘောတူပြီးသား သုံးခုရှိတယ်။ UN၊ အာဆီယံနဲ့ တရုတ်ကို သဘောတူပြီးသား။ အဲဒီအပေါ်မှာ အခု ကျွန်တော်တို့ အီးယူကို ထပ်တင်တယ်။ တစ်နိုင်ငံချင်းအနေနဲ့ အရင်ကတင်ပြပြီးသားဖြစ်တဲ့ U.S၊ U.K၊ ဂျပန်၊ နော်ဝေ အဲဒီနိုင်ငံတွေကို ဆက်ပြီးတော့ ကျွန်တော်တို့ တင်ပြထားပါတယ်။ ပြည်တွင်း အသိသက်သေနဲ့ ပတ်သက်လို့ ကျွန်တော်တို့အနေနဲ့ ဒေါ်အောင်ဆန်းစုကြည်နဲ့ ဦးခွန်ထွန်းဦးတို့ကို ဖော်ပြထားတယ်။ နောက် တပ်ပေါင်းစုဖွဲ့မယ်ဆိုရင် အရေးကြီးတဲ့အဖွဲ့တွေ တပ်ပေါင်းစုထဲမှာ ပါနိုင်ဖို့ဆိုပြီး ကျွန်တော်တို့ တင်ပြတာရှိတယ်။ ဦးအောင်မင်းက ဒါကိုယူသွားပြီးတော့ သမ္မတကြီးနဲ့ ညှိပေးပါမယ်လို့ ပြောပါတယ်။

**မေး။ အားလုံးပါဝင်တဲ့ တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေးသဘောတူစာချုပ်ရေးထိုးဖို့ဆိုတဲ့ အချက်ကရော ဘယ်အခြေအနေထိဆွေးနွေးနိုင်ခဲ့သလဲ။ UPWC အနေနဲ့ရော ဘယ်လိုရှိလဲဆရာ။**

ဖြေ။ ကျွန်တော်တို့အနေနဲ့ NCA စာချုပ်လက်မှတ်ရေးထိုးတဲ့ နေရာမှာ အားလုံးပါဝင်ဖို့ဆိုတာကို တောင်းဆိုထားတာပေါ့။ အားလုံးပါဝင်မယ်လို့လည်း မျှော်လင့်ထားပါတယ်။ ‘ဝ’တပ်ဖွဲ့ကတော့ လွန်ခဲ့တဲ့နှစ် ဧပြီလကတည်းက ပြောထားတာရှိပါတယ်။ NCA တော့လက်မှတ်မထိုးဘူး။ နိုင်ငံရေးဆွေးနွေးပွဲတွေမှာပါမယ်လို့ ပြောထားတာရှိတယ်။ NCA မှာ ပါဝင်ပြီး လက်မှတ်ထိုးခြင်း၊ မထိုးခြင်းဟာ တိုင်းရင်းသားလက်နက်ကိုင်တွေ တစ်ဖွဲ့ချင်းစီအပေါ်မှာလည်း မူတည်ပါတယ်။ ကျွန်တော်တို့ကတော့ ကြိုးစားမှာပါ။

လက်ရှိတိုက်ပွဲဖြစ်နေတဲ့ AA တို့၊ ပလောင်တို့၊ ကိုးကန့်တို့ကိုစ္စကို သူတို့(UPWC)အနေနဲ့ ချက်ချင်းမပါဝင်စေချင်သေးတဲ့ သဘောပြောထားပါတယ်။ ကျွန်တော်တို့အနေနဲ့ကလည်း တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်ချုပ်တယ်ဆိုတာ ဒီလိုတိုက်ခိုက်မှုတွေရှိနေလို့၊ တိုက်ခိုက်မှုတွေကိုရပ်စဲဖို့အတွက် လုပ်တာဖြစ်ပါတယ်။ တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု သဘောတူစာချုပ် (NCA) ချုပ်ဆိုပြီးလို့ရှိရင် တိုက်ပွဲဖြစ်နေတဲ့လူတွေကို ချန်ထားတယ်ဆိုတာ အဓိပ္ပာယ်မရှိဘူးလို့ ကျွန်တော်ထင်ပါတယ်။ အင်အားနည်းပါးတဲ့ တိုင်းရင်းသားအဖွဲ့တွေကို ချန်ထားမယ်ဆိုရင် အင်အားနည်းပါးလို့ ချန်ထားခဲ့မယ်ဆိုရင် နောက်နောင်မှာ အင်အားနည်းပါးလို့ ချန်ထားခံရတယ်။ တိုက်ပွဲအရှိန်မြှင့်မယ်။ အင်အားကြီးအောင် လုပ်မယ်ဆိုတာမျိုး ဖြစ်လာမယ်ဆိုရင် စစ်ဝါဒကို အားပေးသလို ဖြစ်လာမယ်။ ဒါကြောင့် အင်အားနည်းပါးလို့လည်း မချန်ထားသင့်ဘူး။ တိုက်ပွဲဖြစ်နေလို့လည်း မချန်ထားသင့်ဘူး။ အစိုးရက တင်ပြတဲ့ ၁၆ ဖွဲ့ထဲမှာ ကျွန်တော်တို့ NCCT အဖွဲ့ဝင်တချို့မပါဘူး။ မပါတဲ့ဟာကို ပါဖို့အတွက် ကျွန်တော်တို့ ဆက်ပြီးတော့ တင်ပြထားပါတယ်။ သူတို့ စဉ်းစားမယ်လို့ ပြောပါတယ်။

**မေး။ အခုဆရာတို့ NCA စာချုပ်နဲ့ ပတ်သက်ပြီး တရားဝင် တွေ့ဆုံဆွေးနွေးတာ (၈)ကြိမ်မြောက်ပေါ့ အဲဒီအပေါ်မှာကော ရလဒ်ဘယ်လောက်အထိရှိလာလဲ။**

ဖြေ။ အခုဆွေးနွေးပွဲဟာ အင်မတန်မှ ရလဒ်ကောင်းတယ်လို့ ကျွန်တော်ထင်တယ်။ ကျွန်တော်ထင်ခဲ့တာထက်ကို အများကြီးကောင်းပါတယ်။ ခါတိုင်းဆွေးနွေးပွဲတွေတုန်းက ကျွန်တော်က သိပ်ပြီး အကောင်းမြင်တတ်သူပါ။ ဒါပေမယ့် အခု အစည်းအဝေးအစတော့ ကျွန်တော် သိပ်မမျှော်လင့်ဘူး။ အခု အစည်းအဝေးပြီးတော့ ကျွန်တော် မျှော်လင့်တာထက် အများကြီးကောင်းနေပါတယ်။

**မေး။ ရှေ့လာမယ့် ဩဂုတ်လ ပထမပတ်မှာလည်း NCA အတွက် ဆွေးနွေးပွဲ ထပ်လုပ်မယ်ပေါ့။ အဲဒီအပေါ်မှာ ဆရာမျှော်လင့်ထားတာက။**

ဖြေ။ လာမယ့် ဩဂုတ်လမှာ NCA လက်မှတ်ထိုးနိုင်ဖို့ ကျွန်တော် မျှော်လင့်ထားပါတယ်။ ဩဂုတ်လမှာ ပြီးမှာပါ။ အခုဆွေးနွေးပွဲမှာ ထိပ်သီးတွေရဲ့ အတည်ပြုချက်ကိုယူဖို့ ကျွန်တော်တို့ တိုင်းရင်းသားတွေဘက်က ပြန်ယူသွားတဲ့ အချက်သုံးချက်ရှိတယ်။ အဲဒါကို ကျွန်တော်တို့အနေနဲ့ ဩဂုတ်လ ပထမပတ်မှာ ဒီကိုပြန်လာပြီး အတည်ပြုမယ်။ အားလုံးပါဝင်ရေးမူနဲ့ စာချုပ်မှာ လက်မှတ်ထိုးမယ့်သူတွေကို ဆွေးနွေးမယ်။ ဩဂုတ်လ ဆွေးနွေးပွဲကတော့ ဘာမှ ကျန်စရာအကြောင်းမရှိတော့ဘူး။ ဘယ်မှာ လက်မှတ်ထိုးမလဲ။ ဘယ်လိုထိုးမလဲဆိုတာလောက်ပဲ ဆွေးနွေးရတော့မယ်လို့ မျှော်လင့်တယ်။

ရွေးကောက်ပွဲမတိုင်ခင်မှာ NCA ကို အမြန်ဆုံး လက်မှတ်ထိုးနိုင်ဖို့အတွက် သူတို့ဘက်ကလည်း ကြိုးစားတယ်။ ကျွန်တော်တို့ဘက်ကလည်း ကြိုးစားတယ်။ ဒါမှ ကျွန်တော်တို့ တကယ်ခိုင်မာတဲ့ ငြိမ်းချမ်းရေးကို တည်ဆောက်နိုင်မှာ ဖြစ်ပါတယ်။

**(ကျေးဇူးပါပဲဆရာ)**

အခန်း (၇) ခန်းပါဝင်သည့် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးစာချုပ် (Nationwide Ceasefire Agreement-NCA) သဘောတူညီချက်မူကြမ်း အတွက် ပြည်ထောင်စု ငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီ (Union Peacemaking Working Committee-UPWC) နှင့် တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေးညှိနှိုင်းရေးအဖွဲ့ (Nationwide Ceasefire Coordination Team-NCCT) တို့သည် ၂၀၁၅ ခုနှစ် မတ် ၃၁ ရက်တွင် လက်မှတ်ရေးထိုးနိုင်ခဲ့သည်။ ၂၀၁၅ ခုနှစ် ဇွန်လတွင် လော်ခီးလာ၌ တိုင်းရင်းသားလက်နက်ကိုင်ခေါင်းဆောင်များ၏ ထိပ်သီးညီလာခံကို ကျင်းပခဲ့ပြီး ကိုယ်စားလှယ်၁၅ ဦးပါဝင်သည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ၏ အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ (SD) အဖွဲ့ကို ဖွဲ့စည်းခဲ့သည်။

တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ၏ အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ SD အဖွဲ့သည် ယခုလက်ရှိတွင် NCA စာချုပ်အား အချောသပ်လက်မှတ်ရေးထိုးနိုင်ရေးအတွက် ၂၀၁၅ ခုနှစ် ဇူလိုင် ၂၂ ရက်နေ့မှ ၂၄ ရက်နေ့အထိ ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီ (UPWC)နှင့် မြန်မာနိုင်ငံငြိမ်းချမ်းရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းဗဟိုဌာန (MPC)တွင် တရားဝင် တွေ့ဆုံဆွေးနွေးမှုများ ပြုလုပ်ခဲ့သည်။ SD အဖွဲ့သည် ၂၀၁၅ ခုနှစ် ဩဂုတ်လ ပထမပတ်တွင်လည်း UPWC နှင့် NCA စာချုပ်လက်မှတ်ရေးထိုးရေးအတွက် MPC တွင် ပြန်လည်တွေ့ဆုံဆွေးနွေးမည်ဖြစ်သည်။

### ❖ ဒလ-ပန်းဆိုးတန်းမှ

“ကျွန်တော်တို့သင်္ဘောက တော်ရုံတန်ရုံအန္တရာယ်လည်းမရှိပါဘူး။ လေမိုးအန္တရာယ်တစ်ခုခုဖြစ်ခဲ့ရင် အလွယ်တကူယူနိုင်အောင် သက်ကယ်ပစ္စည်းတွေ ထားပေးထားတယ်” ဟု ဦးဆန်းထွန်းက ပြောသည်။

အဆိုပါ ဒလ-ပန်းဆိုးတန်းကို ချယ်ရီသင်္ဘောသုံးစင်းရှိသည့်အနက် နှစ်စင်းဖြင့် နေ့စဉ်ပြေးဆွဲပေးနေပြီး သင်္ဘောတစ်စင်းစီတွင် အရေးပေါ်သက်ကယ်ပစ္စည်းများဖြစ်သည့် လိုက်ဂျက်ကတ် ၁၂၅၀၊ လိုက်ဘော်ရာ ၅၂ ခုနှင့် ဘော်ရာကွင်းကိုးခုကို ထားရှိပေးထားကြောင်း သိရသည်။

“သက်ကယ်လိုက်ဂျက်ကတ်တစ်ခုကို တစ်ဦးပဲဝတ်လို့ရတယ်။ လိုက်ဘော်ရာကျတော့တစ်ခုကို ခရီးသည် ၂၂ ဦး ကယ်နိုင်တယ်။ ဘော်ရာကွင်းကျတော့ တစ်ခုကိုလေးဦးကယ်နိုင်တယ်” ဟု ဦးဆန်းထွန်းကရှင်းပြသည်။

ချယ်ရီသင်္ဘောများကို ဂျပန်နိုင်ငံက လှူဒါန်းထားခြင်းဖြစ်ပြီး ၂၀၁၄ ခုနှစ် အောက်တိုဘာ ၂၉ ရက်တွင် ရန်ကုန်ဆိပ်ကမ်းသို့ ရောက်ရှိကာ ဒီဇင်ဘာ ၁၆ ရက်မှ စတင်ပြေးဆွဲခဲ့ကြောင်း၊ သင်္ဘောတစ်စင်းလျှင် ခရီးသည် ၁၂၀၀ တင်ဆောင်နိုင်ကာ နေ့စဉ်ခရီးသည် ၂၇၀၀၀ ကျော်ကို ပို့ဆောင်ပေးနေကြောင်း ချယ်ရီ(၂) သင်္ဘောမှ ရေယာဉ်အုပ်(၂) ဦးညွန့်ဝင်းက ပြောသည်။

(၀၀၄)

## ပြည်တွင်းရေးရာ

# ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း တောင်တွင်းကြီးမြို့နှင့် ဆင်ပေါင်ဝဲမြို့တို့၌ ဒေသခံပြည်သူများနှင့်တွေ့ဆုံ





**နေပြည်တော် ဇူလိုင် ၂၅**

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် ယနေ့နံနက် ၁၀ နာရီတွင် မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ဒေသခံပြည်သူများနှင့် ရင်းနှီးစွာတွေ့ဆုံသည်။

တွေ့ဆုံပွဲတွင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက လွှတ်တော်၏ဆောင်ပုဒ်ဖြစ်သည့် "ပြည်သူ့အသံ လွှတ်တော်အသံ၊ ပြည်သူ့ဆန္ဒ လွှတ်တော်ဆန္ဒ၊ ပြည်သူတို့မျှော်လင့်ချက် လွှတ်တော်က ဖော်ဆောင်ရွက်"ဟူသည့် ဆောင်ပုဒ်အတိုင်း ကြိုးစားဆောင်ရွက်လျက်ရှိပါကြောင်း၊ မိမိတို့လွှတ်တော်သက်တမ်းသည် လာမည့် ၂၀၁၆ ခုနှစ် ဇန်နဝါရီလကုန်တွင် ကုန်ဆုံးမည်ဖြစ်ပါကြောင်း၊ လက်ရှိကာလအထိ လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် ပြည်သူများ၏ တင်ပြတောင်းဆိုချက်၊ လိုအပ်ချက်များကို အလေးထားကာ အကောင်အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိနေသကဲ့သို့ လွှတ်တော်သက်တမ်းကုန်ဆုံးချိန်အထိလည်း ပြည်သူများ၏အကျိုးစီးပွားအတွက် တစိုက်မတ်မတ်ကြိုးပမ်းအကောင်အထည်ဖော်ဆောင်ရွက်မည်ဖြစ်ပါကြောင်း၊ လွှတ်တော်အတွင်းမှ ပြည်သူ့အသံကို နားထောင်ရုံမျှသာမကဘဲ လွှတ်တော်ပြင်ပ၌ ယခုကဲ့သို့သောတွေ့ဆုံမှုများတွင် ပြည်သူများ၏အသံကို နားထောင်ကာ ထိရောက်စွာဆောင်ရွက်နိုင်သည့် အနေအထားများကိုလည်း တွေ့ရှိရပါကြောင်း၊ မိမိအနေဖြင့် လွှတ်တော်ရပ်နားချိန်တွင် နိုင်ငံ၏နေရာဒေသအနှံ့သွားရောက်ကာ ယခုကဲ့သို့ တွေ့ဆုံမှုများမှတစ်ဆင့် ယင်းဒေသမြို့နယ် နေရာများတွင်ရရှိခဲ့သည့် အတွေ့အကြုံများပေါ်မူတည်ကာ တစ်နိုင်ငံလုံးအတိုင်းအတာအထိ စဉ်းစားဆောင်ရွက်ပေးခဲ့သည့် အခွင့်အလမ်းများလည်း ရှိနေပါကြောင်း။

လာမည့် နိုဝင်ဘာ ၈ ရက်တွင် မိမိတို့နိုင်ငံ၌ အထွေထွေရွေးကောက်ပွဲကြီး ကျင်းပတော့မည်ဖြစ်ပါကြောင်း၊ ယင်းရွေးကောက်ပွဲသည် နိုင်ငံအတွက် အလွန်အရေးကြီးပါကြောင်း၊ ရွေးကောက်ပွဲကို အဆင်ပြေစွာဆောင်ရွက်နိုင်မှသာ မိမိတို့လိုချင်သည့် ပါတီစုံဒီမိုကရေစီနှင့် ဈေးကွက်စီးပွားရေးစနစ်ကို ကျင့်သုံးပြီး ငြိမ်းချမ်း၍ ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံပေါ်ထွန်းလာမည်ဖြစ်ပါကြောင်း၊ ယခုရွေးကောက်ပွဲအောင်မြင်အဆင်ပြေစေရန်အတွက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် ကော်မရှင်က တာဝန်ပေးထားသည့် မြို့နယ်ကော်မရှင်အဖွဲ့ခွဲများတွင်သာ တာဝန်ရှိခြင်းမျိုးမဟုတ်ဘဲ မြို့နယ်အတွင်းရှိ ပါတီအသီးသီး၊ ပါတီကိုယ်စားပြု လူပုဂ္ဂိုလ်အသီးသီး၊ မြို့နယ်အတွင်းရှိ စီမံခန့်ခွဲရေးကော်မတီ၊ ဖွံ့ဖြိုးရေးအထောက်အကူပြုကော်မတီ၊ စည်ပင်သာယာရေးကော်မတီနှင့် မြို့နယ်အတွင်းနေ ပြည်သူအားလုံးတွင်လည်း တာဝန်ရှိပါကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် တောင်တွင်းကြီးမြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းဇော်က ဒေသန္တရဆိုင်ရာအချက်အလက်များနှင့် ဒေသအတွက် လိုအပ်ချက်များကိုလည်းကောင်း၊ တက်ရောက်လာကြသူများက ဒေသ၏လိုအပ်ချက်များကိုလည်းကောင်း အသီးသီးတင်ပြကြရာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက တာဝန်ရှိသူများနှင့် ပေါင်းစပ်ဖြည့်ဆည်းညှိနှိုင်းဆောင်ရွက်ပေးသည်။

ယင်းနောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက မြို့နယ်အတွင်း မျှော်မှန်းလူ့သက်တမ်း ပိုမိုတိုးမြင့်လာစေရေးနှင့် ကျန်းမာရေးဝန်ဆောင်မှုဆိုင်ရာများ ပိုမိုတိုးတက်ကောင်းမွန်လာစေရေး၊ သောက်သုံးရေလုံလောက်စွာရရှိရေး ရင်ဆိုင်ကြုံတွေ့နေရသည့် စိန်ခေါ်မှုနှင့်အခက်အခဲများကို အောင်မြင်စွာကျော်လွှားနိုင်စေရန် မြို့နေဒေသခံပြည်သူများနှင့်အတူ ဌာနဆိုင်ရာတာဝန်ရှိသူများကလည်း ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များကို မှာကြားပြီး အခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်-ကန်ပြား - မကွေးလမ်းပေါ်ရှိ မြို့သစ်မြို့နယ် သန်းကုန်းကျေးရွာရှိ တောင်သူဦးတင်ဦး၏ မိုးစပါး လေးဧကစိုက်ခင်း၌ မိုးစပါးစိုက်ပျိုးနေမှုအခြေအနေများကို ကွင်းဆင်းကြည့်ရှုခဲ့သည်။

မွန်းလွဲပိုင်းတွင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ဆင်ပေါင်ဝဲမြို့နယ်သို့ ရောက်ရှိပြီး မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ဒေသခံပြည်သူများနှင့် ရင်းနှီးစွာတွေ့ဆုံသည်။

တွေ့ဆုံပွဲတွင် ဆင်ပေါင်ဝဲမြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင့်လွင်က မြို့နယ်၏ ဒေသန္တရ အချက်အလက်ဆိုင်ရာများကို ရှင်းလင်းတင်ပြပြီး ဆင်ပေါင်ဝဲမြို့နယ်ရှိ လွှတ်တော်ကိုယ်စားလှယ်များနှင့် ကော်မတီသုံးရပ်မှ တာဝန်ရှိသူများက ဒေသအတွက် လိုအပ်ချက်များကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် အခမ်းအနားသို့တက်ရောက်လာကြသည့် ဒေသခံပြည်သူများက ၎င်းတို့၏ လိုအပ်ချက်နှင့်သိရှိလိုသည့်ကိစ္စရပ်များကို မေးမြန်းတင်ပြကြရာ မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများက ပြန်လည်ရှင်းလင်းဖြေကြားကြသည်။

ယင်းနောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပညာရေး၊ ကျန်းမာရေးဆိုင်ရာများနှင့် စပ်လျဉ်းသည့် ဆောင်ရွက်ရန်အချက်များ၊ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများနှင့်စပ်လျဉ်း၍ အကျယ်တဝင့် ရှင်းလင်းပြောကြားပြီး တင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

တွေ့ဆုံပွဲများသို့ မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဘုန်းမော်ရွှေ၊ ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်သူ့လွှတ်တော်၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်အဖွဲ့ဝင် ဦးခင်မောင်ထွန်း၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များ၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ပြည်သူ့လွှတ်တော်ရုံးမှတာဝန်ရှိသူများ၊ တိုင်းဒေသကြီး၊ ခရိုင်နှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ နိုင်ငံရေးပါတီများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဒေသခံပြည်သူများ တက်ရောက်ကြသည်။

**(သတင်းစဉ်)**

---

# ကန့်ဘလူမြို့နယ် ရသားကျေးရွာအနီးရှိ ဒေသန္တရအစီအစဉ်ဖြင့် ပြုလုပ်ထားသော တစ်ဖက်ပိတ်ဆည် ရေထိန်းတံခါးကျိုးပေါက်မှု လူ၊ တိရစ္ဆာန်နှင့် အိမ်များ ထိခိုက်ပျက်စီးမှုမရှိ

**နေပြည်တော် ဇူလိုင် ၂၅**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင် ကန့်ဘလူမြို့နယ်တွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရသားကျေးရွာအနီးရှိ ခက်လုံချောင်းကို ဒေသန္တရ အစီအစဉ်ဖြင့် ပြုလုပ်ထားသော ကျေးလက်ဆည်ရေထိန်းတံခါး ယနေ့နံနက် ၁၁ နာရီခွဲခန့်က ကျိုးပေါက်မှု ဖြစ်ပွားခဲ့သည်။

အဆိုပါ ကျေးလက်ဆည်ရေထိန်းတံခါးမှာ အမြင့် ရှစ်ပေခန့်နှင့် အကျယ်ပေ ၂၀၀ ခန့်ရှိသော တစ်ဖက်ပိတ်ဆည်ဖြစ်ပြီး ဒေသန္တရအစီအစဉ်ဖြင့် ပြုလုပ်ထားခြင်း ဖြစ်ကြောင်း၊ ထိုသို့ဖြစ်ပွားမှုကြောင့် လူ၊ တိရစ္ဆာန်နှင့် လူနေအိမ်များ ထိခိုက်ပျက်စီးဆုံးရှုံးမှုမရှိကြောင်းသိရသည်။

ထို့ပြင် မလယ်-ဇီးကုန်း ကားလမ်း မိုင်တိုင်အမှတ် (၇/၅)ရှိ တံတားအမှတ် (၁/၇) ကြံ့ခိုင်တံတား၏ အနောက်ဘက် မြေသားလမ်းအကျယ် ၁၀ ပေခန့်၊ အရှည် ၁၅ ပေခန့်နှင့် မိုင်တိုင်အမှတ်(၁၁/၅)ရှိ တံတားအမှတ် (၁/၁၁) ချောင်းမကြီးတံတား အနောက်ဘက် မြေသားလမ်းအကျယ် ခုနစ်ပေခန့်၊ အရှည် ၁၅ ပေခန့် ရေတိုက်စား ပျက်စီးခဲ့ကြောင်း၊ ထန်းတပင်ကျေးရွာအုပ်စု အိုင်လျှားကျေးရွာတောင်ဘက်ရှိ ရသားချောင်း ရေလျှံတက်မှုကြောင့် အိုင်လျှားကျေးရွာရှိ လူနေအိမ်ခုနစ်လုံးခန့်တွင် ရေအနက် သုံးပေခန့် ဝင်ရောက်ခဲ့ပြီး ဇီးကုန်း-မလယ် ကျေးရွာသွားကားလမ်းနှင့် အိုင်လျှားကျေးရွာသို့ ဆက်သွယ်ထားသည့် မြေသားလမ်းမှာ ပေ ၂၀၀၀ ခန့် ရေတိုက်စားသွားခဲ့၍ ယာဉ်များသွားလာ၍ မရကြောင်း၊ ယင်းရေတိုက်စားမှုကြောင့် လူနေအိမ်အဆောက်အအုံများ၊ ကျွဲ၊ နွား၊ တိရစ္ဆာန်များ ပျက်စီးမှုမရှိကြောင်း။ ရေရှင်ကျေးရွာအုပ်စု ရေရှင်ကျေးရွာတွင်လည်း ရေရှင်ချောင်း ရေလျှံ၍ ကျေးရွာအတွင်းသို့ရေများ လေးပေကျော်ခန့် ဝင်ရောက်ခဲ့ကြောင်း၊ အဆိုပါ ပျက်စီးမှုများကို ဒေသအုပ်ချုပ်ရေးအဖွဲ့များ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများ ပူးပေါင်းကာ ကယ်ဆယ်ရေးနှင့် ပြန်လည်ပြုပြင်တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(သတင်းစဉ်)**

---

# ကျိုက်ထီးဆောင်းဆံတော်ရှင်ဘုရားကြီးကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တပညာဒီပ ပျံလွန်တော်မူ

**ဘီးလင်း ဇူလိုင် ၂၅**

မွန်ပြည်နယ် ဘီးလင်းမြို့နယ် ဇုတ်သုတ်စံပြကျေးရွာ ကျိုက်ထီးဆောင်းဆံတော်ရှင်ဘုရားကြီး ကျောင်းတိုက် ပဓာနနာယကဆရာတော်၊ Mahachulalongkornrajavidyalaya University, Thailand မှ Honorary Doctorate Degree of Ph.D အပ်နှင်းခြင်းခံရသော (အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက) ဘဒ္ဒန္တပညာဒီပ သက်တော်(၈၇)နှစ်၊ သိက္ခာတော်(၄၄)ဝါသည် ၁၃၇၇ ခုနှစ် ဒုတိယဝါဆိုလဆန်း ၉ ရက် (၂၅-၇-၂၀၁၅) ရက်(စနေနေ့) ညနေ ၃ နာရီခွဲတွင် ဘဝနတ်ထံပျံလွန်တော်မူကြောင်း သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာနမှ သိရသည်။

**(ကြေးမုံ)**

---

# ရေကြီးနစ်မြုပ်မှုများကြောင့် သီးနှံစိုက်ဧကများ ထိခိုက်ပျက်စီး

**နေပြည်တော် ဇူလိုင် ၂၅**

မြန်မာနိုင်ငံတစ်ဝန်းတွင် ယခုနှစ် ဇွန်လနှင့် ဇူလိုင်လများအတွင်း မိုးသည်းထန်စွာရွာသွန်းမှုများကြောင့် နယ်မြေဒေသများစွာတွင် ရေကြီးရေလျှံမှုနှင့် လယ်ယာမြေများ ရေကြီးနစ်မြုပ်မှုဖြစ်ပွားခဲ့သည်။

အဆိုပါ ရေကြီးနစ်မြုပ်မှုနှင့်သီးနှံများ ထိခိုက်ပျက်စီးမှု အခြေအနေမှာ ကချင်ပြည်နယ်တွင် ရေကြီးနစ်မြုပ်မှု ၁၃၇၈၃ ဧကအနက် ၃၄၉၁ ဧက ပြန်ပေါ်ခဲ့သော်လည်း ၁၇၈၉ ဧက ထိခိုက်ပြီး ခုနစ်ဧက ပျက်စီးခဲ့ကြောင်း၊ ရခိုင်ပြည်နယ်တွင် ရေကြီးနစ်မြုပ်မှု ၂၉၁၅ ဧကအနက် ၂၉၁၅ဧက ပြန်ပေါ်ခဲ့သော်လည်း ၂၁၇၁ ဧကထိခိုက်ပြီး ဧက ၁၄၄၀ ပျက်စီးခဲ့ကြောင်း၊ ရှမ်းပြည်နယ်တွင် ရေကြီးနစ်မြုပ်မှု ၁၃၆ ဧက ဖြစ်ပွားပြီး ထိခိုက်ခဲ့ကြောင်း၊ စစ်ကိုင်းတိုင်းဒေသကြီးတွင် ရေကြီးနစ်မြုပ်မှု ၈၆၉၈၂ ဧကအနက် ၅၃၉၅၈ ဧက ပြန်ပေါ်ခဲ့သော်လည်း ၂၆၁၃၂ ဧက ထိခိုက်ပြီး ၂၈၃၃ ဧက ပျက်စီးခဲ့ကြောင်း၊ ပဲခူးတိုင်းဒေသကြီးတွင် ရေကြီးနစ်မြုပ်မှု ၁၃၂၇ ဧကအနက် ၁၀၇၉ ဧက ပြန်ပေါ်ခဲ့သော်လည်း ၁၀၇၉ ဧက ထိခိုက်ခဲ့ကြောင်းနှင့် ရန်ကုန်တိုင်းဒေသကြီးတွင် ရေကြီးနစ်မြုပ်မှု ၈၄၉ ဧကအနက် ၈၄၉ ဧက ပြန်ပေါ်ခဲ့သော်လည်း ထိခိုက်ခဲ့ကြောင်း လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနမှ သတင်းရရှိသည်။

**(သတင်းစဉ်)**

---

**❂ တောင်ပြိုမှ**

တောင်ပြို(လက်ဝဲ)စခန်းတွင် ကျန်ရှိနေသည့် လှေစီးသွားလာသူ ၃၈၉ ဦးအနက် ဘင်္ဂလားဒေ့ရှ်ဘက်မှ စိစစ်၍ ပြန်လည်လက်ခံရန် အတည်ပြုပြီးဖြစ်သည့် ဘင်္ဂလားဒေ့ရှ်နိုင်ငံသား စုစုပေါင်း ၁၅၉ ဦးကို ဇူလိုင် ၃၀ ရက်တွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံဘက်သို့ ထပ်မံလွှဲပြောင်းရန် နှစ်ဖက်ညှိနှိုင်းလျက်ရှိသည်။

မြန်မာနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့သည် အိမ်နီးချင်းနိုင်ငံများဖြစ်သည်နှင့်အညီ ကျန်ရှိနေသော လှေစီးသွားလာသူများကို စိစစ်၍ ၎င်းတို့၏ မူရင်းနေရပ်သို့ အမြန်ပြန်လည်ပို့ဆောင်နိုင်ရန် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်သည်။

အဆိုပါ ယာယီစောင့်ရှောက်ထားသူများကိုလည်း လူသားချင်းစာနာထောက်ထားမှုအခြေခံဖြင့် အကူအညီများ ထောက်ပံ့ပေးလျက်ရှိကြောင်း နိုင်ငံခြားရေးဝန်ကြီးဌာနမှ သတင်းရရှိသည်။

**(သတင်းစဉ်)**

❒❒❒

---

# ရန်ကုန်အသင်း အဝေးကွင်း၌ သရေတစ်မှတ်ရယူ

၂၀၁၅ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ် (၁၃) ပထမနေ့ပွဲစဉ်များကို ယနေ့ညနေပိုင်းက ဆက်လက်ကျင်းပရာ-

(ကျောက်တိုင်ကွင်း)

ဧရာဝတီ-နှစ်ဂိုး

ရန်ကုန်- နှစ်ဂိုး

၁၂ပွဲဆက် အနိုင်ရရှိပြီး ထိပ်ဆုံး၌ ဦးဆောင်နေသည့် ရန်ကုန်အသင်းမှာ အဝေးကွင်း၌ ရှုံးကန်ခဲ့ရသော်လည်း နောက်ကျချေပဂိုး နှစ်ဂိုးဖြင့် သရေတစ်မှတ်ရယူနိုင်ခဲ့သည်။ ဧရာဝတီအသင်းမှာ ယခုပွဲတွင် အကောင်းဆုံးပုံစံဖြင့် ကစားနိုင်ခဲ့ပြီး အနိုင်ရနိုင်သည့် အနေအထားမျိုးရှိခဲ့သော်လည်း ပွဲပြီးခါနီး နာကျင်အချိန်ပိုတွင် အလှည့်အပြောင်းဖြစ်ခဲ့ပြီး နိုင်ပွဲပျောက်ဆုံးခဲ့ခြင်း ဖြစ်သည်။

**အခြားပွဲရလဒ်များ**

နေပြည်တော်-နှစ်ဂိုး၊ မနောမြေ-တစ်ဂိုး

ဇေယျာရွှေမြေ-နှစ်ဂိုး၊ ရခိုင်-ဂိုးမရှိ

**(ရှိုင်းထက်ဇော်)**

# ကန့်ဘလူမြို့နယ်တွင် ရေဘေးအလှူခံဌာနဖွင့်လှစ်၍ ရေဘေးသင့်ပြည်သူများထံ ကား၊ ရထားတို့ဖြင့်ပေးပို့လျက်ရှိ



**ကန့်ဘလူ ဇူလိုင် ၂၅**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင် ကန့်ဘလူမြို့နယ် ရေဘေးသင့်ပြည်သူများအတွက် နိုင်ငံတော်အကြီးအကဲများနှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များ၊ အနယ်နယ်အရပ်ရပ်မှ လာရောက်လှူဒါန်းကြသော စေတနာရှင်ပြည်သူများ လူမှုရေးအသင်းအဖွဲ့များ၊ ပါတီအဖွဲ့အစည်းများမှ ရေဘေးသင့်ပြည်သူများနှင့် ကျွဲနွားတိရစ္ဆာန်များအတွက် ဆေးဝါးများ၊ အစားအသောက်နှင့် အဝတ်အထည်ပစ္စည်းများကို ရေဘေးကယ်ဆယ်ရေးအလှူပစ္စည်းလက်ခံဌာန ပိတောက်သိင်္ဂီခန်းမ၌ ဖွင့်လှစ်လက်ခံလျက်ရှိသည်။ ထိုမှတစ်ဆင့် ရေဘေးသင့် ကျေးရွာပြည်သူများထံသို့ ဖြန့်ဝေပေးလျက်ရှိသည်။ ရေဘေးသင့်ကျေးရွာပြည်သူများထံသို့ ကိုယ်တိုင် လက်ဝယ်အရောက် လှူဒါန်းပေးအပ်သော အဖွဲ့အစည်းများရှိကြောင်းလည်း သိရသည်။

ဇူလိုင် ၂၃ ရက်တွင် ကန့်ဘလူမြို့နယ် ကယ်ဆယ်ရေးပစ္စည်းအလှူလက်ခံဌာနမှ ချပ်သင်းတိုက်နယ်အတွက် ကယ်ဆယ်ရေးပစ္စည်းများကို ကား၊ ရထားတို့ဖြင့် ပို့ဆောင်ရာတွင် မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များ ကျောင်းသာလူငယ်များ၊ ပြည်တွင်းကုန်တင်၊ ကုန်ချ (ကန့်ဘလူ) အဖွဲ့များက အတင်၊ အချ လုပ်ငန်းများကို ကူညီကြပြီး မြန်မာ့မီးရထား (ကန့်ဘလူ) အကူအညီဖြင့် ကန့်ဘလူ၊ ကျွန်းလှဘူတာတို့မှ ပစ္စည်းများသယ်ဆောင်၍ ချပ်သင်းဘူတာတွင် ၎င်းပစ္စည်းများကို ရေဝန်းကျောင်းတိုက် ဆရာတော် အရှင်ဇောတထံ လွှဲပြောင်းပေးအပ်သည်။ ဆရာတော်က ယင်းပစ္စည်းများကို ချပ်သင်းတိုက်နယ်အတွင်း ရေဘေးသင့်ကျေးရွာဆားကျင်း၊ ပုဏ္ဏားငယ်၊ ကံကြီးနှင့် ပေါက်ဆိန်ကုန်းကျေးရွာတို့သို့ ဆက်လက်ဖြန့်ဝေပေးသွားမည်ဖြစ်ကြောင်း မိန့်ကြားသည်။

ချပ်သင်းတိုက်နယ်သို့ အထောက်အပံ့ပစ္စည်းများ မှာဆန် အိတ် ၁၄၀၊ ဖွဲနု ၁၀ အိတ်၊ နွားစာအိတ် ၂၀၊ မာမားခေါက်ဆွဲခြောက် ဗာ ၇၀၊ ဘေထုပ် (အဝတ်အစား) ခုနစ်ထုပ်၊ ငါးပိအိတ်သေး လေးအိတ်၊ ပရိမီယာကော်ဖီ အထုပ်ကြီး ၅၀၊ ရေသန့်ဘူး တစ်လီတာနှင့် ငါးလီတာ စုစုပေါင်း ဘူး ၁၅၀၀၊ တောင်ငူစေတနာရှင်ပြည်သူများထံမှ ပေးလှူသော အမျိုးသမီးဝတ် ပိန်အိတ်ဖြင့် သုံးထုပ်၊ အမျိုးသားဝတ်သုံးထုပ်၊ ကလေးဝတ် တစ်ထုပ်၊ ဆေးစိမ်ခြင်ထောင် ၉၄ လုံး၊ တော်ဝင်(ဆေးလိပ်) မိသားစုမှ ပေးလှူသော ဆန်အိတ် ၅၀၊ ရေသန့်ကတ် တစ်လီတာ ခြောက်ဘူး ပါ ၂၀ ကို လှူဒါန်းခဲ့ကြောင်းသိရသည်။ **အောင်ဝင်းငြိမ်း(ကန့်ဘလူ)**

# မိုးရွာသွန်းမှုကြောင့် လူနေအိမ်များ သဲပုံးပြီး တံတားများပျက်စီး



**စဥ့်ကူး ဇူလိုင် ၂၅**

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်ခရိုင် စဥ့်ကူးမြို့နယ်အတွင်း ဇူလိုင် ၂၄ ရက်နှင့် ၂၅ ရက်တို့တွင် မိုးများအဆက်မပြတ် ရွာသွန်းမှုကြောင့် ခူလယ်ကျေးရွာအုပ်စု ရေမျက်ကျေးရွာအတွင်း မိုးရေနှင့်အတူ သဲများ ဝင်ရောက်စီးဆင်းသွားရာ လူနေအိမ် ၄၀ ခန့်အတွင်းသို့ သဲခြောက်လက်မမှ တစ်ပေခန့်အထိ ရောက်ခဲ့ပြီး နှစ်ခန်းပတ်လည် သက်ငယ်မိုး၊ ထရံကာ နေအိမ်လေးလုံးပြိုကျပျက်စီးခဲ့သည်။

မင်းကျေးရွာအုပ်စု မင်းကျေးရွာနှင့် ထန်းကိုးပင်ကျေးရွာအုပ်စုကြားရှိ အလျား ၁၅ပေ၊ အနံ ၁၅ ပေရှိ ကွန်ကရစ်တံတားမှာ ရေထဲမျောပါသွားခဲ့သဖြင့် မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာများ၊ မြို့နယ်စီမံခန့်ခွဲရေးကော်မတီဝင်များ၊ ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် လူမှုရေးအသင်းအဖွဲ့များမှ တာဝန်ရှိသူများက လိုအပ်သည်များကို ကူညီပံ့ပိုးလျက်ရှိကြောင်း သိရသည်။

**မြင့်သူ(စဥ့်ကူး)**

# မိုးသည်းထန်သဖြင့် ကန့်ဘလူနှင့် ကောလင်းဒေသ ငါးမွေးကန်များ တာပေါင်ရေလျှံ၍ ငါးများဆုံးရှုံး

**ကန့်ဘလူ ဇူလိုင် ၂၅**

မိုးသည်းထန်၍ ရေကြီးရေလျှံဖြစ်နေသော စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ် ရွာသစ်ကုန်းရှိ ပုဂ္ဂလိကငါးမွေးမြူသူ ကိုးဦး၏ ငါးမွေးမြူရေးကန် ၃၂ ဒသမ ၅၂ ဧကတွင် တာပေါင်များကျိုးပဲ့၍ ငါးကန်ရေလျှံမှုများ ဖြစ်ပွားရာ မွေးမြူထားသော ငါးအချို့ဆုံးရှုံးခဲ့ကြောင်း သိရသည်။

ထို့ပြင် ကန့်ဘလူမြို့နယ် ခတ်သင့်ငါးမွေးကန်တစ်ကန်နှင့် အမှတ်ငါးရပ်ကွက်တွင် ငါးမွေးကန်တစ်ကန်တို့၏ စုစုပေါင်း ၃၉ ဒသမ ၃၁ ဧကနှင့်ကောလင်းမြို့နယ်ရှိပုဂ္ဂလိက ငါးမွေးမြူသူ ၃၃ ဦး၏ ၇၄ ဒသမ ၂၁ ဧကရှိ ငါးမွေးကန်များ၊ ဝန်းသိုမြို့နယ်ရှိ ပုဂ္ဂလိကငါးမွေးသူ သုံးဦး၏ ၃ ဒသမ ၃၆ ဧကရှိ ငါးမွေးကန်များ ရေကြီးနစ်မြုပ်ကာဒေသတွင်း အားထားနေရသော ငါးမြစ်ချင်း၊ ငါးခုံးမကြီးနှင့် ငါးတန်များ ဆုံးရှုံးလျက်ရှိကြောင်း သိရသည်။

ထိုသို့ ဆုံးရှုံးနစ်နာမှုများရှိသောကြောင့် ယခုနှစ်မှစတင် အကောင်အထည်ဖော် ဆောင်ရွက်ထားသော မြင်းမူမြို့နယ် သုတေသန ငါးကန်ကို မိုးများ၍ ရေကြီးသည်ဟုသိရလျှင်သိရချင်း တိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးမှူးနှင့် အဖွဲ့၏ ကြိုတင်ပြင်ဆင်မှုကြောင့် သုတေသနအင်းအတွင်း ရေများ ဝင်ရောက်မှုများသော်လည်း ပျက်စီးမှု၊ ငါးများလေလွင့်မှုတစ်စုံတစ်ရာမရှိခဲ့ကြောင်း သိရသည်။

**မျိုးဝင်းထွန်း (မုံရွာ)**



# မိုးညှင်း-မော်ဟန်ကြား တံတားတစ်စင်းရေတိုက်စားပျက်စီး

**မိုးညှင်း ဇူလိုင် ၂၅**

ရွှေဘို-မြစ်ကြီးနား ပြည်ထောင်စုကားလမ်းမကြီး (ကချင်ပြည်နယ်လမ်းပိုင်း) မိုးညှင်း-မော်ဟန်ကြား (မိုင်တိုင် ၁၇၄ နှင့် ၁၇၅) တံတားအမှတ် (၁/၁၇၅)၊ အလျား ၂၄ပေ၊ အနံ ၁၀ပေ RC တံတားသည် ဇူလိုင် ၂၄ ရက်တွင် မိုးအဆက်မပြတ်ရွာသွန်းပြီး မိုးရေတိုက်စားမှုကြောင့် ပြိုကျပျက်စီးသွားခဲ့သည်။

အဆိုပါ တံတားပျက်စီးသွားသဖြင့် မိုးညှင်းမြို့နယ်လမ်းဦးစီးဌာန ဦးစီးအရာရှိ ဦးအေးလွင်နှင့် ဝန်ထမ်းများက လမ်းပြတ်တောက်မှုမရှိစေရေးအတွက် ယာဥ်ငယ်များသွားလာနိုင်ရန် ရှောင်ကွင်းလမ်းအား ဘက်ဟိုးဖြင့် မြေဖို့၍ သစ်သားကြမ်းခင်း ယာယီတံတားတည်ဆောက်ထားပြီးဖြစ်ကြောင်း သိရသည်။

**ကေဆိုင်းနော်(ဖားကန့်)**

# မန္တလေးတိုင်းဒေသကြီးအတွင်း ဇူလိုင် ၂၇ ရက်အထိ မိုးထစ်ချုန်းရွာနိုင်

**မန္တလေး ဇူလိုင် ၂၅**

မန္တလေးတိုင်းဒေသကြီးအတွင်း ဇူလိုင် ၂၇ရက်အထိ နေရာစိပ်စိပ် မိုးထစ်ချုန်းရွာသွန်းပြီး နေရာကွက်၍ မိုးကြီးနိုင်ကြောင်း တိုင်းဒေသကြီး မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ ဇူလိုင် ၂၅ရက် နံနက် ၆ နာရီခွဲအချိန် တိုင်းထွာချက်များအရ သိရသည်။

အဆိုပါ တိုင်းထွာချက်များအရ စဥ့်ကူးမြို့နယ်တွင် ၁၀ ဒသမ ၄၈ လက်မ၊ သပိတ်ကျင်းမြို့နယ်တွင် ၈ ဒသမ ၁၁လက်မ၊ မိုးကုတ်မြို့တွင် ၆ ဒသမ ၁၀လက်မ၊ ပြင်ဦးလွင်တွင် ၁ ဒသမ ၃၈လက်မ၊ ပုသိမ်ကြီးမြို့နယ်တွင် ၁ ဒသမ ၃၅ လက်မ၊ မန္တလေးမြို့တွင် ၁ ဒသမ ၄၆ လက်မ၊ မတ္တရာမြို့တွင် ၁ဒသမ ၂၆ လက်မ၊ အမရပူရမြို့တွင် သုည ဒသမ ၈၄လက်မ၊ ငါန်းဇွန်တွင် သုည ဒသမ ၅၈လက်မ၊ မြစ်ငယ်တွင် သုည ဒသမ ၂၈လက်မ၊ မိတ္ထီလာတွင် သုညဒသမ ၀၆ လက်မနှင့် ရမည်းသင်းမြို့နယ်တွင် သုည ဒသမ ၀၈လက်မ အသီးသီးရှိခဲ့ပြီး ဇူလိုင် ၂၆ ရက်မှ ၂၉ ရက်အတွင်း ဘင်္ဂလားပင်လယ် အော်မြောက်ပိုင်းတွင် လေဖိအားနည်းရပ်ဝန်းတစ်ခုဖြစ်ပေါ်နိုင်ကြောင်း ၎င်းဌာနမှ ထုတ်ပြန်ထားသည်။

မြစ်ရေတိုးမှုများအနေဖြင့် မန္တလေးဆိပ်ကမ်းတွင် ဧရာဝတီမြစ်ရေသည် ဇူလိုင် ၂၂ ရက်တွင် စင်တီမီတာ ၁၀၆၀၊ ဇူလိုင် ၂၃ ရက်တွင် ၁၀၆၅ စင်တီမီတာ၊ ဇူလိုင် ၂၄ ရက်တွင် ၁၀၅၆စင်တီမီတာနှင့် ဇူလိုင် ၂၅ ရက်တွင် ၁၀၄၁ စင်တီမီတာသို့ ရောက်ရှိနေပြီး မန္တလေးမြို့၏ စိုးရိမ်ရေမှတ် ၁၂၆၀ သို့ရောက်ရှိရန် စင်တီမီတာ ၂၀၀ ကျော် လိုသေးသော်လည်း ဗန်းမော်နှင့်ကသာမြို့တို့တွင် မိုးများနေသဖြင့် ၎င်းအထက်ပိုင်းမှ တိုးလာသည့်မြစ်ရေသည် အောက်ပိုင်း မန္တလေးဆိပ်ကမ်းသို့သုံးရက်ခန့်အကြာတွင် ရောက်ရှိကာမြင့်တက်လာနိုင်ကြောင်းသိရသည်။

"အထက်ပိုင်းက မြစ်ရေ မန္တလေးကို ဝင်ရောက်လာမယ့်ရက်ကို ရေစီးနှုန်းနဲ့အကွာအဝေးအရ တွက်ချက်လို့ရနိုင်ပါတယ်။ ဗန်းမော်၊ ကသာ ဘက်ကမြစ်ရေက မန္တလေးကို သုံးရက်လောက်ကြာရင် ဝင်ရောက်လာနိုင်တယ်"ဟု ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဝင်းလှိုင်က ပြောသည်။

လက်ရှိအခြေအနေတွင် ဗန်းမော်မြို့၏ မိုးရွာသွန်းမှုမှာ သုည ဒသမ ၇၉ လက်မနှင့် ကသာမြို့တွင် ၁ ဒသမ ၅၃လက်မတို့ ရွာသွန်းလျက်ရှိပြီး မန္တလေးမြို့တွင်လည်း ဇူလိုင် ၂၄ ရက် ညနေပိုင်းမှစ၍ မိုးဆက်တိုက်ရွာသွန်းလျက်ရှိကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

*** သီပေါမှ**

ရေထဲမျောပါသွားသူ အရေအတွက်ကိုမူ မသိရှိရသေးကြောင်း၊ တံတားအောက်တွင် ပိနေသောလူငါးဦးအနက် သုံးဦးမှာ သေဆုံးသွားကြောင်း၊ ရေထဲမျောသွားသည့် နှစ်ဦးအနက် တစ်ဦးကို ကယ်ဆယ်ရရှိကြောင်းနှင့် တံတားအောက် မြေကြီးထဲတွင်ပိနေသောသူများကို ကရိန်းများနှင့် ရှာဖွေကယ်ဆယ်နေကြောင်း၊ အဆိုပါ ကယ်ဆယ်ရေးလုပ်ငန်းများကို မီးသတ်၊ ကြက်ခြေနီနှင့် ဒေသခံများ စုပေါင်းကာ မြေတူးစက်တစ်စီး၊ ကရိန်းနှစ်စီးဖြင့် ရှာဖွေရေးလုပ်ဆောင်နေပြီး သေဆုံးသူနှင့် ပျောက်ဆုံးသူ အရေအတွက်ကိုမူ အတည်မပြုနိုင်သေးကြောင်း ကနဦးသတင်းရရှိသည်။

(ပြန်/ဆက်)

## မြန်မာ့ရှေ့ဆောင်ဘဏ် Master Card Prepaid World Travel Card စတင်အသုံးပြုနိုင်

**ရန်ကုန် ဇူလိုင် ၂၅**

ပုဂ္ဂလိကဘဏ်တစ်ခုဖြစ်သော မြန်မာ့ရှေ့ဆောင်ဘဏ်မှ ငွေပေးချေကတ်တစ်ခုဖြစ်သည့် Master Card Prepaid World Travel Card ကိုစတင်မိတ်ဆက်လိုက်ကြောင်းသတင်းရရှိသည်။

ငွေပေးချေကတ်များအသုံးပြုနိုင်ရန် ပုဂ္ဂလိကဘဏ်များက မိတ်ဆက်လာကြရာတွင် မြန်မာ့ရှေ့ဆောင်ဘဏ်ကလည်း Master Card Prepaid World Travel Card ကိုမိတ်ဆက်ဖြန့်ဝေလိုက်ပြီး ပြည်ပသို့ ခရီးသွားလာသူများငွေကြေးအသုံးပြုမှုလွယ်ကူအဆင်ပြေစေရန် ရည်ရွယ်သည်ဟု သိရသည်။

MasterCard Prepaid World Travel Card အသုံးပြုရာတွင် အသက် (၁၈) နှစ်နှင့်အထက် မြန်မာနိုင်ငံသားသို့မဟုတ် နိုင်ငံခြားသားများသုံးစွဲနိုင်ပြီး နိုင်ငံသားစိစစ်ရေးကတ်ပြား သို့မဟုတ် နိုင်ငံကူးလက်မှတ်ဖြင့် ကတ်ထုတ်ယူနိုင်သည်။ ကတ်ထဲသို့ အများဆုံးထည့်နိုင်သော ငွေပမာဏမှာ အမေရိကန်ဒေါ်လာ ၅၀၀၀ သတ်မှတ်ထားပြီး အနည်းဆုံးထည့်ရမည့်ငွေပမာဏမှာအမေရိကန်ဒေါ်လာ ၅၀ ဖြစ်သည်။ အေတီအမ်စက်မှ ငွေထုတ်ယူနိုင်သည့်ပမာဏကို တစ်ရက်လျှင် အမေရိကန်ဒေါ်လာ ၅၀၀ သတ်မှတ်ထားသည်။ အေတီအမ်စက်များတွင် ငွေထုတ်ယူလျှင် အမေရိကန်ဒေါ်လာ ၅ ဒေါ်လာမှ စတင်ထုတ်ယူနိုင်ကြောင်း သိရသည်။

"မြန်မာ့ရှေ့ဆောင်ဘဏ်ဟာ ဘဏ်ခွဲပေါင်း ၆၀ ကိုတည်ထောင်နိုင်ခဲ့ပြီး Domestic Banking နဲ့ International Banking product များရဲ့ ဝန်ဆောင်မှုများကိုသုံးစွဲသူများအား ကျယ်ပြန့်စွာပေးအပ်နေပါတယ်။ Master Card ဟာ နိုင်ငံတကာမှ အသိအမှတ်ပြုထားသောယုံကြည်စိတ်ချရတဲ့ အမှတ်တံဆိပ်ဖြစ်ပြီး Merchant ပေါင်း ၃၅ သန်းကျော်နှင့် အေတီအမ်စက်ပေါင်း ၂ ဒသမ ၁ သန်းကနေ ငွေထုတ်ယူသုံးစွဲနိုင်မှာ ဖြစ်ပါတယ်" ဟု မြန်မာ့ရှေ့ဆောင်ဘဏ် Card Department မှ Mr. Benjamin Ng က ပြောသည်။



မြန်မာရှေ့ဆောင်ဘဏ်သည် ၂၀၁၀ ပြည့်နှစ် ဇွန် ၂ ရက်တွင် စတင်တည်ထောင်ခဲ့ပြီး ဘဏ်ခွဲပေါင်း ၆၀ ဖွင့်လှစ်ပြီးဖြစ်သည်။ Master Card သည် ကမ္ဘာ့ငွေပေးချေမှုဆိုင်ရာလုပ်ငန်းများ၏ နည်းပညာပိုင်းဆိုင်ရာကုမ္ပဏီတစ်ခုဖြစ်ပြီး နိုင်ငံပေါင်း ၂၁၀ ကျော်နှင့် ဆက်သွယ်ချိတ်ဆက်ထားမှုရှိကြောင်း သိရသည်။ **(၀၀၁)**

## မိုးကောင်းမြို့နယ်မှရေဘေးသင့်ပြည်သူများအတွက် အလှူငွေနှင့် ကယ်ဆယ်ရေးပစ္စည်းများ ပေးအပ်လှူဒါန်း

**မြစ်ကြီးနား ဇူလိုင် ၂၅**

ကချင်ပြည်နယ် မိုးကောင်းမြို့နယ်မှ ရေဘေးသင့်ပြည်သူများအတွက် အလှူငွေနှင့်ကယ်ဆယ်ရေးပစ္စည်းများပေးအပ်လှူဒါန်းပွဲကို ဇူလိုင် ၂၄ ရက်က မိုးကောင်းမြို့နန့်ကောင်းညော့ရိပ်သာ၌ကျင်းပရာ အမျိုးသားသဘာဝဘေးကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီ အတွင်းရေးမှူး လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဘုန်းဆွေ တက်ရောက်အမှာစကားပြောကြားသည်။

ထို့နောက် မိုးကောင်းမြို့နယ်အသင်း(ရန်ကုန်)က ငွေကျပ်သိန်း ၁၀၀၊ ဦးခိုင်ဇော်ဆွေ-ဒေါ်သက်သက်လှိုင်မိသားစု(မန္တလေး)ကငွေကျပ် သိန်း ၅၀၊ ဦးမောင်ကြီး-ဒေါ်တင်တင်အုန်းမိသားစု(ရန်ကုန်)က ငွေကျပ် သိန်း ၂၀၊ ဦးစံပြည့်(အမျိုးသားလွှတ်တော်ကိုယ်စားလှယ်)-ဒေါ်အေးအေးသန်း မိသားစုနှင့် မြို့နယ်ပုဂ္ဂလိကပိုင်မော်တော်ယာဉ်လုပ်ငန်း ယာဉ်များကြီးကြပ်ရေးကော်မတီတို့က ငွေကျပ်ငါးသိန်းစီ OOREDOO က ဆန်အိတ် ၂၀၀၊ ဦးလူမော်မြင့်မောင်(ရွှေဝါရောင်ကုမ္ပဏီ)နှင့် ဦးသီဟအောင် (Young Auto Group) တို့က ဆန်အိတ် ၁၀၀ စီ ပေးအပ်လှူဒါန်းကြရာ ဒုတိယဝန်ကြီးကလက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

အလားတူ မိုးကောင်းမြို့နယ်မှ ရေဘေးသင့်ပြည်သူများအတွက်မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့်က ဆန်အိတ် ၂၀၀၊ ဆီနှင့်ဆားပိဿာ ၁၀၀စီ၊ ပြည်ထောင်စုကြံ့ခိုင်ရေး နှင့် ဖွံ့ဖြိုးရေးပါတီက ဆန်အိတ် ၂၀၀ တို့ကိုသီးခြားပေးပို့လှူဒါန်းထားပြီး လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည် နေရာချထားရေးဝန်ကြီးဌာနနှင့် သံဃာတော်များ၊ လူမှု ကူညီရေးအသင်းအဖွဲ့များ၊ စေတနာရှင်များကလည်း နေ့စဉ် နံနက်စာနှင့် ညစာအပါအဝင် စားသောက်ဖွယ်ရာ များနှင့် ထောက်ပံ့ငွေများ လိုက်လံပေးအပ်လှူဒါန်းလျက်ရှိကြကာ ကျန်းမာရေးဝန်ကြီးဌာနက အရေးပေါ်ဆေးကုသ ခန်းများ ဖွင့်လှစ်စောင့်ရှောက်ပေးနေကြောင်း သိရသည်။ **(၄၉၉)**

## မြန်မာနိုင်ငံ၏ ကုန်သွယ်မှုဖွံ့ဖြိုးတိုးတက်ရေး EUနှင့် ဂျာမနီပူးပေါင်း၍ သုံးနှစ်ကြာပံ့ပိုးကူညီမည်

**နေပြည်တော် ဇူလိုင် ၂၅**

မြန်မာနိုင်ငံ၏ ကုန်သွယ်မှုဖွံ့ဖြိုးတိုးတက်ရေးအတွက် ဥရောပသမဂ္ဂအဖွဲ့(EU)နှင့် ဂျာမနီနိုင်ငံတို့ပူးပေါင်းကာ ၂၀၁၅ ခုနှစ်မှ ၂၀၁၇ ခုနှစ်အထိ သုံးနှစ်ကြာပံ့ပိုးကူညီပေးသွားမည်ဖြစ်ကြောင်း ဇူလိုင် ၂၃ ရက်နံနက်ပိုင်းက နေပြည်တော်ရှိ Hilton ဟိုတယ်၌ ကျင်းပသည့် Food Testing Coordination in Myanmar အလုပ်ရုံဆွေးနွေးပွဲမှ သိရသည်။

မြန်မာနိုင်ငံ၏ စီးပွားရေးနှင့် လူမှုရေးဆိုင်ရာ ပြုပြင်ပြောင်းလဲမှုဘောင်ရည်မှန်းချက်အတွက် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် ငြိမ်းချမ်းရေး၊ ဒီမိုကရေစီရေး၊ လူမှုရေး၊ စီးပွားရေးနှင့် ကုန်သွယ်မှုကဏ္ဍတို့အား ဦးစားပေးထောက်ပံ့လျက်ရှိသည့်ဥရောပသမဂ္ဂ၏ ထောက်ပံ့ကူညီပေးမှုမဟာဗျူဟာ၏ အစိတ်အပိုင်းတစ်ရပ်အနေဖြင့် ကုန်သွယ်မှုဖွံ့ဖြိုးတိုးတက်ရေး အစီအစဉ်ဖြစ်သော Trade Development Programme(TDP)ကို ဆောင်ရွက်ခြင်းဖြစ်ကြောင်းလည်း သိရသည်။

ယင်းအစီအစဉ်အတွက် ဥရောပသမဂ္ဂမှ ယူရိုငွေ ၁၀ သန်းနှင့် ဂျာမနီနိုင်ငံမှ ယူရိုငွေ သုည ဒသမ ၅ သန်း စုစုပေါင်း စီမံကိန်းတန်ဖိုး ယူရိုငွေ ၁၀ ဒသမ ၅ သန်းလျာထားပြီး အဓိကအလှူရှင်အဖြစ် ဥရောပသမဂ္ဂက ဦးဆောင်ကာ Deutsche Gesellschaft Für Internationale Zusammenarbeit(GIZ) မှ အဓိကအကောင်အထည်ဖော် ဆောင်ရွက်ပေးမည် ဖြစ်သည်။

ကုန်သွယ်မှုဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်တွင် ကုန်သွယ်မှုလေ့လာဆန်းစစ်သည့်လုပ်ငန်းများ၊ ဥရောပသမဂ္ဂဈေးကွက်ရရှိမှု၊ ကုန်သွယ်မှုဆိုင်ရာဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်၊ အမျိုးသားပို့ကုန်မဟာဗျူဟာလုပ်ငန်းစဉ်တို့ကိုထောက်ပံ့ကူညီပေးမည့် လုပ်ငန်းများ၊ ဥရောပသမဂ္ဂ၏ အကောက်အခွန်ဆိုင်ရာသတ်မှတ်ချက်နှင့်လိုအပ်ချက်များ၊ အာဆီယံ၏ အက်ဥပဒေများနှင့် ဒေသဆိုင်ရာကတိကဝတ်များ၊ ကုန်သွယ်မှုလျင်မြန်ချောမွေ့စေရေးနှင့် ပတ်သက်သည့်စာချုပ်များ၊ မူဝါဒဆိုင်ရာကိစ္စများ၊ ရိတ်သိမ်းချိန်လွန်နည်းပညာဆိုင်ရာကိစ္စများ စမ်းသပ်စစ်ဆေးမှုများ၊ စံချိန်စံညွှန်းနှင့် နည်းပညာဆိုင်ရာမူဝါဒများ၊ တိုင်းတာနည်းစနစ်များနှင့် စကေးသတ်မှတ်ချက်များ ပါဝင်ကြောင်း သိရသည်။

ကုန်သွယ်မှုဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကဆောင်ရွက်မည့်ဌာနများမှာ ကုန်သွယ်ရေးဦးစီးဌာန၊ ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာန၊ အကောက်ခွန်ဦးစီးဌာန၊ ငါးလုပ်ငန်းဦးစီးဌာန၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာန၊ အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၊ သုတေသနနှင့် တီထွင်ဆန်းသစ်မှုဦးစီး ဌာနတို့ ဖြစ်ကြောင်း သိရသည်။

**(နိုင်လင်းကြည်)**

## စာသင်ကျောင်းပတ်လည်ရေမြောင်းများ ရေစီးရေလာကောင်းစေရန် စက်ယန္တရားများဖြင့် တူးဖော်

**ရန်ကုန် ဇူလိုင် ၂၅**

ရန်ကုန်တိုင်းဒေသကြီးတွင် သွေးလွန်တုပ်ကွေးရောဂါကြိုတင်ကာကွယ်ရေးနှင့် စာသင်ကျောင်းများပတ်လည် ရေမြောင်းများရေစီးရေလာကောင်းမွန်ရေးအတွက် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ အင်ဂျင်နီယာဌာန (လမ်း/တံတား) ဦးဆောင်ပြီး စက်ယန္တရားများဖြင့် ရေမြောင်းများတူးဖော်ပေးခြင်းလုပ်ငန်းဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်ရာတွင် ဇူလိုင် ၂၃ ရက်က အရှေ့ပိုင်းခရိုင်၊ အင်ဂျင်နီယာဌာန (လမ်း/တံတား) အင်ဂျင်နီယာမှူး ဦးထွန်းလှ၊ မြောက်ဥက္ကလာပမြို့နယ်အင်ဂျင်နီယာဌာန (လမ်း/တံတား) ဌာနစုမှူး အင်ဂျင်နီယာ ဦးဝဏ္ဏဝင်းတို့ ကြီးကြပ်မှုဖြင့် မြောက်ဥက္ကလာ အလက (၂) ကျောင်းပတ်လည်ရေမြောင်းများ ရေစီးဆင်းမှုမြန်ဆန်သွက်လက်စေရန် စက်ယန္တရားနှင့် တူးဖော်ပေးကြသည်။

**(ထွန်းဝင်း)**

## ရွှေးကောက်ပွဲဆိုင်ရာ အသိပညာပေးသင်တန်းဖွင့်

**ရန်ကုန် ဇူလိုင် ၂၅**

ရန်ကုန်တိုင်းဒေသကြီး တောင်ဥက္ကလာပမြို့နယ် အမှတ်(၁၄)ရပ်ကွက် ဥက္ကလာပစေတီတော် မဟာမုနိဓမ္မာရုံတွင် ရပ်ကွက်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများသို့ ရွေးကောက်ပွဲဆိုင်ရာ အသိပညာပေးသင်တန်းဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၉ နာရီက ကျင်းပရာ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲတာဝန်ခံ ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးချစ်ဆွေက အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် တောင်ဥက္ကလာပမြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးမြင့်သန်းက သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

**ကျော်မြင့်အေး(ပြန်/ဆက်)**



## သူနာပြုတက္ကသိုလ်(ရန်ကုန်)နှင့် (မန္တလေး)ပူးပေါင်း၍ သင်ရိုးညွှန်းတမ်းများ ပြင်ဆင်ရေးဆွဲ

**မန္တလေး ဇူလိုင် ၂၅**

သူနာပြုတက္ကသိုလ် ရန်ကုန်၌ သူနာပြုသိပ္ပံဘွဲ့(ပုံမှန်)နှင့် (ပေါင်းကူး)သင်ရိုးညွှန်းတမ်းများအား အရည်အသွေးအာမခံနိုင်ရေးနှင့် နိုင်ငံတကာအဆင့်မီရေးအတွက် သူနာပြုတက္ကသိုလ်(ရန်ကုန်)နှင့် (မန္တလေး)မှ ပါမောက္ခချုပ်များဦးဆောင်၍ သက်ဆိုင်ရာဘာသာရပ်ဌာနမှူးများ၊ ဝါရင့်ဆရာ ဆရာမများ၊ ကျွမ်းကျင်ပညာရှင်များ ပူးပေါင်းပြီး လက်ရှိသင်ရိုးညွှန်းတမ်းများအား ဇူလိုင် ၂၂ ရက်နှင့် ၂၃ ရက်တို့တွင် ပြန်လည်သုံးသပ်ပြင်ဆင်ရေးဆွဲကြသည်။

ရှေးဦးစွာ သူနာပြုတက္ကသိုလ်အသီးသီးမှ ပါမောက္ခချုပ် ပါမောက္ခ ဒေါက်တာမြတ်သန္တာနှင့် ပါမောက္ခချုပ် ပါမောက္ခ ဒေါက်တာသီတာတို့က အမှာစကားပြောကြားပြီး မြန်မာနိုင်ငံသူနာပြုနှင့် သားဖွားကောင်စီအကြံပေး ပါမောက္ခ ဦးမောင်မောင်က ASEAN MRA and Core Compentency for MNMC Registered Nurses and Midwives နှင့် ပတ်သက်၍လည်းကောင်း၊ သူနာပြုတက္ကသိုလ်(ရန်ကုန်) ဒုတိယပါမောက္ခချုပ် (သင်ကြား) ဒေါ်လှလှအေးက Need for QA.AUN-QA and Current Nursing Curriculum(Under graduate) နှင့် ပတ်သက်၍လည်းကောင်း၊ သူနာပြုတက္ကသိုလ်(ရန်ကုန်နှင့် မန္တလေး)မှ သင်ကြားရေးဆရာမများက Under graduate Nursing Curriculum Models From Other Countries နှင့် ပတ်သက်၍လည်းကောင်း တင်ပြဆွေးနွေးကြသည်။

ထို့နောက် လက်ရှိကျင့်သုံးလျက်ရှိသော Curriculum အား အဖွဲ့အလိုက် ပြင်ဆင်ရေးဆွဲတင်ပြကြပြီး အရည်အသွေးအာမခံနိုင်၍ နိုင်ငံတကာအဆင့်မီ Curriculum များ ပေါ်ထွန်းလာရေးအတွက် တက်ရောက်သူများက ဝိုင်းဝန်းသုံးသပ်ညှိနှိုင်းဆွေးနွေးကြကြောင်း သိရှိရသည်။ **တင်မောင်(မန်းကိုယ်ပွား)**

ဥတုရာသီ တောကိုမို၏

# စစ်ကိုင်းမြို့တည်နန်းတည် နှစ်(၇၀၀)ပြည့် အထိမ်းအမှတ်ပြခန်းများဖွင့်

**စစ်ကိုင်း ဇူလိုင် ၂၅**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့တည် နန်းတည် နှစ်(၇၀၀)ပြည့် အထိမ်းအမှတ် ပြခန်းများဖွင့်လှစ်ခြင်း အခမ်းအနားကို ယနေ့နံနက်ပိုင်းကစစ်ကိုင်းမြို့ ပြည်သူ့အားကစားကွင်း၌ ကျင်းပသည်။

အခမ်းအနားကို လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်မြတ်မြတ်အုန်းခင်၊ အလှူရှင် ဦးခင်မောင်မြင့် ပြည်ထောင်စုဝန်ကြီး(ငြိမ်း)နှင့် တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဒေါက်တာမြင့်သိန်းတို့က ပြခန်းကိုဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ထို့နောက် နှစ်(၇၀၀)ပြည့် အထိမ်းအမှတ်အဖြစ် စစ်ကိုင်းမြို့ဒေသထွက်ကုန်ပစ္စည်းများပြခန်းနှင့် ဝန်ကြီးဌာနပြခန်းများသို့ လှည့်လည်ကြည့်ရှုအားပေးခဲ့ကြသည်။

အဆိုပါ ပြခန်းဖွင့်ပွဲအခမ်းအနားသို့ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ စစ်ကိုင်းမြို့သူမြို့သားများ အခြားဖိတ်ကြားထားသူများတက်ရောက်အားပေးခဲ့ကြပြီး နှစ်(၇၀၀)ပြည့် စစ်ကိုင်းမြို့တည် နန်းတည် အထိမ်းအမှတ်အခမ်းအနားကို ဇူလိုင် ၂၆ ရက်မှ ၂၈ ရက်အထိ ပျော်ပွဲရွှင်ပွဲများ၊ အားကစားပြိုင်ပွဲများနှင့် ဖျော်ဖြေရေးအစီအစဉ်များဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်းသိရပြီး ပွဲတော်လာပရိသတ်များအား စတုဒိသာများဖြင့် ညနေ ၅ နာရီအထိ ဧည့်ခံကျွေးမွေးသွားမည်ဖြစ်ကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**

❐



# မန္တလေးတိုင်းဒေသကြီးအတွင်း မိုးရွာသွန်းမှုများပြီး ပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ် အချိန်နှင့်တစ်ပြေးညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိ

**မန္တလေး ဇူလိုင် ၂၅**

မန္တလေးတိုင်းဒေသကြီးအတွင်း ဇူလိုင် ၂၄ ရက် ညပိုင်းမှ ၂၅ရက် နံနက်ပိုင်းအထိ မိုးသည်းထန်စွာရွာသွန်းခဲ့သဖြင့် မြို့နယ်အချို့တွင် လူသေဆုံးမှုများနှင့် နေအိမ်အချို့ ပျက်စီးဆုံးရှုံးများ ဖြစ်ပေါ်ခဲ့ရာ တာဝန်ရှိသူများက အချိန်နှင့်တစ်ပြေးညီ ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

မိုးသည်းထန်စွာရွာသွန်းမှုကြောင့် သပိတ်ကျင်းမြို့နယ် တွင်းငယ်ကျေးရွာတွင် နေအိမ်တစ်လုံး၊ ဒေါင်းဖုန်းကျေးရွာတွင် နေအိမ်သုံးလုံး မြေအိပြိုကျခဲ့ပြီး တောင်လယ်ကျေးရွာတွင် တောင်ကျရေကြောင့် နေအိမ်ခုနစ်လုံးမျောပါသွားကာ လူခြောက်ဦးခန့် အသက်ဆုံးရှုံးခဲ့ကြောင်း၊ မိုးကုတ်မြို့တွင်လည်း ရေနီမြောင်း ရေလျှံသဖြင့် မြေနိမ့်ပိုင်း လူနေရပ်ကွက်အချို့ လေးပေခန့်ရေနစ်မြုပ်ခဲ့ရာ ရေလွှမ်းမှုကြောင့် လူနေအိမ်ငါးလုံးနှင့် ပရဟိတဘုန်းကြီးကျောင်းရှိ ကျောင်းဆောင်ငယ် တစ်ဆောင်ပြိုကျခြင်း၊ မိုးကုတ်-မတ္တရာကားလမ်းတွင် တောင်ပြိုကျခြင်း ဖြစ်ပေါ်ခဲ့ကြောင်း စဉ့်ကူးမြို့နယ် မိုးကုတ် - သပိတ်ကျင်းကားလမ်း၊ လက်ပန်လှ၊ ကျဉ်ကောက်ပေါက်၊ နွယ်ရုံကျေးရွာများတွင်လည်း ရေနှစ်ပေခွဲခန့်အထိ ရေလွှမ်းမိုးမှုများ ဖြစ်ပေါ်လျက်ရှိကြောင်းသိရသည်။

မန္တလေးတိုင်းဒေသကြီးအတွင်း ဇူလိုင် ၂၄ရက် ညပိုင်းနှင့် ၂၅ရက် နံနက်ပိုင်း မိုးသည်းထန်စွာရွာသွန်းမှုကြောင့် စဉ့်ကူးမြို့နယ်တွင်၁၀ဒသမ ၄၈လက်မ၊ သပိတ်ကျင်းမြို့နယ်တွင် ၈ ဒသမ ၁၁ လက်မ၊ မိုးကုတ်မြို့နယ်တွင် ၆ ဒသမ ၁၀ လက်မ၊ ပြင်ဦးလွင်မြို့နယ်တွင် ၁ ဒသမ ၃၈ လက်မ၊ ပုသိမ်ကြီးမြို့နယ်တွင် ၁ ဒသမ ၃၅ လက်မ၊ မန္တလေးမြို့တွင် ၁ ဒသမ ၂၆ လက်မ၊ မတ္တရာမြို့နယ်တွင် ၁ ဒသမ၂၆ လက်မ၊ အမရပူရမြို့နယ်တွင် သုည ဒသမ ၈၄ လက်မ၊ ငါန်းဇွန်မြို့နယ်တွင် သုည ဒသမ ၅၈ လက်မ၊ မြစ်ငယ်တွင် သုည ဒသမ၂၈ လက်မ၊ မိတ္ထီလာမြို့နယ်တွင် သုည ဒသမ ၀၆ လက်မနှင့် ရမည်းသင်းမြို့နယ်တွင် သုည ဒသမ ၀၈ လက်မအထိ ရွာသွန်းခဲ့ကြောင်း၊ ဇူလိုင် ၂၇ ရက် အထိ မန္တလေးတိုင်းဒေသကြီးအတွင်း နေရာစိပ်စိပ် မိုးထစ်ချုန်း ရွာသွန်းနိုင်ပြီး နေရာကွက်ကျားမိုးကြီးနိုင်ကြောင်း မန္တလေးမြို့ မိုးလေဝသနှင့်ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနမှ သိရသည်။

မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေလွှမ်းမိုးမှုနှင့် ပျက်စီးဆုံးရှုံးမှု ဖြစ်ပေါ်နေသောမြို့နယ်၊ ကျေးရွာများနှင့် လမ်းများအား ဒေသဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့များ၊ ရပ်မိရပ်ဖများနှင့် အသင်းအဖွဲ့များက အချိန်နှင့်တစ်ပြေးညီ ကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**ထွန်းထွန်းနိုင်(ကျောက်ဆည်)**

# ရှေးဟောင်းရွှေထည်ပစ္စည်းများအပ်နှံသူအား ဂုဏ်ပြုဆုငွေနှင့်မှတ်တမ်းလွှာပေးအပ်

**မန္တလေး ဇူလိုင် ၂၅**

ရတနာပုံခေတ် (ကုန်းဘောင်ခေတ်)ရှေးဟောင်းရွှေထည်ပစ္စည်းများ လာရောက်အပ်နှံသူဆရာတော်ဦးသုနန္ဒအားဂုဏ်ပြုဆုငွေ ၁၉၂၁၄၁၉ ကျပ်အား ဇူလိုင်၂၃ရက်က ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန(မန္တလေးဌာနခွဲ)က ပြန်လည်ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

ထိုသို့ချီးမြှင့်ရာတွင် လက်ရှိပေါက်ဈေးအပြင် ရှေးခေတ်လက်ရာနှင့် ခေတ်ကာလအပိုင်းအခြားကိုပေါင်းစပ်၍ ဂုဏ်ပြုချီးမြှင့်ငွေပေးခြင်းဖြစ်ကြောင်း ၎င်းဌာနမှညွှန်ကြားရေးမှူး ဦးညိုမြင့်ထွန်းကပြောသည်။

"ရှေးဟောင်းပစ္စည်းတွေဖြစ်တဲ့ အဆောက်အအုံတွေ၊ အထောက်အထားတွေအားလုံးဟာ ရှေးယခင်က နည်းပညာတွေကို ဖော်ပြသလို ယဉ်ကျေးမှုနဲ့လူနေမှုအဆင့်အတန်းကို ဖော်ပြရာရောက်တဲ့အတွက်သမိုင်းတန်ဖိုးကြီးမားပါတယ်။အခုဆရာတော်အပ် တဲ့ရွှေထည်ပစ္စည်းတွေဟာခေတ်ကာလ သမိုင်းကြောင်းကို ဖော်ပြပေးတဲ့ အထောက်အထားတစ်ခုအနေနဲ့ တန်ဖိုးအလွန်ကြီးမားပါတယ်။ ရှေးဟောင်းပစ္စည်းတွေကိုတွေ့ရှိရင် ကျွန်တော်တို့ဌာနကိုလာရောက်အပ်နှံပေးဖို့ တိုက်တွန်းလိုပါတယ်"ဟု ၎င်းကပြောသည်။

"ဒီပစ္စည်းတွေကို အိမ်ဆောက်ဖို့ မြေတူးရင်းတွေ့ရှိခဲ့တာပါ။ အခုလို သမိုင်းတန်ဖိုးကြီးမားကြောင်း သိရတဲ့အတွက် ဂုဏ်ယူမိပါတယ်"ဟု ဆရာတော်ဦးသုနန္ဒကမိန့်ကြားသည်။



အဆိုပါပစ္စည်းများအား မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင်၊ မြစ်သားမြို့နယ် ကုန်းရွာကျေးရွာနေ ဦးရွှေဝင်း-ဒေါ်မြသန်းတို့၏နေအိမ်အသစ် ဆောက်ရန်မြေတူးရာမှ တွေ့ရှိခဲ့သော ရွှေနားဒ္ဒေါင်းနှစ်ခု၊ အရိုးလုံးပါ ရွှေကြယ်သီးနှစ်ခု၊ ရွှေဆွဲပြားနှစ်ခုနှင့် ကြေးကြုတ်အပိုင်းအစခုနစ်ခုတို့ကို ဧပြီ ၂၃ ရက်တွင် လာရောက်အပ်နှံခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**

စာအုပ်စာပေ
လူ့မိတ်ဆွေ

# သတိပေးနှိုးဆော်ချက်

၁။ ရန်ကုန်မြို့တော်အတွင်း၌ မြို့တော်အင်္ဂါရပ်နှင့်အညီ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများ တိုးတက်ကောင်းမွန်အောင် အစိုးရနှင့် ဌာနဆိုင်ရာအဖွဲ့အစည်းအသီးသီးမှ အကောင်အထည်ဖော်ဆောင်ရွက်နေသကဲ့သို့ ပြည်သူများမှလည်း ပူးပေါင်းပါဝင်ဆောင်ရွက်လျက်ရှိပါသည်။ သို့ရာတွင် နေ့စဉ်သွားလာနေကြသော မော်တော်ယာဉ်များအနက် အချို့သောမော်တော်ယာဉ်များမှာ အသံဆူညံမှုကိုဖြစ်စေသော ပါဝါအိတ်ဇောများ တပ်ဆင်မောင်းနှင်အသုံးပြုနေသဖြင့် ပြည်သူများအနေဖြင့် စိတ်အနှောင့်အယှက်ဖြစ်ခြင်း၊ ပတ်ဝန်းကျင်အား အထိတ်တလန့်ဖြစ်ခြင်းတို့ ကြုံတွေ့နေရပါသည်။

၂။ သို့ပါ၍ အဆိုပါ စည်းကမ်းမဲ့ယာဉ်များအား တည်ဆဲဥပဒေနှင့်အညီ စစ်ဆေးအရေးယူခဲ့ရာ၌ ယာဉ်သက်တမ်း (၁)လ ပိတ်သိမ်းဆောင်ရွက်ခဲ့သော်လည်း စည်းကမ်းလိုက်နာမှုအားနည်းနေကြောင်း တွေ့ရှိရသဖြင့် ပါဝါအိတ်ဇောတပ်ဆင်မောင်းနှင်သော မော်တော်ယာဉ်များ စစ်ဆေးတွေ့ရှိရပါက မော်တော်ယာဉ် မှတ်ပုံတင်ခြင်းကို တည်ဆဲဥပဒေနှင့်အညီ အနည်းဆုံး (၁)နှစ် ရပ်စဲမည်ဖြစ်ကြောင်း သတိပေးနှိုးဆော်အပ်ပါသည်။

**ရန်ကုန်တိုင်းဒေသကြီးယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ**



# အန်ဂျလီနာဂျိုလီရိုက်ကူးနေတဲ့ကမ္ဘောဒီးယားရုပ်ရှင်

ဟောလိဝုဒ်ကြယ်ပွင့် အန်ဂျလီနာဂျိုလီသည် Netflix မီဒီယာက ထုတ်လွှင့်ပြသမည့် ကမ္ဘောဒီးယားရုပ်ရှင် "First They Killed My Father: A Daughter of Cambodia Remembers "တွင် ဒါရိုက်တာတစ်ဦးအဖြစ်တာဝန်ယူ ရိုက်ကူးလျက်ရှိကြောင်း ဇူလိုင် ၂၄ရက်က ထုတ်ဖော်ပြောကြားခဲ့သည်။



အန်ဂျလီနာဂျိုလီနှင့်သူ၏သား မက်ဒေါက်။

အဆိုပါရုပ်ရှင်သည် ကမ္ဘောဒီးယားလူ့အခွင့်အရေးလှုပ်ရှားသူ စာရေးဆရာမလောင်အွန်ရေးသားခဲ့သော စာအုပ်ကို လောင်အွန်နှင့်ဂျိုလီတို့က ဇာတ်ညွှန်းရေးသားပြီး အော်စကာစာရင်းဝင် " The Missing Picture"ရုပ်ရှင်ဇာတ်ကားကိုရိုက်ကူးခဲ့သော ဒါရိုက်တာ ရစ်သီပန့်ချ်က ဂျိုလီနှင့်အတူတွဲဖက်ရိုက်ကူးထုတ်လုပ်သွားမည်ဖြစ်သည်။

၂၀၀၀ပြည့်နှစ်က ထုတ်ဝေခဲ့သော လောင်အွန်၏ယင်းစာအုပ်သည်သူ၏ကိုယ်ရေးအတ္ထုပ္ပတ္တိလည်းဖြစ်ကာ ကမ္ဘောဒီးယားတွင် ခမာနီတို့ အင်အားကြီးစဉ်က ဖြစ်ပျက်ခဲ့သော အကြောင်းအရာများကို ရေးသားထားသည့် စာအုပ်ဖြစ်သည်။ ထိုစဉ်က အသက်ခြောက်နှစ်အရွယ်လောင်အွန်သည် မိဘမဲ့ဂေဟာတစ်ခုတွင် ကလေးစစ်သားတစ်ဦးအဖြစ်လေ့ကျင့်ပေးခြင်းခံခဲ့ရပြီး သူ၏မွေးချင်းခြောက်ယောက်မှာမူ အလုပ်စခန်းများသို့ ပို့ဆောင်ခြင်းခံခဲ့ရသည်။ ၎င်းစာအုပ်ကို ဂျိုလီကဖတ်ရှုခဲ့ပြီးနောက် လောင်အွန်နှင့်ဆက်သွယ်ခဲ့ကာ ယခုကဲ့သို့ရုပ်ရှင်အဖြစ်ပြန်လည်ဖန်တီးခဲ့ခြင်းဖြစ်သည်။

ဂျိုလီက " ကျွန်မ လောင်ရဲ့စာအုပ်ကိုဖတ်လိုက်ရတော့ အရမ်းခံစားရတယ်။ ကလေးတွေရဲ့ စစ်ပွဲကြောင့်ရတဲ့အတွေ့အကြုံတွေ၊ စစ်ပွဲကပေးတဲ့ဒဏ်ရာတွေက သူတို့ရဲ့ စိတ်မှတ်ဉာဏ်ကို ဘယ်လောက်ထိသက်ရောက်မှုရှိတယ်ဆိုတာ နက်နက်ရှိုင်းရှိုင်းနားလည်လာတယ်။ ဒီဇာတ်ကားကြောင့် ကျွန်မသားလေး မက်ဒေါက်ရဲ့ မွေးရပ်မြေဖြစ်တဲ့ ကမ္ဘောဒီးယားနိုင်ငံနဲ့ ကမ္ဘောဒီးယားလူမျိုးတွေနဲ့ ပိုမိုနီးစပ်လာတယ်လို့လည်း ခံစားရပါတယ်။ ဒီစာအုပ်ကို ဖန်သားပြင်ပေါ်ရောက်အောင် ဖန်တီးချင်ခဲ့တာ ကျွန်မရဲ့ စိတ်ကူးအိပ်မက်တစ်ခုမို့ ကူညီပေးတဲ့ လောင်နဲ့ ရစ်သီပန့်ချ်တို့ကိုလည်းကျေးဇူးတင်ပါတယ် " ဟုပြောခဲ့သည်။

စာရေးဆရာမ လောင်အွန်က " ကျွန်မ ဂျိုလီနဲ့ ၂၀၀၁ခုနှစ်က ကမ္ဘောဒီးယားမှာပဲ စတင်ဆုံတွေ့ခဲ့တာ။ ဒီနှစ်တွေမှာ မိတ်ဆွေတွေဖြစ်ခဲ့ပြီး သူရဲ့မိန်းမပီသတဲ့စိတ်ဓာတ်၊ မိခင်ပီသတဲ့စိတ်၊ အောင်မြင်တဲ့ရုပ်ရှင်ထုတ်လုပ်သူနဲ့ လူ့အခွင့်အရေးလှုပ်ရှားသူတစ်ဦးအဖြစ် လေးစားခဲ့တယ်။ ဒါ့ကြောင့်လည်း ကျွန်မတို့မိသားစုအကြောင်းကို ယုံယုံကြည်ကြည်နဲ့ ရုပ်ရှင်ရိုက်ခွင့်ပြုခဲ့တာပါ" ဟုဆိုသည်။

အဆိုပါရုပ်ရှင်တွင် ဂျိုလီ၏သားဖြစ်သူ မက်ဒေါက်လည်းပါဝင်သရုပ်ဆောင်ထားကာ ကမ္ဘောဒီးယားနှင့် အင်္ဂလိပ်ဘာသာစကားနှစ်မျိုးလုံးဖြင့် ရိုက်ကူးထုတ်လုပ်သွားမည်ဖြစ်ပြီး ရုပ်ရှင်ပွဲတော်များတွင် ပါဝင်ပြသနိုင်ရန် ရည်ရွယ်ရိုက်ကူးကြောင်းလည်း Netflix က ထုတ်ဖော်ပြောဆိုခဲ့သည်။

## သူငယ်ချင်းအတွက် ချစ်ခွင့်ပန်ပို့ကူညီခဲ့တဲ့ အက်ဒ်ရှီရန်

အသက်(၂၄)နှစ်အရွယ် "Think It Out Loud" အဆိုတော် အက်ဒ်ရှီရန်သည် သူ၏သူငယ်ချင်းဖြစ်သူ "Rixton"တေးဂီတအဖွဲ့မှ ဂျိတ်ခ်ရိုခ်ီကချစ်သူ "Little Mix" အမျိုးသမီးတေးဂီတအဖွဲ့ဝင် ဂျေစီနယ်လ်ဆန်ကို ချစ်ခွင့်ပန်ရာတွင် ကူညီပေးခဲ့သည်။

အက်ဒ်ရှီရန်သည် ဂျိတ်ခ်က ချစ်သူသက်တမ်းတစ်နှစ်ပြည့်အတွက် ရည်ရွယ်ပြုလုပ်ခဲ့သော အံ့အားသင့်ဖွယ်စိတ်ကူးယဉ်ဆန်ဆန်ချစ်ခွင့်ပန်ရန်စီစဉ်ခဲ့ရာတွင် အစီအစဉ်အထမြောက်ရန် အဓိကနေရာက ပံ့ပိုးပေးခဲ့ရာ သူ့ကိုပရိသတ်များက အချစ်သူရဲကောင်းကြီးဟုပင် လူမှုကွန်ရက်မီဒီယာများပေါ်၌ တင်စားရေးသားလာကြသည်။

"Little Mix"အဖွဲ့သည် သူတို့၏ ဖျော်ဖြေရေးပွဲကို ကျင်းပနေစဉ် အက်ဒ်ရှီရန်က ဧည့်သည်အဆိုတော်အဖြစ် ပါဝင်ဖျော်ဖြေခဲ့ရာ ဒက်ဒ်သီချင်းစတင်မဆိုမီ သူငယ်ချင်းဖြစ်သူ ဂျိတ်ခ်က ရုတ်တရက်စင်ပေါ်တက်ရောက်လာခဲ့ပြီး ယခုကဲ့သို့ ချစ်သူကိုဒူးထောက်ကာ ချစ်ခွင့်ပန်ခဲ့ခြင်းဖြစ်သည်။ ဂျေစီမှာ ချစ်သူ၏အပြုအမူကြောင့်အလွန်အံ့အားသင့်ခဲ့ရကာ ထိုကဲ့သို့သော ရင်ခုန်ပျော်ရွှင်ဖွယ်အချိန်အတွင်း အက်ဒ်က သူတို့စုံတွဲ ၏ အကြိုက်နှစ်သက်ဆုံးသော တေးသီချင်းကို နောက်ခံတီးလုံးလေးအဖြစ် ညင်ညင်သာသာတီးခတ်ပေးခဲ့သေးသည်။

သူငယ်ချင်းဖြစ်သူ ဂျိတ်ခ်က အက်ဒ်ရှီရန်၏ကူညီမှုကြောင့် သူ့ဘဝအတွက် အကောင်းဆုံးသော အချိန်ကို ဖန်တီးနိုင်ခဲ့သည့်အတွက် အက်ဒ်ကို များစွာကျေးဇူးတင်ရှိကြောင်းနှင့် ဂျက်စီကလည်း သူ့အတွက် ရင်အခုန်ရဆုံးအချိန်ကို ဖန်တီးပေးသည့်ချစ်သူနှင့် ကူညီပေးခဲ့သော အက်ဒ်အား ကျေးဇူးတင်ရှိကြောင်း လူမှုကွန်ရက်မီဒီယာများမှတစ်ဆင့် ရေးသားဖော်ပြခဲ့ကြသည်။

အေးပြည့် - စုစည်းသည်



## ခွဲစိတ်ကုသမှုခံယူပြီးနောက် ဆမ်စမစ်သ်၏ ပထမဦးဆုံးသီချင်းသစ်ထွက်ရှိ

ဗြိတိန်ပေါ့ပ်အဆိုတော် ဆမ်စမစ်သ်သည် ပြီးခဲ့သည့်နွေရာသီက နယ်လှည့်ဖျော်ဖြေရေးခရီးစဉ်အတွင်း အသံအိုးထိခိုက်ခဲ့ရာ ခွဲစိတ်ကုသမှုခံယူခဲ့ပြီးသည့်နောက် ပထမဆုံးအကြိမ်ပြန်လည်သီဆိုသည့် သီချင်းသစ်" Omen"ကို သီချင်းစာသားနှင့်တကွ သူ၏တွစ်တာစာမျက်နှာပေါ်တွင် ဇူလိုင်၂၅ရက်က ထုတ်လွှင့်ခဲ့သည်။

အဆိုပါသီချင်းသစ်ကို ဆမ်စမစ်သ်သည် သူ့အတွက် ကြီးမားသောအောင်မြင်မှုများကို ဆောင်ကြဉ်းပေးခဲ့သည့် ၂၀၁၂ခုနှစ်က ထုတ်လွှင့်ခဲ့သော "Latch " တေးအယ်လ်ဘမ်တွင် အတူတီးခတ်ဖျော်ဖြေပေးခဲ့သည့် "Disclosure " တီးဝိုင်းနှင့်ပင် တွဲဖက်သီဆိုထားပြီး ထုတ်လွှင့်ခဲ့သော သီချင်းနမူနာအရ သူ့အသံသည် အသံအိုးခွဲစိတ်ကုသမှု မခံယူမီကဲ့သို့ပင် ထူးခြားစွဲမက်ဖွယ်ကောင်းဆဲဖြစ်သည်။ "Omen" သီချင်း၏တေးဗီဒီယိုကို ဇူလိုင်၂၇ရက် (တနင်္လာနေ့)တွင် စတင်ဖြန့်ချိသွားရန်မျှော်လင့်ရကြောင်းအမ်တီဗွီနယူးစ်ဒေ့ါကွန်းတွင်ဖော်ပြခဲ့သည်။

---

## MTVတေးဗီဒီယိုဆုပေးပွဲကို တာဝန်ယူတင်ဆက်ပေးမယ့် မိုင်လီဆိုင်းရပ်စ်

အမေရိကန်ပေါ့ပ်အဆိုတော် မိုင်လီဆိုင်းရပ်စ်သည် MTVရုပ်သံလိုင်းမှ ပေးအပ်ချီးမြှင့်သည့် ၂၀၁၅ခုနှစ်အတွက် တေးဗီဒီယိုဆုပေးပွဲအခမ်းအနားတွင် အစီအစဉ်တင်ဆက်သူအဖြစ် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သူ၏လူမှုကွန်ရက်မီဒီယာမှတစ်ဆင့် အတည်ပြုပြောကြားခဲ့သည်။

မိုင်လီက သူ၏အင်စတာဂရမ်စာမျက်နှာပေါ်တွင်လည်း အဆိုပါဆုပေးပွဲ၌ သူ့ကို ပါဝင်ဖျော်ဖြေခွင့်ပြုမည်မဟုတ်ကြောင်း၊ သို့ဖြစ်၍ ယခုကဲ့သို့ အခမ်းအနားမှူးအဖြစ်သာ ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း ရေးသားဖော်ပြခဲ့သည်။

၂၀၁၅ခုနှစ် တေးဗီဒီယိုဆုပေးပွဲကို အမေရိကန်နိုင်ငံ လော့စ်အိန်ဂျယ်လိစ်ရှိ မိုက်ခရိုဆော့ဖ် ပြဇာတ်ရုံတွင် ဩဂုတ် ၃၀ရက် ည ၉ နာရီတွင် ကျင်းပသွားမည်ဖြစ်သည်။

# ရုပ်မြင်သံကြားအစီအစဉ်များ

၂၆ - ၇ -၂၀၁၅ (တနင်္ဂနွေနေ့)

## မြန်မာ့ရုပ်မြင်သံကြား Entertainment Chammel

- ၆း၀၀ အဖွင့် -မြို့မငြိမ်း(၁၀၅)နှစ်မြောက် အထိမ်းအမှတ် မန္တလေးမြို့မတူရိယာအသင်းနှင့် နိုင်ငံတော်သံစုံတီးဝိုင်းတို့၏ ပူးပေါင်းဖျော်ဖြေတင်ဆက်မှု အစီအစဉ် (အပိုင်း-၂)
- ၆း၂၅ မြန်မာဗီဒီယိုဇာတ်လမ်း "လိပ်ပြာခေါ်သံ" (ခန့်စည်သူ၊ ထွန်းအိန္ဒြာဗို၊ ရွှေမှုံရတီ) (ဒါရိုက်တာ-ဇန်းကြီး (မောင်အောင်-ရှုပဗေဒ)
- ၇း၅၅ ဝတ်စားဆင်ယင်မှုပြပွဲ (တေးဂီတ)
- ၈း၁၀ ချစ်စရာ့အရွယ်ကစားကြမယ်
- ၈း၄၀ ဆိုကြမယ်၊ ပျော်ကြမယ်
- ၉း၂၅ မြန်မာရုပ်ရှင် (ဆေးရောင်စုံ) "အထာအသစ်နဲ့ နှစ်ခါချစ်မယ်" (နေတိုး၊ ရန်အောင်၊ မင်းမော်ကွန်း၊ ဝတ်မှုံရွှေရည်၊ ချစ်သုဝေ၊ စိုးမြတ်သူဇာ၊ ကြည်လဲ့လဲ့ဦး) (ဒါရိုက်တာ-ညီညီထွန်းလွင်)
- ၁၂း၀၀ အစီအစဉ်ပြီး၏။

တစ်နေ့ ၆ နာရီစာ လေးကြိမ်ပြသပါမည်။

## မြဝတီ

- ၆း၀၃ တရားတော်
- ၆း၁၅ မေတ္တာပို့
- ၆း၂၅ ဓမ္မပူဇာတေး
- ၆း၃၀ ကိုယ်လက်လှုပ်ရှားအားကစား
- ၈း၁၅ စိုက်ပျိုးသုတ
- ၈း၂၅ DVD Hits
- ၈း၃၅ အင်္ဂလိပ်စာသုတ
- ၈း၅၅ မြန်မာပြည်တွင်ထုတ်လုပ်သည်
- ၁၁း၀၀ English For Myanmar
- ၁၁း၁၅ Lucky Door
- ၁၂း၀၀ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - ဂယ်ဂျိုရဲ့ဖိနပ်တစ်ရံ
- ၁၃း၁၉ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - စက်ရုပ်ချစ်သူ (အပိုင်း-၃၉)
- ၄း၂၅ လျှပ်တစ်ပြက်
- ၄း၃၅ သီဆိုဖြေဖျော်တစ်ကိုယ်တော်
- ၄း၅၅ မြဝတီရုပ်မြင်သံကြား မဂ္ဂဇင်းကဏ္ဍ
- ၅း၀၀ သာယာသီကြွေးခေတ်ဆန်းတေး
- ၅း၁၀ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - ဂါလီမာ(အပိုင်း-၄၇)
- ၅း၄၀ ဒီဖိုင်နာတို့ရဲ့ဒီဖိုင်း
- ၆း၁၀ ဘဝကြေးမုံ
- ၆း၃၅ လူစွန့်စားခရီးသွားနေသည်
- ၇း၀၀ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - ပန်းခူးသူဆူးစူးပါစေ (အပိုင်း-၆၆) - VOA အင်္ဂလိပ်စာသင်ခန်းစာ - ပဟေဠိနန်းတော် - ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင် - ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - အဆုံးမရှိ (အပိုင်း-၆)

## MRTV - 4

- ၅း၀၀ ပဌာန်းပါဠိတော် + ပရိတ်နိဒါန်း၊မင်္ဂလသုတ်
- ၂း၂၀ Thai Fight
- ၃း၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "လျှို့ဝှက်ဒဏ္ဍာရီ" (အပိုင်း-၂)
- ၃း၄၅ Healthy Life (Maternity Package)
- ၄း၀၅ Cartoon Series (Go Go Giggles)
- ၄း၂၅ Cartoon Series (Go Torara Go)
- ၉း၂၅ အကယ်ဒမီစန္ဒရားလှထွတ် (အမျိုးသားစာပေဆုရှင်) (၁၅) နှစ်ပြည့်အမှတ်တရ ဂုဏ်ပြု အစီအစဉ် "အလှသစ္စာတရား" ဂုဏ်ပြုဂီတဖျော်ဖြေပွဲ (အပိုင်း-၂)
- ၁၀း၃၀ Sunday Talk (ဦးညီဝင်းမှန်၊ ဦးမျိုးမြတ်သူ)
- ၁၁း၄၀ တန်ခိုးကြီးမားဘုရားစေတီပုထိုးများ ("ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး" "သတ္တသတ္တာဟ မဟာဗောဓိ စေတီတော်မြတ်ကြီး" )
- ၂း၁၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "နေရောင်အောက်မှ ပွင့်သောပန်း" (အပိုင်း-၃၅)
- ၃း၅၀ အများထဲကတစ်ယောက်

## mitv

- Home Grown Treasure
- Writer, Philanthropist: Daw Than Myint Aung (Part-II)
- Sagaing: Gold Leaf
- Short Trip With Steve (Taungyi Trip)
- Egg Shell
- Oboist and His Life
- Independent Filmmaker
- A Traditional Doctor
- Food Trip (EP-1) (Part-1)
- Today Myanmar
- Sai Htee Hseng Or An Exceptional Music Star From Shan Plateaus (Ep-1)
- Now in Ayeyarwady
- The Prayer Halls And Buddha Images (Part-2)
- My Life & My Art
- Sagaing: Pe Kwel Kone Nat Festival
- Caves of Myanmar
- Let's Cook (EP-8) Caesar Salad and Scrumptious Crackers with Assorted Toppings
- Natural Lake: Fish Breeding Business
- Mogok: The Colourful Land of Rubies
- Creations of a Designer
- Daingnak Style
- Civic Duty
- Photographer: Kyaw Win Hlaing (YUC)

## စစ်ကိုင်းမြို့တည်နန်းတည် နှစ်(၇၀၀)ပြည့်ပွဲတော် အထိမ်းအမှတ် ဘောလုံးပြိုင်ပွဲကျင်းပပြီးစီး

**စစ်ကိုင်း ဇူလိုင် ၂၅**

စစ်ကိုင်းမြို့တည် နန်းတည်နှစ်(၇၀၀) ပြည့်ပွဲတော်အထိမ်း အမှတ်အဖြစ် သီရိပုံချီ ဦးခင်မောင်မြင့်မှ ပံ့ပိုးကူညီ ကျင်းပသည့် အမျိုးသားဘောလုံး ပြိုင်ပွဲ ဗိုလ်လုပွဲကိုယမန်နေ့ ညနေပိုင်းက စစ်ကိုင်းမြို့ရှိ ပိုးတန်းအားကစား ကွင်း တွင်ကျင်းပရာ အနောက်ပိုင်း လူငယ်အသင်းက CSC အသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရဗိုလ်စွဲသွားသည်။ ဗိုလ်လုပွဲမကစားမီ ပြိုင်ပွဲအား အဓိကပံ့ပိုးကူညီသည့် သီရိပုံချီ ဦးခင်မောင်မြင့်နှင့် တာဝန်ရှိသူများက နှစ်ဖက်အသင်းသားများအား လိုက်လံ နှုတ်ဆက်သည်။



ဗိုလ်လုပွဲအပြီးတွင် ဆုချီးမြှင့်ပွဲကို ဆက်လက်ကျင်းပရာ နေရာအလိုက် အကောင်းဆုံးဆုများ၊ ပူးတွဲတတိယဆုရ မန်ဆဲအသင်းနှင့် မီးရထားအသင်း၊ ဒုတိယဆုရ CSC အသင်းတို့အား တစ်ဦးချင်းဆုတံဆိပ်များနှင့် ငွေသားဆုများကို စစ်ကိုင်းတိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီးဦးတင်လှိုင်မြင့်၊ လူမှုရေးဝန်ကြီး ဒေါက်တာမြင့်သိန်း၊ ဇေယျာရွှေမြေအသင်း ဥက္ကဋ္ဌ ဦးသူရိန်၊ ပြိုင်ပွဲကျင်းပရေးကော်မတီဥက္ကဋ္ဌ ဦးတင်ထွန်းနှင့် တာဝန်ရှိသူများက ဆုများချီးမြှင့်ကြပြီး နိုင်ပြည့်စုံ အထည်ချုပ်လုပ်ငန်းမှ ဦးခင်မောင်ဆွေက အားကစားဝတ်စုံများ ချီးမြှင့်သည်။

ထို့နောက် ပြိုင်ပွဲအား အဓိက ပံ့ပိုးကူညီသည့် သီရိပုံချီ ဦးခင်မောင်မြင့်က ပထမဆုရ အနောက်ပိုင်း လူငယ်အသင်းအားတစ်ဦးချင်းဆုတံဆိပ်၊ ဆုကြေးငွေနှင့် ချန်ပီယံဆုဖလားတို့ကိုပေးအပ် ချီးမြှင့်သည်။**(အပေါ်ပုံ)**

**ဖိုးသော်ဇင်**

■

## နွေရာသီအပြောင်းအရွှေ့ကာလအတွင်း ဘင်ဇီမာနှင့် လီဝန်ဒေါ်စကီးတို့အားခေါ်ယူရန် အာဆင်နယ်ပြင်ဆင်

အင်္ဂလန်ပရီမီယာလိဂ်ကလပ် အာဆင်နယ်အသင်းသည် လာမည့်နွေရာသီအပြောင်းအရွှေ့ကာလအတွင်း အသင်း၏ တိုက်စစ်ကိုအားဖြည့်ရန်အတွက် အရည်အသွေးမြင့် ထိပ်တန်းတိုက်စစ်မှူးတစ်ဦးကို မဖြစ်မနေ ခေါ်ယူရန် စီစဉ်နေကြောင်းသိရသည်။

အာစင်နယ်နည်းပြဖြစ်သူ အာဆင်ဝင်းဂါးမှာ လာမည့်ဘောလုံးရာသီတွင် အောင်မြင်မှုများရရှိရန်အတွက် ကမ္ဘာ့အဆင့်တိုက်စစ်မှူးတစ်ဦးကို မြင့်မားသည့် ပြောင်းရွှေ့ကြေးတစ်ရပ်ဖြင့် ခေါ်ယူရန်ဆန္ဒရှိနေပြီး ရီးယဲလ်မက်ဒရစ်အသင်း၏ ပြင်သစ်တိုက်စစ်မှူး ကာရင် ဘင်ဇီမာအား လာမည့်ရက်ပိုင်းအတွင်း တရားဝင်ကမ်းလှမ်းသွားရန် ပြင်ဆင်လျက်ရှိကြောင်းသိရသည်။ ဘင်ဇီမာမှာလည်း ပရီမီယာလိဂ်သို့ ပြောင်းရွှေ့ကစားရန် ဆန္ဒရှိနေကြောင်း သတင်းများထွက်ပေါ်နေပြီး ၎င်းအား အာဆင်နယ်အသင်းအပြင် အခြားဥရောပကလပ်အသင်းများစွာက ခေါ်ယူရန် ချိတ်ဆက်လျက်ရှိကြောင်း သိရသည်။

သို့သော် ရီးယဲလ်မက်ဒရစ်အသင်းအနေဖြင့် ဘင်ဇီမာအားလက်လွှတ်ဖွယ်မရှိဘဲ ကစားသမားကိုယ်တိုင်မှာလည်း ပြီးခဲ့သည့်လအနည်းငယ်ခန့်က ၂၀၁၈ ခုနှစ်အထိ အသင်းနှင့်အတူဆက်လက်ရှိနေမည့် စာချုပ်သစ်သက်တမ်းတိုးမြှင့်ထားခဲ့ခြင်းဖြစ်သည်။ ထို့ကြောင့် အာဆင်နယ်အသင်းမှာ ဘင်ဇီမာအား ခေါ်ယူရန်အဆင်မပြေခဲ့ပါက ဘိုင်ယန်မြူးနစ်အသင်း၏ ပိုလန်တိုက်စစ်မှူး လီဝန်ဒေါ်စကီးအား ခေါ်ယူသွားရန် ပစ်မှတ်ထားနေပြီး အနည်းဆုံး ပေါင်သန်း ၄၀ ကျော်ခန့်အသုံးပြုသွားရန် အသင့်ရှိနေကြောင်း သိရသည်။

သို့သော် အာဆင်နယ်အသင်းအနေဖြင့် လီဝန်ဒေါ်စကီးအား အလွယ်တကူခေါ်ယူနိုင်ဖွယ်မရှိဘဲ မန်ယူအသင်းကပါ ၎င်းအားခေါ်ယူရန် စိတ်အားထက်သန်နေသောကြောင့် ဈေးအပြိုင်ပေးကမ်းလှမ်း ခေါ်ယူရဖွယ်ရှိနေကြောင်း ဗြိတိန်သတင်းစာကဖော်ပြခဲ့သည်။

အာဆင်နယ်အသင်းမှာ ယခုနှစ်နွေရာသီအပြောင်းအရွှေ့ကာလအသုံးစရိတ်အဖြစ် ပေါင်သန်း ၅၀ ကျော်သုံးစွဲခွင့်ရရှိမည်ဖြစ်ပြီး အာဆင်နယ်အသင်း၏ တာဝန်ရှိသူများအနေဖြင့် မကြာမီကာလအတွင်း ထိပ်တန်းအဆင့် တိုက်စစ်မှူးတစ်ဦးကိုခေါ်ယူရန် အပူတပြင်းကြိုးပမ်းလျက်ရှိကြောင်းသိရသည်။ ထို့ပြင် ဂျူဗင်တပ်စ်တိုက်စစ်မှူး လော်ရန်တေးနှင့် ဒေါ့မွန်တိုက်စစ်မှူး အော်ဘာမီယန်းတို့မှာလည်း အာစင်ဝင်းဂါး၏ ကစားသမားအဝယ်စာရင်းတွင် ထိပ်ဆုံးနေရာမှရှိနေကြောင်းဗြိတိန်မီဒီယာများက ဖော်ပြခဲ့ကြသည်။

**ကိုရဲ**

## ဒေးဗစ်ဖလားပြိုင်ပွဲတွင် ဆွစ်ဇာလန်ကိုယ်စားပြုအဖြစ် ဖက်ဒဲရာနှင့်ဝေါ်ရင်ကာတို့ဝင်ရောက်ယှဉ်ပြိုင်မည်

ဒေးဗစ်ဖလား အုပ်စုအဆင့်ရှုံးထွက်ပွဲစဉ်၌ ဆွစ်ဇာလန်အသင်းကိုယ်စားပြုအဖြစ် ဆွစ်တင်းနစ်အကျော်အမော် ဖက်ဒဲရာနှင့်ဝေါ်ရင်ကာတို့နှစ်ဦးလုံးဝင်ရောက်ယှဉ်ပြိုင်ကြမည်ဟု ဆွစ်ဇာလန်တင်းနစ်အဖွဲ့ချုပ်က အတည်ပြုထုတ်ပြန်ခဲ့သည်။ ယင်းရှုံးထွက်ပွဲစဉ်ကို စက်တင်ဘာ ၁၈မှ ၂၀ ရက်အထိ ကစားရမည်ဖြစ်ပြီး ဆွစ်ဇာလန်နှင့် နယ်သာလန်အသင်းတို့ တွေ့ဆုံယှဉ်ပြိုင်ရမည်ဖြစ်သည်။

ပြီးခဲ့သည့်၂၀၁၄ နိုဝင်ဘာကပင် ကမ္ဘာ့အဆင့်(၂)ဖက်ဒဲရာနှင့် အဆင့်(၄)ဝေါ်ရင်ကာတို့ နှစ်ဦးတို့ဝင်ရောက်ကစားခဲ့သည့် ဆွစ်ဇာလန်အသင်းက ပြင်သစ်အသင်းအား အနိုင်ယူကာ ဆွစ်ဇာလန် နိုင်ငံအတွက် ပထမဆုံးသော ဒေးဗစ်ဖလားကို ဆွတ်ခူးပေးခဲ့သည်။ ဆွစ်ဇာလန်အသင်းသည် ပထမအဆင့်ပတ်လည်ပွဲစဉ်တွင် အဆိုပါကြယ်ပွင့်ကစားသမားနှစ်ဦးမပါဘဲ ဘယ်လ်ဂျီယံအသင်းနှင့်ယှဉ်ပြိုင်ခဲ့ရာ ၃-၂ဖြင့်အရေးနိမ့်ခဲ့သည်။

ဆွစ်ဇာလန်နှင့်နယ်သာလန်အသင်းတို့သည် ၂၀၁၂ကလည်း ယခုကဲ့သို့ပင် ရှုံးထွက်ပွဲစဉ်၌တွေ့ဆုံယှဉ်ပြိုင်ခဲ့ရာ ၅-၃ဖြင့်အနိုင်ရခဲ့သေးသည်။ ထို့ပြင် ဆွစ်ဇာလန် အသင်းအနေဖြင့် အိမ်ကွင်းကစားခဲ့သည့်ပွဲစဉ်များတွင် နယ်သာလန်အသင်းအား ၁၉၈၃ ခုနှစ်ကတည်းက ရှုံးနိမ့်ခဲ့ခြင်းမရှိခဲ့ရာ ဆွစ်ပရိသတ်များ အပြည့်အဝကျေနပ်ပျော်ရွှင်ရန်အလားအလာများနေသည်။ ဖက်ဒဲရာက ဆွစ်ဇာလန်အသင်းအနေဖြင့်နောက်တစ်ဆင့်တက်ရောက်နိုင်မည်ဟု မျှော်လင့်ထားကြောင်းဆိုခဲ့သည်။

နိုင်ငံအလိုက် တင်းနစ်ကမ္ဘာ့အဆင့်ရပ်တည်မှုတွင် ဆွစ်ဇာလန်က ချက်အသင်း၏အောက် ဒုတိယနေရာ၌ ရပ်တည်နေသည်။

**မေလှဲ့သင်း**



၂၀၁၄ ဒေးဗစ်ဖလားတွင် ဆွစ်ဇာလန်အသင်း ဗိုလ်စွဲပြီးနောက် တွေ့ရသည့် ဖက်ဒဲရာနှင့် ဝေါ်ရင်ကာ။

## လှည်းကူးမြို့၌ မြို့နယ်အုပ်ချုပ်ရေးမှူးဖလား အားကစားပြိုင်ပွဲများ ကျင်းပ

**လှည်းကူး ဇူလိုင် ၂၅**

ရန်ကုန်တိုင်းဒေသကြီး မြောက်ပိုင်းခရိုင် လှည်းကူးမြို့၌ မြို့နယ်အုပ်ချုပ်ရေးမှူးဖလား (ဖူဆယ်ဘောလုံး၊ ပိုက်ကျော်ခြင်း၊ ဘော်လီဘော)အားကစားပြိုင်ပွဲများကို ဇူလိုင် ၂၃ ရက် နံနက် ၉ နာရီက မြို့နယ်အားကစားခန်းမ၌ ကျင်းပခဲ့ပါသည်။

အဆိုပါ အခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီး အား/ကာမှူး၊ ဒုတိယညွှန်ကြားရေးမှူး ဦးအောင်မိုး၊ ခရိုင်အား/ကာမှူး ဒေါ်မူမူထိုက်၊ မြို့နယ် အုပ်ချုပ်ရေးမှူး ဦးစန်းအောင်၊ မြို့နယ်ဖွံ့ဖြိုးရေးအထောက်အကူပြုကော်မတီ ဥက္ကဋ္ဌ ဦးကြီးလှိုင်၊ မြို့နယ် အား/ကာမှူး ဦးသန်းဇော်နှင့် မြို့နယ်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအဖွဲ့အသီးသီးမှ တာဝန်ရှိသူများ ပြည်သူလူထုနှင့် ပြိုင်ပွဲဝင် အားကစားသမားများ တက်ရောက်ခဲ့သည်။

အားကစားပြိုင်ပွဲများကို ဇူလိုင် ၂၃ မှ ၃၀ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**လှကြွယ်**





## အပြောင်းအရွှေ့ဈေးကွက်အား ပရီမီယာလိဂ်အသင်းများ လွှမ်းမိုးနေမှုကို ဘာစီလိုနာတားဆီးသွားမည်

လက်ရှိဘောလုံးလောက အပြောင်းအရွှေ့ဈေးကွက်အား ပရီမီယာလိဂ်အသင်းများလွှမ်းမိုးလာနေပြီး ကမ္ဘာ့ထိပ်တန်းကစားသမားများ ပရီမီယာလိဂ်ကလပ်များသို့ သွားရောက်ကစားမည်ကို ဘာစီလိုနာအနေဖြင့် ရပ်တန့်သွားမည်ဟု ဥက္ကဋ္ဌဘာမူတိုက ပြောကြားခဲ့သည်။ သို့သော် ရုပ်သံလွှင့်စာချုပ်သစ်အရ အင်္ဂလန်ကလပ်အသင်းများအနေဖြင့် ရုပ်သံထုတ်လွှင့်ကြေးပေါင် ၅ ဒသမ ၁ဘီလီယံအထိ ရရှိမည်ဖြစ်ရာ ၂၀၁၆-၂၀၁၇ဘောလုံးရာသီအထိ ဘဏ္ဍာရေးအခြေအနေအတောင့်တင်းဆုံးအနေအထားတွင် ရှိနေဦးမည်ဖြစ်သည်။

သို့သော်ယင်းကဲ့သို့အင်္ဂလန်ကလပ်များ၏ ခြိမ်းခြောက်လာမှုကို ဘာစီလိုနာအသင်းအနေဖြင့် တားဆီးနိုင်မည်ဟု ဘာမူတိုက ယုံကြည်နေသည်။ ထို့ပြင် ပရီမီယာလိဂ်ထိပ်တန်းကစားသမားနှစ်ဦးဖြစ်သည့် ဂါရတ်ဘေးလ်နှင့် ဆွာရက်ဇ်တို့နှစ်ဦး လာလီဂါသို့ ပြောင်းရွှေ့ကစားလာခဲ့ခြင်းကလည်း လာလီဂါသာလျှင် ကမ္ဘာ့အဆင့်အတန်းအမြင့်ဆုံးလိဂ်အဖြစ် ဆက်လက်တည်ရှိနေမှုကိုပြသရာ ရောက်ကြောင်းလည်း ဘာမူတိုက ဆိုခဲ့သည်။

ဘာစီလိုနာဥက္ကဋ္ဌဘာမူတိုက ဘီဘီစီနှင့်တွေ့ဆုံရာတွင် ပရီမီယာလိဂ်သည်လက်ရှိတွင်ဝင်ငွေအရသာမက ပရိသတ်များကိုပါ အဆွဲဆောင်နိုင်ဆုံးလိဂ်အဖြစ်ရပ်တည်နေသည်ကို အသိအမှတ်ပြုကြောင်း၊ ပရီမီယာလိဂ်၏လက်ရှိရုပ်မြင်သံကြား ထုတ်လွှင့်ခွင့်စာချုပ်သစ်မှာ အခြားလိဂ်များရရှိသည့်ပမာဏထက်ပင်ကျော်လွန်နေကြောင်း၊ သို့သော် ဘာစီလိုနာသာလျှင် ကမ္ဘာ့ဝင်ငွေအကောင်းဆုံးကလပ်ဖြစ်ကြောင်း၊ ပရီမီယာလိဂ်အသင်းများမှ အလိုရှိနေသော တူရန်နှင့်ဗီဒယ်လ်တို့နှစ်ဦးကို ဘာစီလိုနာက လက်ဦးမှုရယူကာ ခေါ်ယူနိုင်ခဲ့သည်ကိုကြည့်လျှင် ဘာစီလိုနာ၏ တားဆီးနိုင်စွမ်းကို မြင်တွေ့နိုင်မည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

**မေလှဲ့သင်း**

# ကားနှင့်ဆိုင်ကယ်မျက်နှာချင်းဆိုင်တိုက်မိ လူတစ်ဦးသေဆုံး



**ကလေးဝ ဇူလိုင် ၂၅**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးဝမြို့နယ်တွင်ဇူလိုင် ၂၃ ရက် ညနေပိုင်းကအမှတ်(၁)ရပ်ကွက် အမက(၁) မူလွန်ကျောင်းအနီး ရွှေကုက္ကိုလ်ဝါးထရံလုပ်ငန်းဆိုင်ရှေ့တွင် ကားနှင့်ဆိုင်ကယ် မျက်နှာချင်းဆိုင်တိုက်မိရာမှ ဆိုင်ကယ်မောင်းနှင်သူသေဆုံးသွားခဲ့သည်။

ဖြစ်စဉ်မှာ ယာဉ်မောင်း ဝင်းလှိုင် (၄၇)နှစ်မောင်းနှင်သော 3A/---- ခြောက်ဘီးယာဉ်သည် ကလေးဝမြို့မှ ကလေးမြို့ဘက်သို့ မောင်းနှင်နေစဉ် မျက်နှာချင်းဆိုင်မှ ယာဉ်မောင်း စန်းလင်းထွန်း(၃၇)နှစ်မောင်းနှင်လာသော KENBO 125 နံပါတ်မပါ ဆိုင်ကယ်အား တိမ်းရှောင်စဉ် အရှိန်မထိန်းနိုင်ဘဲ လက်ယာဘက်သို့လဲကျသွားခဲ့ပြီး ကားနောက်ပိုင်းနှင့် တိုက်မိကာ ဆိုင်ကယ်မောင်းနှင်သူမှာ ဒဏ်ရာများရရှိ၍ သေဆုံးသွားခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။ **သီဟ(iprd)**

# မင်းကွန်းတွင် ဟောင်ကောင်သူပျောက်ဆုံးခဲ့သည့် လက်ကိုင်ဖုန်း ပြန်လည်ပေးအပ်



**ဟောင်ကောင်သူ Mrs.Edith Chan ပျောက်ဆုံးခဲ့သည့် လက်ကိုင်ဖုန်းအား ပြန်လည်အပ်နှံပေးစဉ်။**

**စစ်ကိုင်း ဇူလိုင် ၂၅**

မန္တလေးမြို့ နိုင်လွန်ဟိုတယ်တွင် တည်းခိုနေသော ဟောင်ကောင်သူ Mrs.Edith Chan သည် ဇူလိုင် ၂၃ ရက် နံနက် ၁၁ နာရီခွဲက မင်းကွန်းခေါင်းလောင်းကြီးနှင့် ပုထိုးတော်ကြီးသို့ သွားရောက် လည်ပတ်ခဲ့ရာမှ ၎င်းကိုင်ဆောင်သော Sony G 6900 အမျိုးအစားလက်ကိုင်ဖုန်း တစ်ခု ကျကျန်ပျောက်ဆုံးခဲ့ကြောင်း ကမ္ဘာလှည့်ခရီးသွားလုပ်ငန်း လုံခြုံရေး ရဲတပ်ဖွဲ့ တပ်ဖွဲ့စုရုံးသို့ လာရောက်အကြောင်းကြားခဲ့ရာ ရဲအုပ်ဇော်မြင့် နှင့်အဖွဲ့က လိုက်လံကူညီစုံစမ်းရှာဖွေပေးခဲ့သည်။

အဆိုပါ ရဲအုပ်နှင့်အဖွဲ့သည် ဟောင်ကောင်သူ သွားရောက်လည်ပတ်ခဲ့သည့်နေရာများအား လိုက်လံစုံစမ်းမေးမြန်းနေစဉ် မင်းကွန်းကျေးရွာ ဈေးဆိပ်ရပ်နေ ကိုမင်းသန့်ဦး (၃၅)နှစ်က မင်းကွန်းခေါင်းလောင်းကြီးနှင့် ပုထိုးတော်ကြီးသွားရာလမ်းပေါ်မှ ကောက်ရထားကြောင်းပြောပြပြီး လာရောက်အပ်နှံပေးသဖြင့် အဆိုပါ Hand Set အား ပိုင်ရှင်ဖြစ်သူထံ ပြန်လည်အပ်နှံပေးခဲ့ကြောင်း သိရသည်။ **တင်မောင်(မန်းကိုယ်ပွား)**





## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## ရန်ကုန်တိုင်းဒေသကြီးအစိုးရ
## တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ (DICTCS)
## Yangon Comprehensive Traffic Control System ဒီဇိုင်းရေးဆွဲခြင်း၊ တပ်ဆင်ခြင်းနှင့်လည်ပတ်ခြင်းဆိုင်ရာ စိတ်ပါဝင်စားမှုဖော်ပြချက် (EOI)ဖိတ်ခေါ်ခြင်း

၁။ ရန်ကုန်တိုင်းဒေသကြီးအစိုးရသည် ရန်ကုန်မြို့တော်တွင် ဒီဇိုင်းရေးဆွဲခြင်း၊ တပ်ဆင်ခြင်းနှင့် လည်ပတ်ခြင်းဆိုင်ရာ Yangon Comprehensive Traffic Control System(DICTCS) လုပ်ငန်းအတွက် အရည်အချင်းပြည့်စုံသော ပြည်တွင်း/ပြည်တွင်းနှင့် ပြည်ပကုမ္ပဏီတို့ပါဝင်သော ဖက်စပ်လုပ်ငန်းများ စိတ်ပါဝင်စားမှုဖော်ပြချက် အဆိုပြုလွှာ (EOI) တင်သွင်းရန်ဖိတ်ခေါ်ပါသည်။

၂။ DICTCS တွင် အောက်ပါတို့ပါဝင်ပါသည် (ကန့်သတ်ထားခြင်းမဟုတ်ပါ။)

(က) Traffic Signal and Control System
(ခ) Transmission Infrastructure
(ဂ) Command and Control Center including building
(ဃ) Data Collection System
(င) IP Video and Video Analysis
(စ) Public Information and Dissemination
(ဆ) Intelligent Transport and Public Surveillance

၃။ စိတ်ပါဝင်စားသည့်ကုမ္ပဏီများ တင်သွင်းသော EOI တွင် အောက်ဖော်ပြပါအချက်အလက်များ ဖော်ပြပါရှိရပါမည်။

(က) ကုမ္ပဏီ(များ)၏ အဆင့်အခြေအနေနှင့်အသေးစိတ်အချက်အလက်များ၊ အစုရှယ်ယာဝင်များ၏ နိုင်ငံသားဖြစ်မှုဆိုင်ရာ အသေးစိတ်ဖော်ပြချက်များနှင့် ၎င်းတို့၏ ထည့်ဝင်ပိုင်ဆိုင်မှုရာခိုင်နှုန်း၊ ကုမ္ပဏီမှတ်ပုံတင်အထောက်အထား(မှတ်ပုံတင်မိတ္တူ ဖူးတွဲတင်ပြရန်)
(ခ) ကုမ္ပဏီ(များ)အကြောင်းအရာဖော်ပြချက်များ(အင်္ဂလိပ်ဘာသာဖြင့်)
(ဂ) လွန်ခဲ့သော(၃)နှစ်အတွင်း ကုမ္ပဏီ(များ)မှ ချုပ်ဆိုခဲ့သော စာချုပ်များ၏ စုစုပေါင်းတန်ဖိုး
(ဃ) DICTCS နှင့်အလားတူ လုပ်ငန်းအတွေ့အကြုံ (ရှိခဲ့ပါက အသုံးပြုခဲ့သောနည်းပညာ၊ ဆောင်ရွက်ခဲ့သောဒေသ)
(င) DICTCS အတွက် ကုမ္ပဏီ(များ)က တာဝန်ပေးအပ်မည့် အကြီးတန်းစီမံခန့်ခွဲမှုနှင့် ကျွမ်းကျင်မှုဆိုင်ရာ ပုဂ္ဂိုလ်များ၊ အင်ဂျင်နီယာများ၏ အမည်နှင့်အရည်အချင်း
(စ)လွန်ခဲ့သော (၃)နှစ်အတွင်း လျှောက်ထားသူ(များ)မှ တရားအမှုအခင်းတွင် ပါဝင်ခဲ့မှုသတင်းအချက်အလက်များ၊ အမှုတွင် ပါဝင်ပတ်သက်သည့် ပုဂ္ဂိုလ်အဖွဲ့အစည်းများအမည်နှင့် ငွေကြေးပမာဏ

၄။ EOI ကို အင်ဂျင်နီယာဌာန (လမ်းနှင့်တံတား)၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီသို့ ၂၀၁၅ခုနှစ်၊ ဩဂုတ်လ ၇ရက် (သောကြာနေ့) မွန်းလွဲ ၁နာရီ (ဒေသစံတော်ချိန်) ထက်နောက်မကျစေဘဲ Hard Copy and Soft Copy နှင့်အတူ လူကိုယ်တိုင်အရောက်ပေးပို့ရမည်။ သတ်မှတ်နေ့ရက်၊ အချိန်ထက် နောက်ကျတင်သွင်းသော EOI များကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၅။ တင်သွင်းလာသော EOI များအား စိစစ်၍ DICTCS အတွက် အရည်အချင်းပြည့်မီသည်ဟု သတ်မှတ်ခြင်းခံရသည့် ကုမ္ပဏီများအား တင်ဒါဝယ်ယူတင်သွင်းနိုင်ရန် အမြန်ဆုံးဖိတ်ကြားခြင်းပြုပါမည်။

တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**(DICTCS)**

## The Republic of The Union of Myanmar
## Yangon Region Government
## Tender Evaluation and Selection Committee(DICTCS)
## Invitation for Expression of Interest(EOI) on Design, Installation and Commissioning of Yangon Comprehensive Traffic Control System(DICTCS)

1. Yangon Region Government, hereby invites competent Local/ Joint Venture of Local and Foreign Company(ies) for submission of EOI on Design, Installation and Commissioning of Comprehensive Traffic Control System (DICTCS) for Yangon City.
2. The Scope of DICTCS includes, but not limited to, the following:
(a) Traffic Signal and Control System
(b) Transmission Infrastructure
(c) Command and Control Center including building
(d) Data Collection System
(e) IP Video and Video Analysis
(f) Public Information and Dissemination
(g) Intelligent Transport and Public Surveillance
3. EOI to be submitted by interested Companies shall include the following information:
(a) Details and status of Company(ies), detailed statement of the nationality of shareholder(s) and their holding(s)(%), evidence of company Registration (Certified copy to be attached)
(b) Company Profile(s) (In English)
(c) Aggregate value of contracts executed by the Company (ies) over the last 3years.
(d) Experience of works in a nature similar to DICTCS. [If any, applied technologies and location(s)]
(e) Names and qualification of senior management and technical personnel, engineers to be assigned by Company(ies) for DICTCS.
(f) Information on any litigation in which the applicant(s) was involved during last 3years and is involved at present including the names of the parties concerned and the amounts in dispute.
4. EOI in the form of hard copy and soft copy shall be delievered in person at Engineering Department (Roads and Bridges) YCDC, not later than 1pm(local time)on 7th August 2015 (Friday). The EOI submitted later than the designated time and date will not be considered.
5. The Companies which have been determined as qualified for DICTCS will be invited for purchase and submission of tender as early as possible after scrutiny of EOIs sub-mitted.

**Tender Evaluation and Selection Committee(DICTCS)**

## ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းခြင်း

တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း၊ ဗိုလ်လောင်းသင်တန်းအမှတ်စဉ် (၈၄) ကျောင်းဆင်းအရာရှိများ(ရန်ကုန်) အနေဖြင့် ကျဆုံး/ကွယ်လွန်သွားကြသော ဗသက(၈၄) ကျောင်းဆင်းအရာရှိများနှင့် ဇနီးသားသမီးများအား ရည်စူး၍ သယ်န်းကျွန်းမြို့နယ်၊ လေးထောင့်ကန်လမ်း၊ သုမင်္ဂလာအိမ်ရာ၊ အောင်မြေရတနာစာသင်တိုက်ရှိ ပဓါနနာယကဆရာတော် ဦးခေမာစာရအားအမှူးထား၍ သံဃာတော်အပါး (၅၃)ပါးအား ၂၄-၇-၂၀၁၅ရက်တွင် အရုဏ်ဆွမ်း ဆက်ကပ်လှူဒါန်းကြပြီး ဝါဆိုသင်္ကန်းနှင့် လှူဘွယ်ဝတ္ထုပစ္စည်းတို့ဖြင့် ရေစက်ချ၍ အမျှပေးဝေခဲ့ကြသည်။

A o u (84)
(&e u e)

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၏ ဌာနများတွင် အသုံးပြုရန်အတွက် လိုအပ်သော အောက်ဖော်ပြပါ ပစ္စည်းများကို ဌာနအရောက်ကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် စိတ်ပါဝင်စားသည့် လုပ်ငန်းရှင်များအနေဖြင့် အိတ်ဖွင့်တင်ဒါများ ပေးသွင်းနိုင်ပါကြောင်း ဖိတ်ခေါ်အပ်ပါသည်။

| | | |
|---|---|---|
| (က) | သတင်းစာစက္ကူ | ၈၀၀၀ ထုပ် |
| (ခ) | 150 KVA မီးစက် | ၁ စုံ |
| (ဂ) | 4 Units Colour Offset | ၁ စုံ |
| (ဃ) | ကော်ကပ်စာအုပ်ချုပ်စက် | ၁ စုံ |
| (င) | Numbering Machine (နံပါတ်ရိုက်စက်) | ၁ စုံ |
| (စ) | 6.6/0.4KV, 400KVA Transformer | ၁ လုံး |
| (ဆ) | Vertical Auto Clave | ၁ လုံး |
| (ဇ) | Septro Direct | ၁ လုံး |

၂။ ဈေးနှုန်းလွှာပိတ်ရက်မှာ ၃-၈-၂၀၁၅ ရက် ၁၆ နာရီဖြစ်ပြီး တင်ဒါပုံစံများအား မြို့တော်ခန်းမ(ပထမထပ်)၊ ဘတ်ဂျက်နှင့်ငွေစာရင်းဌာန ပစ္စည်းဝယ်ယူရေးဌာနစုတွင် ဝယ်ယူနိုင်ပါသည်။ အသေးစိတ်အချက်အလက်များကို ဖုန်းအမှတ်-၃၈၈၇၃၂ သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

ပစ္စည်းဝယ်ယူရေးအဖွဲ့

ပြည်တွင်းရေးရာ

# မိတ္ထီလာ(မြောက်)ကန်ကြီးတွင် ဓမ္မသုခ ကန်ဦးစေတီတော်တည်ထား



**မိတ္ထီလာ ဇူလိုင် ၂၅**

မိတ္ထီလာကန်ကြီးသည် သမိုင်းဝင် ကန်ကြီးဖြစ်သည်။ မိတ္ထီလာကန်တော်ကြီးသည် ရှေးမင်းကောင်းမင်းမြတ် ၁၇ ဆက်တို့ တည်ထားခဲ့သော သမိုင်းဝင်ကန်ကြီးဖြစ်သည်။ မိတ္ထီလာကန်တော်ကြီးကို မိတ္ထီလာ-မြင်းခြံသွား မီးရထားလမ်း၏တောင်ဘက်ရှိ ကန်တော်ကြီးကို တောင်ကန်ဟုခေါ်ပြီး မီးရထားသံလမ်းမြောက်ဘက် ကန်တော်ကြီးကို မြောက်ကန်ဟုခေါ်သည်။ မိတ္ထီလာကန်တော်ကြီး၏ အဓိကရေဝင်ချောင်းမှာ မုန်တိုင်ချောင်း၊ ရွှေစစ်သည်ချောင်း၊ တလင်းကုန်းချောင်းနှင့် ကြာအင်းချောင်းတို့ဖြစ်ကြသည်။ ထိုချောင်းအားလုံး မြောက်ကန်ထဲ စီးဝင်သည်။ မိတ္ထီလာကန်တော်ကြီးမှာ မြို့လူထုအတွက် သောက်သုံးရေနှင့် တောင်သူလယ်သမားများအတွက် အဓိကစိုက်ပျိုးရေပေးဝေနေသော ကန်တော်ကြီးဖြစ်သည်။

မိတ္ထီလာကန်တော်ကြီးသည် နှစ်ပေါင်းထောင်ချီ၍ သက်တမ်းရှည်ပြီဖြစ်သောကြောင့် သဲနုန်းပို့ချ၍ ရေသိုလှောင်မှုပမာဏ နည်းလာသည်နှင့်အမျှ စိုက်ပျိုးရေပေးဝေနိုင်မှု လျော့နည်းလာခြင်း၊ မြို့လူထု သောက်သုံးရေပေးဝေရာတွင် မိတ္ထီလာ(မြောက်)ကန်ဘက်ခြမ်း၌ အခက်အခဲများတွေ့ရခြင်း၊ ရေဝင်ချောင်းတစ်လျှောက် ကျေးရွာများ ရေကြီးနစ်မြုပ်မှုဖြစ်ပေါ်ခြင်းတို့ကြောင့် မိတ္ထီလာကန်ရေ ပိုမိုသိုလှောင်ရန်အတွက် နည်းမျိုးစုံဖြင့် ကြိုးစားဆောင်ရွက်ခဲ့ကြသည်။ သို့ရာတွင် မိတ္ထီလာကန်၏ ရေဝင်လမ်းကြောင်းတွင်ရှိသည့် မိတ္ထီလာ(မြောက်)ကန်သဲနုန်းပို့ချမှု လွန်စွာများပြားပြီး နွေအခါ၌ စိုက်ပျိုးရေနှင့် သောက်သုံးရေ အခက်အခဲများ ကြုံတွေ့နေကြရသည်။

နိုင်ငံတော်သမ္မတကြီးက ပြည်သူပြည်သားများအကျိုး ရှေ့ရှု၍ မိတ္ထီလာ(မြောက်)ကန်တော်ကြီးအား ပြန်လည်ပြုလုပ်တူးဖော်ရန် လမ်းညွှန်ခဲ့သည်။ နိုင်ငံတော်သမ္မတကြီး၏ လမ်းညွှန်ချက်အရ မိတ္ထီလာ(မြောက်)ကန်တော်ကြီးအား မေ ၂၃ ရက်နေ့ကစ၍ စက်ယန္တရား ၄၀၀ ကျော်ဖြင့် စတင်ပြန်လည်တူးဖော်ခဲ့ကြသည်။ မိတ္ထီလာ(မြောက်)ကန်တော်ကြီးအား ကန်ပေါင်အလျားပေ ၂၅၆၀၀၊ ကန်ပေါင်အမြင့် ၄၆ ပေ၊ ကန်ပေါင်ထိပ်အကျယ်ပေ ၅၀၊ ပျမ်းမျှရေအနက် ၈ ပေ၊ ရေလှောင်ပမာဏ ဧကပေ ၇၂၀၀၊ ရေထုတ်ပြွန် အရှည်တိုးမြှင့်ခြင်းနှင့် ရေတံခါးပြုပြင်ခြင်း၊ သီးနှံစိုက်ပျိုးမှုတွင် ယခင် မိုးစပါး ၂၆၁၄ ဧကမှ ၆၆၅၅ ဧကအထိ တိုးချဲ့စိုက်ပျိုးနိုင်မည်ဖြစ်ပြီး နွေစပါး ၄၄၅ ဧကမှ ၆၉၅ ဧကအထိ တိုးချဲ့စိုက်ပျိုးသွားမည်ဖြစ်သည်။

မိတ္ထီလာ(မြောက်)ကန်ကြီး တူးဖော်ရာတွင် အဓိကသဲနုန်းကိုကျင်း ၉၇၂၅၀၀ တူးဖော်သွားမည်ဖြစ်သည်။ ရေစုကန်များတူးဖော်ခြင်း၊ ရေခေါ်မြောင်း တူးပေါက်လုပ်ခြင်း၊ ကန်အတွင်း/အပြင် ဆင်ခြေလျောကာကွယ်ခြင်း၊ ကန်အတွင်းဘက် အချောကျောက်ကြီးစီခြင်း၊ ကန်အပြင်ဘက် အချောမြက်စိုက်ခြင်း၊ ကန်ပေါင်ထိပ်ပြင် ကန်ကာခင်းခြင်း လုပ်ငန်းများကို စက်ယန္တရားကြီးများဖြင့် နေ့၊ ညအပူတပြင်း ဆောင်ရွက်နေသည်။

မိတ္ထီလာ(မြောက်) ကန်တော်ကြီးအား စက်ယန္တရားအင်အား၊ Vl အင်အားဖြင့် နေ့ညမပြတ်ဆောင်ရွက် နေရာ တစ်လအတွင်း သဲနုန်းကျင်း ၅၀၀၀၀၀ ကျော် ၅၀ ရာခိုင်နှုန်း ကျော်တူးဖော်ပြီးစီးနေပြီဖြစ်သည်။ သမ္မတကြီး၏ လမ်းညွှန်ချက်အရ ယခုဇူလိုင်လကုန်အတွင်း အပြီးပြန်လည်ပြုပြင်တူးဖော်သွားမည်ဖြစ်သည်။ (၁၈)ကြိမ်မြောက် မိတ္ထီလာ(မြောက်) ကန်ကြီး ပြန်လည်ပြုပြင်တူးဖော်ခြင်း အထိမ်းအမှတ်အဖြစ် မြောက်ကန်ထိပ်၏ အရှေ့တောင်ထောင့်တွင် အမြင့်ပေ ၂၀၊ အကျယ်ပေ ၃၀၀ ရှိ ရတနာမွန် ကုန်းတော်မြတ်ပေါ်တွင် ညာဏ်တော် ၂၇ တောင်အမြင့်ရှိသည့် ရွှေစည်းခုံပုံတူ ဓမ္မသုခကန်ဦးစေတီတော်မြတ်ကိုလည်း အများပြည်သူများ ကြည်ညိုသဒ္ဒါပွားများ၍ ကုသိုလ်ယူနိုင်ရန် တည်ထားလျက်ရှိသည်။

ဤမိတ္ထီလာ ကန်တော်ကြီးကို ရှေးမင်းအဆက်ဆက် မည်သည့်ရည်ရွယ်ချက်ဖြင့် ဆည်ဖို့ပြုပြင်တည်ထားသည်ကို လေ့လာကြည့်သောအခါ သိကြားမင်းသည် တာဝတိံသာနတ်ပြည်တွင် သက်ရှည်ကျန်းမာစွာနေထိုင်ရန်အတွက် မြတ်စွာဘုရားထံ ခွင့်ပန်၍ လျှောက်ထား တောင်းပန်ရာ မြတ်စွာဘုရားသခင်သည် သိကြားမင်းအား ကန်ဟောင်းများ ပျက်စီးယိုယွင်းနေသည်ကို အသစ်ဖြစ်အောင် ပြုပြင်ဆည်ဖို့ရမည်ဟု မိန့်တော်မူသောကြောင့် သိကြားမင်းသည် တောသုံးတောင်အတွင်း၌ မှီတင်းနေထိုင်ကြသော သတ္တဝါကျေးငှက်အပေါင်းတို့ သောက်သုံးအားထား မှီခိုရန် ရေကန်အများ ဖန်ဆင်းတည်ထောင်ကြောင်း ဥပဌမ္ဘ ကုသိုလ်တော်အကျိုးဆက်ကြောင့် အသက်ရှည်ကျန်းမာစွာနေရသည်ဟု သုတ်မဟာ (ဝါ)အဋ္ဌကထာသတ္တ ပဥ္စာသုတ်တော်တွင် ဟောကြားတော်မူကြောင်း ဖတ်ရှုရသည်။

ယခုလည်း မိတ္ထီလာ(မြောက်)ကန်တော်ကြီးကို ရှေးမင်းကောင်းမင်းမြတ်တို့ အစဉ်အလာအတိုင်း နိုင်ငံတော်သမ္မတကြီးက မိတ္ထီလာပြည်သူလူထုအလိုလား၊ အတောင့်တဆုံး မိတ္ထီလာ(မြောက်)ကန်တော်ကြီးကို အဋ္ဌာရသအကြိမ်ပြန်လည် ဆည်ဖို့နေသည်။ မိတ္ထီလာ(မြောက်)ကန်တော်ကြီးအား စက်ယန္တရားပေါင်းများစွာဖြင့် နေ့၊ ည ပြန်လည်ပြုပြင်တူးဖော်နေရာ ယခုဇူလိုင်လတွင် အပြီးပြန်လည်တူးဖော်သွားမည်ဖြစ်သည်။

မိတ္ထီလာ(မြောက်)ကန်ထိပ်တွင် ရွှေစည်းခုံပုံတူစေတီတော်မြတ် တည်ထားရခြင်း၏ ရည်ရွယ်ချက်မှာ အနော်ရထာမင်းကြီး သီဟိုဠ်ကျွန်းမှ ပင့်ဆောင်လာသော စွယ်တော်ပွားငါးဆူတည်ထားကိုးကွယ်ခဲ့သည်။ စွယ်တော်ပွားငါးဆူမှာ ညောင်ဦးရွှေစည်းခုံစေတီတော်တွင် တစ်ဆူ၊ တန့်ကြည့်တောင်စေတီတော်တွင် တစ်ဆူ၊ လောကနန္ဒာစေတီတော်တွင် တစ်ဆူ၊ တူရွင်းတောင်စေတီတော်တစ်ဆူနှင့် ပြက္ခရွှေတောင် စေတီတစ်ဆူတို့ဖြစ်ကြသည်။

အနော်ရထာမင်းကြီး ကောဇာသက္ကရာဇ် ၃၇၉ ခုနှစ်တွင် နန်းတက်ပြီး ကောဇာသက္ကရာဇ် ၃၉၃ ခုနှစ်တွင် သီဟိုဠ်ကျွန်း မင်းဓာတုသေန (သယ်ဗောဓိ)ထံ ဂေါတမဘုရားရှင်၏ အောက်လက်ဝဲစွယ်တော်အား စွယ်တော်ပွား တစ်ဆူကို ရတနာပန်းတောင်း၌ ဦးထိပ်တွင်ရွက်၍ သင်္ဘောပေါ် အရောက်ပို့ဆောင်ပေးခဲ့သည်။ အနော်ရထာမင်းကြီးသည် စွယ်တော်မြတ်ကိုရွှေနန်းတော်ရှေ့ရှိ ရတနာအတိပြီးသော ပြဿဒ်ထပ်၌ ကိန်းဝပ်စံပယ်တော်မူကာ နေ့၊ ည မပြတ် ပူဇော်သက္ကာရပြုတော်မူသည်။ ရှင်အရဟံ မထေရ်မြတ်က ‘စွယ်တော်မြတ်’ကို နန်းတော်တွင်ထား၍ ကိုးကွယ်သည်ထက် သာသနာတော် ၅၀၀၀ တိုင် ခပ်သိမ်းသော သတ္တဝါအပေါင်းတို့ ကိုးကွယ်စေခြင်းငှာ စေတီတော်မူ တည်ရှိက အကျိုးများစွာဖြစ်မည်ဟု မိန့်ကြားတော်မူသည်။

အနော်ရထာမင်းကြီးသည် ရှင်အရဟံမထေရ်မြတ် မိန့်တော်မူသည့်အတိုင်း ခပ်သိမ်းသော သတ္တဝါတို့၏ အကျိုးစီးပွားအလို့ငှာ စွယ်တော်မြတ်ကို ရတနာပန်းတောင်းတွင် ကိန်းဝပ်စေ၍ ဆင်ဖြူတော်ပေါ်တွင်တင်ကာ “စွယ်တော်မြတ် ကိန်းဝပ်တော်မူလိုသော အရပ်တွင် ဆင်ဖြူတော်ကိန်းဝပ်ပါစေသတည်း”ဟူ၍ အဓိဋ္ဌာန်၍ ဆင်ဖြူတော်ကို လွှတ်လိုက်သည်။

ဆင်ဖြူတော်သည် “ရွှေစည်းလုံစေတီတော်” ကုန်းပေါ်တွင် ဝပ်တော်မူသည်။ အနော်ရထာမင်းလည်း “ရွှေစည်းခုံစေတီတော်တွင်”စွယ်တော်မြတ်(ပွား)ကို ဌာပနာတော်မူသည်။ ရွှေစည်းခုံစေတီတော်သည် စွယ်တော်ပွားငါးဆူတွင် ပထမဆုံး ဌာပနာတည်သည့် စေတီဖြစ်သည်။ ပထမဆုံးညောင်ဦးအရပ် ဧရာဝတီမြစ်ကမ်းပါး စည်းခုံနေရာတွင် ဝပ်တော်မူ၍ အနော်ရထာမင်းကြီး၏ အဓိဋ္ဌာန်ဖြင့်စွယ်တော်ပွားများ တစ်ဆူပြီးတစ်ဆူ ပွားလာသည်မှာ ငါးဆူမြောက်ဖြစ်ခဲ့၏။ ယခုအချိန်တွင်လည်း မိတ္ထီလာကန်ဦးကန်ထိပ်တွင် ပထမဆုံးစွယ်တော်ပွား ကိန်းဝပ်သည့် ရွှေစည်းခုံပုံတူ ဓမ္မသုခကန်ဦးစေတီမှာ ဆဋ္ဌမမြောက်စွယ်တော်ပွား ကိန်းဝပ်သည့် ရွှေစည်းခုံပုံတူတော် တစ်ဆူပင်ဖြစ်လာပေသည်။

**စာမျက်နှာ ၂၀ သို့**


Myanmar THAMES International

Accounting for Managers

(စီမံခန့်ခွဲလုပ်ကိုင်နေသူအားလုံးအတွက် သိရှိနားလည်စေရန် စာရင်းကိုင်ပညာ သင်တန်း)

- Area of Accounting
- Area of Finance
- Important of finance area in business
- Prepare financial statements
- Analyze financial statements for business
- Draw operation budgets
- Investment apprisal (Capital budgeting decision)
- Shot term decision Making for managers

သင်တန်းဖွင့်လှစ်မည့်ရက်၊အချိန် - ၂၆. ၇. ၂၀၁၅- (၂း၀၀ မှ ၅း၀၀) တနင်္ဂနွေ (တစ်ပတ်လျှင်၁ရက်)

2nd Floor, Myay Ni Gone Plaza, Tel: 525971,501450,0973147379


## နှစ်(၃၀)ပြည့် ပုလဲရတုမင်္ဂလာနေ့ဆုတောင်း

၁၉-၇-၂၀၁၅ ရက်တွင် ကျရောက်သည့် ဦးဘဆင်သိန်း-ဒေါ်စီစီညွန့်မောင်တို့၏ နှစ်(၃၀)ပြည့် ပုလဲရတုမင်္ဂလာရက်မြတ်မှသည် နောင်နှစ်(၁၀၀)တိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းပါသည်။

အစ်မ - ဦးစိန်မြင့်-ဒေါ်ခင်မိမိ
ညီ - ဦးဘဆင်သန်း-ဒေါ်တင်တင်မိုး
ညီ - ဦးမြင့်ကျော်-ဒေါ်ခင်အေးမြင့်
ညီမ - ဦးဖေသန်း-ဒေါ်မြင့်မြင့်မေ
ညီ - ဦးလင်းဦး-ဒေါ်ခင်သန္တာညွန့်

## အသိပေးကြေညာခြင်း

သာကေတမြို့နယ်၊ (GEC)ပညာရေးသမဝါယမအသင်းလီမိတက် အငြိမ်းစားအသင်းဝင်များ မိမိတို့၏အသင်းဝင်အစုငွေများကို အသင်းဆိုင်သို့ ၁-၈-၂၀၁၅ရက်မှ ၃၁-၈-၂၀၁၅ရက်အတွင်း လာရောက်ဆက်သွယ်ထုတ်ယူကြပါရန် အကယ်၍ ၎င်းရက်ထက်ကျော်လွန်ပါက အမှုဆောင်အဖွဲ့၏ ဆုံးဖြတ်ချက်အတိုင်း ဆောင်ရွက်မည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**(GEC)**ပညာရေးသ/မ၊ သာကေတ




# မြင်စိုင်းရွှေပြည်ဟုတင်စားသည့် မြင်စိုင်းမြို့ဟောင်း နန်းဦးစေတီကျောက်စာ

**ကျောက်ဆည် ဇူလိုင် ၂၅**

မြန်မာနိုင်ငံအလယ်ပိုင်း မန္တလေးတိုင်းဒေသကြီးအတွင်းတွင် စိတ်ဝင်စားဖွယ်ရာ မြို့ဟောင်းနေရာများစွာ ရှိသည်။ ထိုမြို့ဟောင်းများတွင် ထင်ရှားသည့် မြို့ဟောင်းများမှာ အင်းဝမြို့ဟောင်း၊ ပင်းယမြို့ဟောင်း၊ မက္ခရာမြို့ဟောင်းတို့ ဖြစ်သည်။

ထိုမြို့ဟောင်းနေရာများတွင် နန်းဦးစေတီနှင့် အခြားစေတီကျောက်စာအထောက်အထားများရှိသည်။ မြို့ဟောင်းများတွင် ထင်ရှားပြီး လူသိများသည့် မြို့ဟောင်းတစ်ခုမှာ မြင်စိုင်းရွှေပြည်ဟု တင်စားဖွဲ့ဆိုခဲ့သည့် မြင်စိုင်းမြို့ဟောင်းပင် ဖြစ်သည်။

မြင်စိုင်းမြို့သည် ပုဂံခေတ်နှောင်းတွင် တည်ထောင်ခဲ့သည်ဟု သိရသည်။ မြင်စိုင်းနှင့်အတူ မက္ခရာမြို့ဟောင်း ပင်လယ်မြို့တို့နှင့် ဆက်စပ်ကာ စိတ်ဝင်စားဖွယ် ဇာတ်လမ်းများရှိခဲ့သည်။ မြန်မာရာဇဝင်အရ ပြော့ရှမ်းလူမျိုး အသင်္ခဗိုလ်သည် မြင်စိုင်းအရပ်သို့ ရောက်ရှိလာပြီး မြန်မာအသည်သူကြီး၏ သမီးနှင့်လက်ဆက်ကာ သားသုံးယောက်၊ သမီး တစ်ဦး ထွန်းကားခဲ့သည်။

သားများ အရွယ်ရောက်သည့်အခါတွင် ပုဂံပြည့်ရှင်နရပတိမင်းထံ ဆက်သခဲ့သည်။ နရပတိမင်း လက်ထက်တွင် ပုဂံပြည်သို့ တာတာတပ်များ တိုက်ခိုက်စဉ် သူတလူငါတစ်မင်းနှင့် ပုဂံပြည် ပြိုကွဲခဲ့သည့်အတွက် အသင်္ခယာသည် မြင်စိုင်း (ကျောက်ဆည်ဒေသ)၊ ညီလတ်ရာဇသင်္ကြန်သည်မက္ခယာ(စဉ့်ကိုင်ဒေသ) ညီအငယ်ဆုံးသီဟသူသည် ပင်လယ်(မြစ်သားနယ်)တို့တွင် အသီးသီး ထီးပြိုင်နန်းပြိုင် စိုးစံပြီး ညီညွတ်စွာဖြင့် တာတာတို့ကို တိုက်ထုတ်နိုင်ခဲ့ကြောင်း သိရသည်။

လက်ရှိကာလတွင် မြင်စိုင်းရွှေပြည်ဟု တင်စားထားသော မြင်စိုင်းနန်းဦးစေတီဘေးတွင် ကျောက်စာနှစ်ချပ်ကို လေ့လာနိုင်သည်။ ကျောက်စာတစ်ချပ်မှာ သက္ကရာဇ် ၆၆၁ ထိုးကျောက်စာဖြစ်ပြီး၊ ကျန်ကျောက်စာတစ်ချပ်မှာ သက္ကရာဇ် ၆၉၁ ထိုး နန်းဦးစေတီ ကျောက်စာပင်ဖြစ်သည်။

ကျောက်စာမှတ်တမ်းအရ မူလအသင်္ခယာကောင်းမှု မြင်စိုင်း နန်းဦးစေတီကို သက္ကရာဇ် ၆၉၁ တွင်ဥဇနာမင်းကြီးမှ မူလစေတီကို ငုံပြီးဉာဏ်တော် ၁၀၃ တောင်အထိ မြှင့်တင်တည်ခဲ့ကြောင်း သိရသည်။ ယခုအခါ မူလကျောက်စာများကို စနစ်တကျ ကျောက်စာတိုက်ဖြင့် ထားရှိပြီး နှောင်းလူတို့ အလွယ်တကူလေ့လာနိုင်ရန် ခေတ်စာလုံးပေါင်းဖြင့် ကျောက်စာကို ဘာသာပြန်ပေးထားသည်။

ကျောက်စာကို ဖတ်ရှုလေ့လာခြင်းဖြင့် မြင်စိုင်းမြို့ဟောင်းရှိ နန်းဦးစေတီတည်ထားမှု၊ လှူဒါန်းမှု၊ ထပ်မံပြင်ဆင်မှုများကို လေ့လာသိရှိနိုင်သည်။ ယခုအခါ ကျောက်ဆည်ဒေသရှိ မြင်စိုင်းမြို့ဟောင်းရှိ နန်းဦးစေတီကို ဖူးမြော်ရင်း ကျောက်စာကို လေ့လာလိုပါက ကျောက်ဆည်မြို့ အရှေ့ဘက် လေးမိုင်အကွာ ကျောက်ဆည်မြို့နှင့် ဖျောက်ဆိပ်ပင်ရွာသွား ကားလမ်းမ တောင်ဘက်ဘေးတွင် သွားရောက်ဖူးမြော် လေ့လာနိုင်ကြောင်း သိရသည်။ **တိမ်တမန်**



# လူ့အခွင့်အရေးအမြင် ရက်တိုသင်တန်းဖွင့်လှစ်

**ရေး ဇူလိုင် ၂၅**

မွန်ပြည်နယ် ရေးမြို့ ရွှေဆံတော်စေတီဓမ္မာရုံ၌ ဇူလိုင်၂၄ ရက်မှ ၂၈ ရက်အထိ လူ့အခွင့်အရေးအမြင် ရက်တိုသင်တန်း ငါးရက်တာဖွင့်လှစ်သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်းသိရသည်။

အဆိုပါ ငါးရက်တာသင်တန်းတွင် မိတ်ဆက်ခြင်းနှင့် အစုအဖွဲ့လိုက် လုပ်ဆောင်ခြင်း၊ ယုံကြည်မှုတည်ဆောက်ခြင်း၊ လူ့အခွင့်အရေးအယူအဆ သဘောတရားနှင့် အဓိပ္ပာယ်ဖွင့်ဆိုချက်၊ လူ့အခွင့်အရေး အယူအဆသမိုင်းအကြောင်းနှင့် UDHR သမိုင်းကြောင်း၊ အပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေးကြေညာစာတမ်း အပိုဒ်များ၊ ရှင်းလင်းချက်၊ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် UDHR ယှဉ်တွဲလေ့လာခြင်း၊ လူ့အခွင့်အရေးအမျိုးအစားများအုပ်စုလိုက် အခွင့်အရေးများနှင့် နိုင်ငံတကာ စာချုပ်များဖွံ့ဖြိုးတိုးတက်လာပုံ၊ လူ့အခွင့်အရေးလုပ်ငန်းစဉ်၊ လူ့အခွင့်အရေးတိုင်ကြားမှု ယန္တရားများဖြစ်သည်။

သင်တန်း၌ သင်ကြားခဲ့သော အကြောင်းအရာများအား ပြန်လည်သုံးသပ်ခြင်း၊ အကဲဖြတ်ခြင်းများကို ရေးမြို့နယ်အတွင်းရှိ စိတ်ပါဝင်စားကြသည့် သင်တန်းသား ၃၀ ဦးက တက်ရောက်လေ့လာကြကြောင်းသိရသည်။

သင်တန်းနည်းပြဆရာများဖြစ်သော ညီမျှခြင်း မြန်မာအဖွဲ့အစည်းမှ Nine Nine.Toe Toe Myint. Tala Oung တို့က သင်ခန်းစာများ သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **ထွန်းထွန်း (ရေး)**



# ကျောင်းသား၊ ကျောင်းသူများ၏တစ်ကိုယ်ရေ သန့်ရှင်းမှု ရှိစေရေးဆောင်ရွက်

**ကျောင်းကုန်း ဇူလိုင် ၂၅**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ကျောင်းကုန်းမြို့ အမှတ်(၂)ရပ်ကွက် မြို့မအခြေခံပညာမူလတန်းကျောင်းတွင် ကျောင်းသား၊ ကျောင်းသူများ၏ တစ်ကိုယ်ရေသန့်ရှင်းမှုရှိစေရေး၊ ကျန်းမာရေးကောင်းမွန်စေရေးအတွက် မိခင်နှင့်ကလေးစောင့်ရှောက်ရေးဆရာဝန်ဒေါက်တာသန္တာအောင်နှင့် သွားဆရာဝန် ဒေါက်တာထက်ထက်ကျော်တို့အဖွဲ့က ဇူလိုင် ၂၃ ရက် နံနက် ၁၀ နာရီ က ကွင်းဆင်းဆောင်ရွက်ခဲ့သည်။

သူငယ်တန်းမှ စတုတ္ထတန်းအထိ ကျောင်းသား၊ ကျောင်းသူ ၂၆၀ ဦး၏ ကျန်းမာရေး၊ သွားနှင့်ခံတွင်းကျန်းမာရေး အခြေအနေများကို တစ်ဦးချင်း ကြည့်ရှုစမ်းသပ်ပေးခဲ့ပြီး ဗီတာမင်အေဆေးတိုက်ကျွေးခြင်း၊ သံဆေးတိုက်ကျွေးခြင်း၊ ဝက်သက်နှင့် ဂျိုက်သိုးကာကွယ်ဆေးထိုးခြင်း ဟောပြောပွဲများ ပြုလုပ်၍ ပညာပေးခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ဝင်းကြိုင်(ပြန်/ဆက်)**

# ကျိုက်ထိုမြို့နယ်အတွင်းရှိ ကျွဲ၊ နွားများအားကာကွယ်ဆေး ထိုးနှံ

**ကျိုက်ထို ဇူလိုင် ၂၅**

မွေးမြူရေးရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ကျွဲ၊ နွားလည်ချောင်းကွဲရောဂါနှင့် ပေါင်ပုပ်၊ လက်ပုပ်ရောဂါ မဖြစ်ပွားစေရန် ကာကွယ်ဆေးများထိုးနှံပေးလျက်ရှိရာ ကျိုက်ထိုမြို့နယ် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဒေါက်တာဖြိုးဝင့်ကိုနှင့် ဒေါက်တာခွန်မင်းမောင်၊ ဒေါက်တာမြင့်မြင့်သန်း၊ ဒေါက်တာနန်းကြူကြူအောင်တို့က ကျိုက်ထိုမြို့နယ်အတွင်းရှိ ကျေးရွာအုပ်စု ၄၁ အုပ်စုသို့ ကွင်းဆင်း၍ ကျွဲ၊ နွားများရောဂါဖြစ်ပွားမှုမရှိစေရန် ကာကွယ်ဆေးများကို လိုက်လံထိုးပေးခဲ့သည်။

ထိုသို့ကာကွယ်ဆေးများထိုးနှံရာတွင် ဇူလိုင်လထိ ကျွဲ၊ နွားကောင်ရေ ၃၂၇၉၅ ကောင်အား ထိုးနှံပေးခဲ့ပြီဖြစ်ကြောင်း သိရသည်။ **ဝင်းမောင်(ကျိုက်ထို)**

**သီဟသစ်ထူးဗုဒ္ဓဂယာဘုရားဖူးအဖွဲ့**

- သံဝေဇနီယလေးဌာန၊ သာဝတ္ထိ၊ ဝေသာလီ၊ ပတ္တနား၊ နာလန္ဒာ၊ ရာဇဂြိုဟ် (၇)ည (၈) ရက် ၂ သိန်း + USD 630
- သံဝေဇနီယလေးဌာန၊ အဝိဇဟိတလေးဌာန နေရာစုံ (၁၁)ည (၁၂) ရက် ၂ သိန်း + USD 670
- သံဝေဇနီယလေးဌာန၊ အဝိဇဟိတလေးဌာန၊ တာ့ချ်မဟာ၊ နယူးဒေလီ (၁၄)ည (၁၅) ရက် ၂ သိန်း +USD 725

ဒီဇင်ဘာ ၂၃၊ မေ ၁၁
နိုဝင်ဘာ ၁၁/၂၅၊ ဖေဖော်ဝါရီ ၃/၁၇၊ မတ် ၂/၉/၂၁
အောက်တိုဘာ ၂၁၊ (၁၀)ဦးလို

ခရီးစဉ်တိုင်းတွင် ဗုဒ္ဓဝင်များဟောပြောမည့် ဦးဆောင်ဆရာတော် (၁)ပါးနှင့် ကုမ္ပဏီဝန်ထမ်းများလိုက်ပါ၍ နွေးထွေးပြည့်စုံသော ဝန်ဆောင်မှုများဖြင့် ခရီးသည်များ စိတ်ချမ်းသာစွာ ကုသိုလ်ယူ ဘုရားဖူးနိုင်ရေး ဆောင်ရွက်ပေးပါမည်။ (Passport ရှိပြီးသူ ၃၀၀၀၀ိ/လျှော့ပေးမည်။)

လေယာဉ်လက်မှတ် ၊ ဗီဇာ ၊ တည်းခိုနေရာများ ကြိုတင်ဆောင်ရွက်နိုင်ရေး (၂)လ ကြိုတင်စာရင်းပေးသွင်းနိုင်ပါပြီ။

ရုံးချုပ် - အမှတ်-၂၃-H၊ အင်းယားမြိုင်လမ်း၊ ရွှေတောင်ကြား (၂) ရပ်ကွက်၊ ဗဟန်း။
Ph : 09-8619017, 09-790688511, 09-790688522

| | | | | | | | |
|---|---|---|---|---|---|---|---|
| ရန်ကုန်ရုံးခွဲ | 09-5066221 | မိတ္ထီလာ | 09-402609463 | စဉ့်ကူ | 09-254401607 | မော်လမြိုင်ကျွန်း | 042-50445 |
| သာကေတ | 09-5095546 | မုဆိမ်(၁) | 09-79824646 | မြောက်ဦး | 09-253851900 | မင်းလှ | 09-440226495 |
| မန္တလေး(၁) | 09-444006009 | မုဆိမ် (၂) | 09-970601014 | တာချီလိတ် | 09-2031362 | ကျိုက်လတ် | 09-8634830 |
| မန္တလေး(၂) | 02-34606 | | | | | မင်းပြား | 09-8631855 |

**အိမ်အမြန်ရောင်းမည်၊ ပွဲစားလိုသည်** ပွဲခ ၂% အပြည့်ပေးမည်

တောင်ဥက္ကလာပမြို့နယ်၊ ဝေဇယန္တာလမ်းမအနီး အဆင့်မြင့် အိမ်ရာဝင်းကြီးထဲတွင် ပေ(၁၀၀)ပတ်လည်၊ နှစ်(၆၀) ဂရန်မြေပေါ်တွင် (၃၅ပေ×၇၀ပေ)၊ အိပ်ခန်း(၈) ခန်းပါ RCနှစ်ထပ်တိုက်သစ်ကြီး(၁)လုံး၊ (၂၅ပေ×၈၀ပေ) သုံးထပ်တိုက်သစ်ကြီး(၁)လုံး၊ ခေတ်မီအဆင့်မြင့်ရေကူးကန်၊ ရေ၊ မီး၊ ဖုန်း၊ ပါဝါမီတာ၊ 25KVA မီးစက်၊ ဂျိုးဖြူရေ၊ အဝီစိတွင်းရေ၊ (၂၄)နာရီလုံခြုံရေး၊ ပတ်ဝန်းကျင်အလွန်သန့်သောနေရာတွင်တည်ရှိသော ခေတ်မီတိုက်သစ်ကို သင့်လျော်သောဈေးဖြင့် အမြန်ရောင်းမည်။

၀၉-၃၀၆၆၆၆၁၃၊ ၀၉-၅၃၇၂၃၇၀
၀၉-၂၆၁၄၄၇၀၂၉၊ ၀၉-၂၅၄၃၃၁၆၄၇

**အထူးကျေးဇူးတင်ရှိခြင်း**



ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ (၅)ရပ်ကွက်၊ ဇမ္ဗူအေးကျောင်းတိုက်ဝင်းအတွင်းရှိ ဇေယျမေဒိနီမိုင်းလားကျောင်းတိုက် (၃)ထပ်ကျောင်းဆောင်သစ်ကြီးကို မိုင်းလားဒေသ သာသနာရေးဌာန၊ ဆီလူး၊ နမ့်ပန်းဒေသမှ သာသနာရေးဂေါပကလူကြီးများနှင့် အလှူရှင်များမှ ၁-၇-၂၀၀၃ ရက်နေ့တွင် ငွေကျပ် ၄၃၅၁၀၀၆၆/- တိတိကို မတည်ငွေအဖြစ်နှင့် ၂၂-၄-၂၀၁၅ ရက်နေ့၌ ပြုပြင်မွမ်းမံခြင်းကို သဒ္ဓါပြဋ္ဌာန်းလှူဒါန်းခဲ့ပါသည်။

၁၉-၇-၂၀၁၅ ရက်နေ့နှင့် ၂၀-၇-၂၀၁၅ ရက်နေ့များတွင် ပြုလုပ်သော ကျောင်းတော်ကြီး တည်ဆောက်ရေးနှင့် ရေစက်ချအလှူပွဲ အခမ်းအနား၌ ကိုယ်ရောစိတ်ပါ ကြွရောက်ချီးမြှင့်ပေးခဲ့ကြသော မိုင်းလားမြို့နှင့် ကျိုင်းတုံမြို့မှ သံဃာတော်များ၊ ရန်ကုန်မြို့ရှိ ရှမ်းကျောင်းများမှ သံဃာတော်များ၊ ဇမ္ဗူအေးကျောင်းတိုက်ဝင်းရှိ သံဃာတော်များ၊ မိုင်းလား၊ ဆီလူး၊ နမ့်ပန်းဒေသများမှ ဂေါပကလူကြီးများနှင့် အလှူရှင်များ၊ ရန်ကုန်ရောက် မိုင်းလား၊ ကျိုင်းတုံဒေသမှ အလှူရှင်များအား လည်းကောင်း အထူးဝမ်းမြောက်ဝမ်းသာ မှတ်တမ်းတင် ဂုဏ်ပြုအပ်ပါသည်။

မိုင်းလားသာသနာရေးဌာနနှင့်မိုင်းလား၊ ဆီလူး၊ နမ့်ပန်းဒေသမှပြည်သူလူထုများ

## တစ်ပတ်အတွင်း နိုင်ငံတကာသတင်းသုံးသပ်ချက်

မျက်မှောက်ကမ္ဘာတွင် ဖြစ်ပေါ်နေသော နိုင်ငံရေး စီးပွားရေး လူမှုရေး စစ်ရေးစသည့် နိုင်ငံတကာ အရေးကိစ္စများကို မျက်ခြည်မပြတ်လေ့လာနေရန် လိုအပ်ပါသည်။ ထိုသို့လေ့လာနေမှသာလျှင် နိုင်ငံတကာ အခင်းအကျင်းများမှ ရယူသင့်သော သင်ခန်းစာများကို ထုတ်ယူနိုင်မည်ဖြစ်ပါသည်။ ကြေးမုံစာဖတ်ပရိသတ်များအား တစ်ပတ်အတွင်းထူးခြားသော နိုင်ငံတကာ ဖြစ်စဉ်များကို မြင်သိနိုင်စေရန်အတွက် အပတ်စဉ် တနင်္ဂနွေနေ့တိုင်း နိုင်ငံတကာသတင်း ပုံရိပ်များကို ဖော်ပြအပ်ပါသည်။ (စာတည်း)



# ကာရစ်ဘီယံဒေသတွင်း လေညင်းဆော်ချိန် ရောက်ပြန်ပေါ့

a ကိုရင်ညို

ဆယ်စုနှစ်ပေါင်းများစွာ စစ်အေးကာလ ရန်သတ္တရုပြုမှု တအုံနွေးနွေး ဖြစ်ခဲ့ကြပြီးနောက် မြို့တော်ဝါရှင်တန်နှင့် မြို့တော်ဟာဗားနားတို့၌ ကျူးဘားနှင့် အမေရိကန်သံရုံးများကို ဇူလိုင် ၂၀ ရက်တွင် ပြန်လည်ဖွင့်လှစ်နိုင်ကြလေပြီ။ နှစ်နိုင်ငံအကြား တစ်ဖက်စောင်းနင်းရှိခဲ့သည့် သံတမန်ဆက်ဆံရေးကို တွက်ချင့်ကာ တစ်ကျော့ပြန် တည့်မတ်ကြလျက် ဟန်ချက်ညီညီ ရှေ့သို့ချီမည့် သံတမန်ဆက်ဆံရေးအတွက် အပြုသဘောဆောင်သော အခင်းအကျင်းများနှင့်အညီ ဗျူဟာကျင်းကြပေတော့မည်တကား။

သမဏောန သမဏော၊ ဂေါဏောန ဂေါဏော (ရဟန်းတော်သည် ရဟန်းတော်အချင်းချင်းသာ ပေါင်းဖက်မိသည်။ နွားသည် နွားအချင်းချင်းသာ ပေါင်းဖက်မိသည်) ဟူသော ဆိုရိုးစကားနှင့်အညီ ကွန်မြူနစ်ကျူးဘားနိုင်ငံကို ဖဲခြင်း၊ ကြဉ်ခြင်းပြုလုပ်ခဲ့လေသော အမေရိကန်ပြည်ထောင်စုသည် သံတမန်ရေး လမ်းဟောင်းကြီးကို လျှောက်လှမ်းခဲ့ရာမှ သံတမန်ရေးလမ်းသစ်ဖောက်ရန် ယခုအခါ ခတ်ကွင်းပြင်လေပြီ။

ကျူးဘားနိုင်ငံအား အထီးကျန်ထားသည့် ခေတ်မမီတော့သည့် နည်းလမ်းဟောင်းကြီးကို နိဂုံးတံပြီးဆုံးခြင်းသို့ ရောက်ရှိစေလျက် သံတမန်ဆက်ဆံရေး ပြန်လည်ထူထောင်တော့မည်ဟု အမေရိကန်သမ္မတကြီး အိုဘားမားက ပြီးခဲ့သည့် ဒီဇင်ဘာလက ကြေညာမောင်းခတ်ခဲ့လေသည်။

ထိုမှဆက်၍ မေလသို့ ချင်းလေသောအခါ တစ်ဆင့်တိုး ဖြေလျှော့မှုကို အမေရိကန်က ပြုခဲ့ပြန်သည်။ ယင်းသည်ကား အစိုးရကိုယ်တိုင် ကမကထပြုသည့် အကြမ်းဖက် ဝါဒီနိုင်ငံ အမည်စာရင်းမှ ကျူးဘားကို ပလပ်ပေးလိုက်ခြင်းပင် ဖြစ်တော့သည်။

၁၉၆၁ ခုနှစ်တွင် သံတမန်ဆက်ဆံရေး ခယောင်းတောလမ်းမကြီးကို စဖောက်ခဲ့လေပြီးနောက် နှစ်ပေါင်း ၅၀ ကျော်မျှ ကြမ်းတမ်းလှသည့် ယင်းခရီးလမ်းမတွင် တုနှစ်ကိုယ် ဒယဥ့်တိုက်လျှောက်လှမ်းခဲ့ကြပြီးသကာလ တမုဟုတ်ချင်းတိုးတက်ပြောင်းလဲလာသော မူဝါဒသစ်နှင့်အညီ ပန်းခင်းလမ်းကို ဖန်တီးရန် ဒွေးနှစ်ဖော် နှစ်ကိုယ့်တစ်စိတ် ဖြစ်ကြလေကုန်ပြီဟု ကျွန်ုပ် တွေးတောမိ၏။

နှစ်နိုင်ငံ ခါးခါးသီးသီးဖြစ်ခဲ့ကြသည့် နှစ်ပရိစ္ဆေဒ ကာလအတွင်း ဝါဒသဘော တရားရေးအရ ပြဒါးတစ်လမ်း၊ သံတစ်လမ်း ရှိခဲ့ကြရာမှ သံတမန်ရေး လေညင်းဆော်ချိန်ရောက်ပြန်ပြီပေါ့ဟု ဆိုနိုင်ပေလိမ့်မည်။

နှစ်နိုင်ငံအကြား မူဝါဒ အလှည့်အပြောင်း၏ အစမှာ ၁၈ လတိုင်တိုင် ကြာမြင့်ခဲ့သည့် လျှို့ဝှက်ချိတ်ဆက်တွေ့ဆုံ ဆွေးနွေးပွဲများဖြစ်ခဲ့လေသည်။

အကျိုးရလဒ်အားဖြင့် နှစ်နိုင်ငံ အကျဉ်းသားများကို အပြန်အလှန် ဖလှယ်ကြရန်၊ သံတမန်ဆက်ဆံရေး အပြည့်အဝ ပြန်လည်ထူထောင်ကြရန်၊ ကျူးဘားအပေါ် စီးပွားရေးပိတ်ဆို့ထားမှုကို ဖြေလျှော့ပေးရန် အဆင့်ဆင့် သဘောတူညီခဲ့ကြခြင်းဖြင့် ထွက်ရပ်လမ်းကို တွေ့မြင်ခဲ့ကြလေသည်။

ငြိုးသူရန်ဘက်အဖြစ်မှ မိတ်တူနံ့တူ မိတ်ဆွေအဖြစ်သို့ ကူးပြောင်းရေးတွေး မြော်ကြလျက် ပြဒါးတစ်လမ်း၊ သံတစ်လမ်းတည်းဟူသော မူဝါဒဝဲသြဃအတွင်း တဝဲလည်လည် ကျင်လည်နေကြရခြင်းမှ ကျော်လွှားလွန်မြောက်အောင် ပံ့ပိုးခဲ့သူများကား ဗာတီကန်၏ ပုပ်ရဟန်းမင်းကြီး ဖရန်စစ်နှင့် ကနေဒါအစိုးရအဖွဲ့တို့ ဖြစ်ကြလေသည်။

တအုံနွေးနွေး ဆက်ဆံရေးကို ပြည်ဖုံးကားချလျက် လှပသော ဆက်ဆံရေးပန်းချီကားချပ်ကို ခြယ်မှုန်းရေးဖွဲ့နိုင်ရန် ရည်ရွယ်လျက် သမ္မတအိုဘားမားက ရီပတ်ဘလေကန်တို့ ထိန်းချုပ်ထားသော ကွန်ဂရက်လွှတ်တော်ကို သူ့ဘက်သို့ ပါလာအောင် စည်းရုံးနားချခဲ့ရသေးသည်။

ဒီမိုကရေစီ ပြည်ထောင်စုကြီးက ကွန်မြူနစ် ကျွန်းနိုင်ငံလေးနှင့် ဖက်လှဲတကင်း ဆက်ဆံခြင်းကို မကြည်ဖြူနိုင်သေးသည့် ရီပတ်ဘလေကန် အမတ်အချို့က တုတ်တုတ်မျှ မလှုပ်သည့် ရည်တည်ချက်ကို ကိုင်စွဲခဲ့ကြသေးသည်။

ကျူးဘားနိုင်ငံအား အထီးကျန်ပစ်ပယ်သည့် မူဝါဒသည် အဟောသိက အလုပ်မဖြစ်ကြောင်း၊ ယင်းမူဝါဒကို ကာလရှည်ကျင့်သုံးလာခဲ့သည့်တိုင်အောင် ကျူးဘားနိုင်ငံသည် တစ်စုံတစ်ရာ တိုးတက်ပြောင်းလဲလာမှု မရှိခဲ့ကြောင်း အိုဘာမားက နှစ်နိုင်ငံဆက်ဆံရေး ပြဒါးချိန်နှင့် ပတ်သက်၍ သုံးသပ်ပြောကြားခဲ့လေသည်။

အိုဘားမားအတွက် လှုပ်လေမြုပ်လေ မူဝါဒကို အဆုံးသတ်ကာ ပျားလည်းစွဲသာ၊ ရှဥ့်လည်းလျှောက်သာ မူဝါဒဘက်သို့ တွန်းတွန်းထိုးထိုးပြောင်းလဲလိုက်ပုံရသည်။ ကျူးဘားနှင့် ရွှေလမ်းငွေလမ်း ဖောက်ခြင်းဖြင့် စီးပွားကူးသန်းရောင်းရေးဝယ်တာ လုပ်ငန်းများ ပိုမိုပွင့်လန်းလာမည်ဟု ၎င်းက ချင့်တွက်ပုံရသည်။

အမေရိကန်ပြည်ထောင်စု ဖလော်ရီဒါကမ်းခြေမှ မိုင် ၉၀ (ကီလိုမီတာ ၁၄၀) မျှသာ ကွာဝေးသော အရပ်တွင် တည်ရှိနေသော ကျူးဘားနိုင်ငံသည် အမေရိကန်အတွက် နီးလျက်နှင့် ဝေးနေခဲ့ရသော နိုင်ငံဖြစ်သည်။ အိမ်နီးချင်းကောင်းဖြစ်သင့်ပါလျက် တစ်ဦးနှင့်တစ်ဦး ဆေးဖော်ကြောဖက်မလုပ်ကြဘဲ ခွဲခြမ်းခွဲခြမ်း လုပ်ခဲ့ကြလေသည်။

ယခုအချိန်တွင်မူ ကျူးဘားပြည်သူ ၁၁ ဒသမ ၂ သန်းမှာ အအေးတွင် မေတ္တာ၊ အမှန်တွင် သစ္စာ၊ အကြည်တွင် သဒ္ဓါဟူဘိသို့ မေတ္တာတည်းဟူသော ပရမတ္တဓာတ်၏ အေးမြမှုကို စတင်တွေ့ရှိကြလေပြီ။

ကြည်စေအေးစေ မေတ္တာရေ၏ သရုပ်သဏ္ဍာန်ကို ဖော်ညွှန်းကြလျက် စိတ်တူကိုယ်မျှ ဆက်ဆံရေးကို စည်းဝါးကိုက် ထူထောင်ကြကာ စီးပွားရေးပိတ်ဆို့မှု ပတ်မလုံးစုံအဖုံဖုံကို ဖြေလျှော့ပေးသွားရန်ဟူသော နှစ်နိုင်ငံ ရရှိခဲ့ကြသည့် မူဘောင်သဘောတူညီချက်တစ်ရပ်ကို ၂၀၁၄ ခုနှစ် ဒီဇင်ဘာ ၁၇ ရက်တွင် ထုတ်ပြန်ကြေညာခဲ့ကြလေသည်။

မြို့တော် ဟာဗားနားနှင့် ဝါရှင်တန်တို့၌ သံရုံးများကို အသီးသီး အသကအသက ဖွင့်လှစ်ကြရေး ရည်ရွယ်ချက်ဖြင့် တရားဝင်ဆွေးနွေးမှုများ စတင်ပြုလုပ်ကြရန်လည်း နှစ်နိုင်ငံ ကတိပြုခဲ့ကြလေသည်။

နှစ်နိုင်ငံ သဘောတူညီချက်၏ အမွန်အစ ဆောင်ရွက်ချက်တစ်ရပ်မှာ အကျဉ်းသားများကို အပြန်အလှန်လွှတ်ပေးခဲ့ကြခြင်းဖြစ်သည်။

နှစ်နိုင်ငံအစိုးရချင်း ပြန်လည်ရင်ကြားစေ့ကြပြီဖြစ်သည့်တိုင် ကျူးဘားနွယ်ဖွား အမေရိကား အသိုက်အဝန်းအတွင်းဝယ် အိုဘားမား အစိုးရအဖွဲ့၏ မူဝါဒတစ်ဆစ်ချိုးပြောင်းလဲလိုက်မှုနှင့် ပတ်သက်၍ ယောင်ချာချာအတွေးစများဖြင့် သံသယပွားသူများလည်း ရှိနေပြန်၏။ ဤကား လူ့ဓမ္မတာ။

ကျူးဘားနွယ်ဖွား အမေရိကားနိုင်ငံသား အမတ်မင်းများဖြစ်ကြကုန်သော ဘော့ဘ်မိနန်ဇက်၊ မာကိုရူဘီယိုနှင့် တက်ခရုဇ်တို့သည် အိုဘားမား၏ မူဝါဒအရွေ့အပေါ် ရှုတ်ချကြလျက် ကျူးဘားနှင့် သေခန်းရှင်ခန်းပြတ် စကားဆိုခဲ့ကြလေသည်။

၂၀၁၅ ခုနှစ် ဇန်နဝါရီလတွင် မင်းပါးစိုးခွင် အဆင့် (ဝါ) အထက်တန်း သံတမန်ကြီးများအဆင့် တွေ့ဆုံဆွေးနွေးခဲ့ကြပြီး ဆက်လက်ညှိနှိုင်းကြရန် ဇယားချခဲ့ကြလေသည်။

ယခုနှစ် ဇန်နဝါရီ ၁၆ ရက်မှ အမွန်အစပြုလျက် အမေရိကန်နိုင်ငံသားများ ကျူးဘားသို့ အလည်အပတ် သွားလိုကသွားရန် အိုဘားမားအစိုးရအဖွဲ့က ဇက်ကြိုးလျှော့ပေးခဲ့သည်။ တစ်ချိန်တည်းတွင် နာမည်ကျော် ကျူးဘားဆေးပြင်းလိပ်နှင့် ရမ်ယမကာတို့ကဲ့သို့ ကန့်သတ်သွင်းကုန်များကို ပြန်လည်တင်သွင်းနိုင်ရန် အမေရိကန်အစိုးရက ခွင့်ပြုပေးခဲ့သည့်အပြင် အမေရိကန်လုပ် ကွန်ပျူတာနှင့် အဝေးဆက်သွယ်ရေး နည်းပညာ ထုတ်ကုန်များကို ကျူးဘားသို့ တင်ပို့နိုင်သည်ဟု ကျွတ်ကျွတ်လွတ်လွတ် ကြေညာခဲ့လေသည်။

အဆွေတော် ကျူးဘားနိုင်ငံနှင့် သံခင်းတမန်ခင်းဆက်ဆံရေး ပြန်လည်တည်ဆောက်မည်ဟု သမ္မတအိုဘားမားက ဇူလိုင် ၁ ရက်တွင် ကြေညာခဲ့ပြီးနောက် ဇူလိုင် ၂၀ ရက်အရောက်တွင် ဝါရှင်တန်၌ ကျူးဘားသံရုံးကိုလည်းကောင်း၊ ဟာဗားနား၌ အမေရိကန်သံရုံးကိုလည်းကောင်း ဖွင့်လှစ်ကြလေသောအခါ နှစ်နိုင်ငံ အလံတော်များ ထည်ထည်ဝါဝါ ဝင့်ဝင့်ကြွားကြွား ညီညွတ်မှုအားကို အထင်အရှား ပြသလေတော့သည်။

နှစ်ပေါင်း ၅၄ နှစ်အတွင်း ပထမဆုံး အကြိမ် သံရုံးများကို ပြန်လည်ဖွင့်လှစ်နိုင်ခြင်းဖြစ်သည်။

အမေရိကန်၏ သံခင်းတမန်ခင်း မူဝါဒအရွေ့သည် ပစ္စက္ခကာလ ဘူမိနိုင်ငံရေးနှင့် စီးပွားရေးအကြောင်းတရားများ၏ စေ့ဆော်မှုအရ ပေါ်ထွက်လာသည်ဟု ကျွန်ုပ်ရှုမြင်မိ၏။

အမေရိကန်၏ သြဇာတိက္ကမအတွင်း စည်းထဲသို့ ကျူးဘားဝင်ရောက်လာရန် စီမံဆောင်ရွက်ခြင်းသည် ရုရှားနှင့် တရုတ်နိုင်ငံတို့ကို သွေးတိုးစမ်းရာ ရောက်ပေလိမ့်မည်။ ဒေသဆိုင်ရာ အကျိုးစီးပွားချင်းအရ ဒွန်တွဲခြင်းနှင့် လွန်ဆွဲခြင်းတို့ ရှိလာပေလိမ့်မည်။

မဝေးသော အနာဂတ်တွင် ပညာရည်ထူးချွန်မြင့်မားသည့် ကျူးဘားနိုင်ငံသားတို့ အမေရိကန်ကော်ပိုရေးရှင်းကြီးများ၌ အလုပ်လုပ်ကိုင်ခွင့် ရရှိလာမည်ဟုလည်း ရှုမြော်ရသည်။

ကျူးဘားနှင့် အမေရိကန်ဆက်ဆံရေးမှာ အပြုသဘောဆောင်သည့် လက္ခဏာများ ပြသနေလင့်ကစား ဝါဒသဘောတရားရေးရာ ပြဿနာများရှိနေသည်။

နှစ်ပေါင်း ၅၃ နှစ် ကြာမြင့်ခဲ့သည့် ကုန်သွယ်ရေးပိတ်ဆို့မှု အဆုံးသတ်ပေးရန် ကျူးဘားက တောင်းဆိုလျက်ရှိပြီး ဒီမိုကရေစီနှင့် လူ့အခွင့်အရေး မှတ်တမ်းများ တိုးတက်အောင် ကြိုးပမ်းဆောင်ရွက်ရန် အမေရိကန်က ယင်းနိုင်ငံကို တိုက်တွန်းထားသည်။

ဆက်ဆံရေးရောင်ခြည်သစ် ပေါ်ထွန်းလာသည့်တိုင်အောင် နှစ်နိုင်ငံဆက်ဆံရေး ပိုမိုတိုးတက်မှုရှိလာအောင် များစွာကြိုးပမ်းကြရဦးမည်ဟု အမေရိကန်ကရော ကျူးဘားနိုင်ငံကပါ ထုတ်ဖော်ဝန်ခံခဲ့ကြသည်။

နှစ်နိုင်ငံ ဆက်ဆံရေး အဖုအထစ် ဖြေလျှော့ရာတွင် စိန်ခေါ်မှု အများအပြားနှင့် ရင်ဆိုင်နေကြရဆဲဖြစ်ပြီး ဂွာတာနာမို ပင်လယ်အော်အပေါ် ထိန်းချုပ်ရေးကိစ္စမှာ အဓိကပြဿနာများတွင် ပါဝင်သည်။

သမိုင်းကြောင်းနှင့်ချီ၍ ဖြစ်ပေါ်ခဲ့သော စိန်ခေါ်မှုများကို ကျော်လွှားနိုင်ရန် ကြိုးပမ်းကြရာတွင် ဥဒါန်းမကျေခဲ့သည့် အတိတ်ဖြစ်ရပ်များက အရိပ်မည်းကြီး ထိုးနေဆဲပင်။

ကာရစ်ဘီယံဒေသရှိ ကျူးဘားကျွန်းနိုင်ငံ ပြည်သူများအတွက်မူ ချစ်စကို ရှည်စေ မုန်းစကို တိုစေ မေတ္တာရေစင်သည်သာ အေးချမ်းရာ၏ဟူ၍ တွေးဆကြပေလိမ့်မည်။ ပင်လယ်ဘက်မှ တိုက်ခတ်လာသော မေတ္တာရနံ့ သင်းပျံ့သည့် လေညင်းဆော်ချိန် ရောက်ပြန်ပေါ့ဟု ဆိုချင်ပါသည်။ ။



**အခန်းဆက်ဝတ္ထုရှည်**



# ကမ္ဘာကုန်ကျယ်သရွေ့ဝယ်

**တက္ကသိုလ်ဘုန်းနိုင်**

*ရသစာပေသည် စာဖတ်ပရိသတ်များအား ညှို့ယူဖမ်းစားနိုင်၏။ ထိုစာပေကို ရသမြောက်အောင် ရေးဖွဲ့နိုင်ရန်မှာ စာရေးသူ၏ စာဖတ်ပရိသတ်အပေါ်ထားရှိသော စေတနာမှာ အရေးပါ၏။ ဆရာတက္ကသိုလ်ဘုန်းနိုင် မှာ စာဖတ်သူများအပေါ် အကျိုးအမြတ်မပါ။ ဆန္ဒစွဲမရှိ၊ ရိုးသားစွာဖြင့်ဘဝနှင့် ခံစားမှုတစ်ထပ်တည်းကျအောင် ရေးသားနိုင်သော စေတနာရှိ၏။ ထို့ကြောင့် ဆရာ၏ ရသစာပေများမှာ စာဖတ်ပရိသတ်များကြား ဝယ် ယနေ့ထက်တိုင် တောက်ပနေဆဲဖြစ်၏။ ဆရာ၏ စာပေတွင် လူတို့၏ စရိုက်၊ လူတို့၏ ဘဝအမှန်တို့ကို သူတို့ဖြတ်သန်းရာခေတ်ကာလ အခြေအနေများနှင့် ထင်ဟပ်ဖော်ပြရာတွင် အရောင်အသွေးမရှိဘဲ ပကတိ အခြေအနေပေါ်လွင်အောင်ရေးဖွဲ့ထား၏။ ထို့ကြောင့်ခံစားမှုများနှင့်အတူ ဘဝအတွေးအခေါ်များလည်းရ၏။ အသိအမြင်များလည်း တိုး၏။ ခေတ်သမိုင်းကိုလည်း ထင်ဟပ်ရှုမြင်နိုင်၏။ ဤသည်ကား စာရေးသူ၏ စေတနာ အရင်းခံဖြစ်၏။ ယခု 'ကမ္ဘာကုန်ကျယ်သရွေ့ဝယ်' တွင်လည်း စာဖတ်ပရိသတ်များ ဤသို့ ရှုမြင်ခံစားနိုင် မည်ဟုယုံကြည်ပါသည်။ (စာတည်း)*

**ယမန်နေ့မှအဆက်**

မောင်စောနောင်က နတ်ရုပ်ကြီးများကို ပြုံးကြည့်နေ၏။ ဘာမျှမူမဝေဖန်တော့။ ဦးမြသန်းကမူ ခေါင်းတညိတ်ညိတ်နှင့်ကြည့်နေသည်။

"ကဲ. . . လာကြ၊ မြသလွန်ရဲ့ တတိယ ထူးခြားချက်ကို ကြည့်ကြရအောင်"

ကိုသက်ခိုင်က စောင်းတန်းအတိုင်း စေတီတော်ရှိရာသို့ ရှေ့ဆောင်သွားသောကြောင့် ကျန်နှစ်ဦးက လိုက်ကြရပြန်သည်။

ဦးမြသန်းက ကိုသက်ခိုင်ကို အံ့ဩမိသည်။ မူလက သူသည် မကွေးမြို့ လမ်းညွှန်သူအဖြစ် ဆောင်ရွက်ရန် လိုက်လာခဲ့၏။ ယခုမူ ကိုသက်ခိုင်က လမ်းညွှန်လုပ်နေသည်။ ကိုသက်ခိုင်၏ အမူအရာမှာလည်း ရွှင်လန်းတက်ကြွလျက်ရှိနေကြောင်းကို မယုံနိုင်ဖွယ် တွေ့နေရ၏။

ဘုရားစောင်းတန်းအဆုံး၌ မမြင့်ဝေနှင့်မတင်စန်းတို့က ပန်းများဝယ်ပြီး၍ အဆင်သင့် ရပ်စောင့်နေကြ၏။

ကိုသက်ခိုင်ကမူ သူတို့နှစ်ဦးအား အပြုံးနှင့်သာ အသိအမှတ်ပြုပြီး စောင်းတန်းထိပ်ရှိ ရုပ်ထုနှစ်ခုအနက် တစ်ခုရှေ့၌ ရပ်လိုက်သည်။ သူသည်ရုပ်ထုကို ကြင်နာယုယစွာ ပွတ်သပ်ကြည့်၏။

ရုပ်ထုနှစ်ခုလုံးကို ထုံးဖြူသုတ်ထားသည်။ မျက်နှာအသွင်အပြင်များမှစ၍ အမွေးအမှင်များကိုပေါ်အောင် ထုထားပုံကား မျောက်ဝံကြီးများ၏သဏ္ဌာန်ပေါ်နေစေသည်။

ဦးမြသန်းက ကိုသက်ခိုင်ကို လှမ်းပြောသည်။

"အဲဒါ. . . ဘောကျော်နဲ့ ဘောသောရုပ်ထုတွေ ဆရာ"

"ဟုတ်တယ်၊ ဆရာကလည်း အဲဒါကို ပြချင်လို့၊ ဘီလူးဆိုရင် ကျန်တဲ့ဘယ်နေရာကြည့်ကြည့် အချွန်တွေ အတက်တွေ အကောက်တွေ အလိမ်တွေနဲ့ ယိုးဒယားပန်းချီ ဘီလူးတွေချည်းပဲ၊ မြသလွန်ကျမှ ဘီလူးနှစ်ကောင်ဟာ ခြသေ့်နေရာဝင်ယူတယ်၊ ဘီလူးနှစ်ကောင်ရဲ့ အသွင်ကိုလည်း ပန်းချီဘီလူးအဖြစ် မထုဘဲ မျောက်ဝံနဲ့ တူအောင် ထုပြထားတယ်။ အဲဒါက မြသလွန်စေတီတော်ရဲ့ တတိယထူးခြားချက်ပဲ"

ဦးမြသန်းက ကိုသက်ခိုင်ကို အံ့ဩစွာ ကြည့်သည်။ ထို့နောက် ရယ်၍ ကောက်ချက်ချသည်။

"ဧကန္တ. . ဆရာ မကွေးနဲ့မြသလွန်ကို ရောက်ဖူးပြီးသား ဖြစ်ရမယ်၊ ဘယ့်နှယ်လဲ၊ ဟုတ်တယ် မဟုတ်လား ဆရာ"

"ဟုတ်တယ် ဆိုပါတော့ ဦးမြသန်း"

"ဘယ်တုံးကလဲ ဆရာ"

"အတီတေ. . . ရှေးအတိတ်ဘဝက ဆိုပါတော့ကွယ်"

"ဘယ်လိုဆရာ. . . အတီတေ ရှေးအတိတ်ဘဝက. . ."

"ဟုတ်တယ်. . ဆိုပါတော့၊ ဘောကျော် သို့မဟုတ် ဘောသောဘဝက"

ဦးမြသန်းကရယ်သည်။ မောင်စောနောင်ကမူ မရယ်ဘဲ ကိုသက်ခိုင်ကို စူးစိုက်ကြည့်နေ၏။

မမြင့်ဝေနှင့်မတင်စန်းတို့က သူတို့ပြောနေသည်ကို နားမလည်။ သို့ရာတွင် နားစွန်နားဖျား ကြားသမျှနှင့် ဦးမြသန်းနှင့်အတူ လိုက်ရယ်ကြ၏။

အားလုံးသည် စေတီရင်ပြင်တော်ပေါ် တက်ခဲ့ကြသည်။

မမြင့်ဝေနှင့်မတင်စန်းတို့က ယောကျ်ားအဖော်များကို ပန်းဝေပေး၏။

ကိုသက်ခိုင်နှင့်ဦးမြသန်းတို့က မိမိတို့အတွက်ရသော ပန်းများကို လက်တွင်ကိုင်၍ စေတီတော်ခြေရင်းတွင် ဒူးညွှတ်လျက် ထိုင်ရင်းရှိခိုးသည်။ မလှမ်းမကမ်းတွင် မတင်စန်းကလည်း ကျုံ့ကျုံ့ထိုင်၍ ပန်းဖြင့်ဘုရား သို့ ပူဇော်နေ၏။

ကိုသက်ခိုင်သည် စေတီတော်ကို ပန်းကိုင်သည့် လက်နှင့် ဦးသုံးကြိမ်ချပြီးနောက် ဘေးဆီသို့ တစ်ချက်လှမ်း ကြည့်မိသည်။

မတင်စန်းသည် မျက်လုံးမှိတ်၊ မျက်လွှာချ၍ ဘုရားရှိခိုးနေသည်။ ဦးမြသန်းကလည်း ထိုနည်းအတူပင်တည်း။

သို့ရာတွင် မမြင့်ဝေကား ရပ်လျက်ရှိသေးသည်။ မမြင့်ဝေသည် ပန်းစည်းကို ခွဲလျက် မောင်စောနောင်ကို ပေးနေသည်။

မောင်စောနောင်က လက်နောက်ပစ်ထားသည်။ မမြင့်ဝေပေးသော ပန်းကိုမယူ။ သူ့အသံကလည်း မာမာထွက်လာနေ၏။

"တော်စမ်းပါ မမြင့်ရယ်၊ ကျေးဇူးပြုလို့ တော်လိုက်စမ်းပါ၊ ဘယ်တုံးကများ ကျွန်တော်က ရှူးဖူးလို့လဲ၊ မမြင့်တို့ ထိုင်ရှိခိုးနေတဲ့ အုတ်ခဲပုံကြီးကို ရွှေမကလို့ စိန်ချထားထား ဘယ်လောက်ရှိခိုး ရှိခိုး ဘာအကျိုးတွေက လာမှာမို့လဲ"

မောင်စောနောင်သည် စကားအဆုံး၌ ချာခနဲလှည့်၍ ထွက်ခွာသွားသည်။

မမြင့်ဝေတစ်ယောက်တည်း ပန်းစည်းကို ကိုင်လျက် ငြိမ်ကျန်ရစ်သည်။

ခဏ၌မူ မမြင့်ဝေ၏ မျက်နှာတွင် မဲ့ပြုံးလေးပေါ်လာသည်။

မမြင့်ဝေက ပန်းစည်းကို စေတီအခြေရှိ ပန်းအိုးတစ်ခုတွင် ထိုးစိုက်လိုက်ပြီး ရင်ပြင်၌ ပုဆစ်တုပ်ထိုင်လျက် ရှိသေစွာ ရှိခိုးနေရှာသည်။

ကိုသက်ခိုင်သည် သက်ပြင်းကို ရှိုက်လိုက်ပြီး မျက်လုံးများကိုမှိတ်၍ မြတ်စွာဘုရားကို အာရုံပြုသည်။ မြတ်စွာဘုရား၏ အသွင်တော်ကို ရှေးဦးစွာ ပူဇော်သည်။ ထို့နောက် သူအကြွင်းမဲ့ ယုံကြည်လေသော မြတ်စွာဘုရား၏ ဉာဏ်တော်အနန္တကို ရှိခိုးသည်။ အဆုံး၌မူ မြတ်စွာဘုရား၏ အတိုင်းမရှိသော မေတ္တာဂုဏ်တော်ကို နှလုံးသွင်းကာ အတုယူပွားများပြီး စေတီတော်ကို ဦးသုံးကြိမ်ချသည်။

ကိုသက်ခိုင်သည် ဘုရားရှိခိုးခြင်းအမှုပြီး၍ မျက်လုံးများကို ဖွင့်ကြည့်လိုက်သောအခါ ဦးမြသန်းနှင့်မတင်စန်းတို့ကိုမူ မတွေ့ရတော့။ မမြင့်ဝေကား ဘုရားရှိခိုးဆဲတည်း။

ကိုသက်ခိုင်သည် ထူးဆန်းသော ကရုဏာတစ်မျိုးရင်၌ ပေါ်လာရင်း ကျုံ့ကျုံ့ယို့ယို့ထိုင်ကာ ဘုရားရှိခိုးနေသည့် မမြင့်ဝေ၏ ကိုယ်နောက်ပိုင်းကို တစ်ချက်စိုက်ကြည့်မိ၏။

မမြင့်ဝေသည် အဘယ်ဆုများကို ပန်နေလေပါသနည်း။ ဘောကျော်နှင့်ဘောသောတို့၏ နှမငယ်ပန်သွားသည့် ဆုမျိုးကားမဖြစ်နိုင်တန်ရာ။ ဖြစ်လည်း မဖြစ်တန်ရာ။ အမှန်မှာ ယနေ့ စွန့်ပစ်ရှောင်ထွက်သွားသူကား နှမ မဟုတ်၊ မောင်တစ်ယောက်သာလျှင်တည်း။ ဗုဒ္ဓ၏ပရိဘောဂစေတီတော်မြတ်ကြီးကိုပင် အုတ်ပုံကြီးဟု မိုက်မိုက်ကန်းကန်း ခေါ်သွားကာ မောင်တစ်ယောက်သာလျှင်တည်း။

ကိုသက်ခိုင်က လက်တွင်းမှ ပန်းကို ညောင်ရေအိုးတစ်ခုတွင်း၌ စိုက်လှူခဲ့ပြီး ပြန်လှည့်လိုက်သောအခါ မမြင့်ဝေကလည်း ဘုရားရှိခိုးပြီး၍ နေရာမှထလျက်သားရှိနေ၏။

ကိုသက်ခိုင်နှင့်မမြင့်ဝေတို့သည် တစ်ဦးမျက်နှာကို တစ်ဦး အတန်ကြာစိုက်ကြည့်နေမိကြသည်။ ခေတ္တ ခဏပင်ဖြစ်စေ နှစ်ဦးလုံး၏ရင်မှာ ချမ်းမြေ့နေကြ၏။ နှစ်ဦးလုံး၏ မျက်နှာများမှာလည်း သိမ်မွေ့ကြည်လင် နေကြ၏။ နှစ်ဦးလုံး၏ မျက်လုံးများကလည်း ပျော့ပျောင်းတည်ငြိမ်နေကြပေသည်။

မမြင့်ဝေက မျက်လွှာအသာချပြီး တိုးတိုးညင်ညင် ဖိတ်ခေါ်၏။

"လာ. . . ဆရာ၊ မြစ်ကမ်းရဲ့ရှုခင်းတွေ သွားကြည့်ကြရအောင်"

မမြင့်ဝေက စေတီတော်ကို ပတ်၍ရှေ့ဆောင်ခေါ်သွားသည်။

စေတီတော်ရင်ပြင်၏ အနောက်ဘက်အုတ်တံတိုင်းပေါင်အနီးတွင် ဦးမြသန်း၊ မတင်စန်းနှင့်မောင်စောနောင်တို့က ရပ်နေကြသည်။

မမြင့်ဝေက မောင်စောနောင်၏အနားတွင် ကပ်၍ သွားရပ်သည်။ မောင်စောနောင်က လှည့်၍ပင်မကြည့်ဘဲ သူငေးလျက်ရှိရာသို့ ငေးမြဲငေးနေသည်။

ကိုသက်ခိုင်က ဦးမြသန်း၏ဘေးတွင် ရပ်ပြီး ရှုခင်းကို လှမ်းကြည့်သည်။ ရှုခင်းကား အံ့မခန်းပေးတည်း။

**ဆက်လက်ဖော်ပြပါမည်။**

**(၁၉၆၆ ခုနှစ်က ထုတ်ဝေခဲ့သော ဆရာတက္ကသိုလ်ဘုန်းနိုင်၏ စာအုပ်မှ အခေါ်အဝေါ်နှင့် အသုံးအနှုန်းများ၊ စာလုံးပေါင်းသတ်ပုံနှင့် သဒ္ဒါအထားအသိများကို မူရင်းအတိုင်း ဖော်ပြခြင်းဖြစ်ပါသည်။)**









# တာချီလိတ်မြို့ပေါ်တက္ကစီယာဉ်မောင်းများ ရဲတပ်ဖွဲ့နှင့် ပူးပေါင်းရန်လိုအပ်

**တာချီလိတ် ဇူလိုင် ၂၅**

တာချီလိတ်ခရိုင် ရဲတပ်ဖွဲ့မှူးရုံးမှ ကြီးမှူး၍ မြို့ပေါ်တက္ကစီဂိတ်များရှိ တက္ကစီယာဉ်မောင်းများအား အသိပညာပေး ဆွေးနွေးပွဲကို ဇူလိုင် ၂၃ ရက် မွန်းလွဲ ၁ နာရီခွဲက တာချီလိတ်မြို့ မကာဟိုခမ်းရပ်ကွက် မြို့နယ်ဓမ္မာရုံ၌ ကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် တာချီလိတ်ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး လှမင်းက ရပ်မိရပ်ဖများ၊ ဆိုင်ကယ်တက္ကစီသမားများနှင့် တွေ့ဆုံရခြင်းမှာ ရဲတပ်ဖွဲ့၏ ကူညီပါရစေဆိုသည့် ဆောင်ပုဒ်အတိုင်း ပြည်သူများ၏ အခက်အခဲများကို သိရှိလိုအပ်ခြင်း၊ လက်ရှိဆောင်ရွက်နေသော မူးယစ်ဆေးဝါး ဖမ်းဆီးရေးစီမံချက်ကိုဆောင်ရွက်ရာတွင် မိမိတို့တပ်ဖွဲ့ဝင်အင်အားသာမက အငှားယာဉ်မောင်းများမှာ နေရာဒေသမရွေး သွားရောက်ပို့ဆောင်ကြသူများဖြစ်၍ သတင်းများရရှိပါက ပူးပေါင်းပါဝင်ဆောင်ရွက်ကြရန်နှင့် မှုခင်းပိုင်း၊ မူးယစ်ဆေးဝါး သုံးစွဲမှုပိုင်းတို့နှင့် ပတ်သက်သည့် အချက်အလက်များကို ရှင်းလင်းဆွေးနွေးခဲ့သည်။

ဆက်လက်ပြီး မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးသိန်းထွန်းဦးက ရပ်ကွက်အတွင်းရှိ ပြည်သူများအနေဖြင့် မိမိတို့ မြင်တွေ့ကြားသိရသည့် သတင်းများအား တာဝန်ရှိသူများထံ အချိန်နှင့် တစ်ပြေးညီ သတင်းပို့နိုင်ရန်၊ မှုခင်းများမဖြစ်ပွားစေရန် ဝိုင်းဝန်းထိမ်းသိမ်းဆောင်ရွက်ကြရန် ရှင်းလင်းပြောကြားပြီးနောက် တာချီလိတ်မြို့မစခန်းမှူး ဒုရဲမှူးကျော်သန်းက မှုခင်းကျဆင်းရေး လုပ်ငန်းစဉ်များ၊ ဖြစ်ပွားသည့်မှုခင်းများအား စုံစမ်းဖော်ထုတ်ခြင်းများကို အသေးစိတ် ရှင်းလင်းဆွေးနွေးကာ ၂၀၁၄ ခုနှစ်အတွင်း ဖြစ်ပွားဖော်ထုတ်ခဲ့သော မှုခင်းများအနက် တက္ကစီယာဉ်မောင်းများ ပူးပေါင်းဆောင်ရွက်ခဲ့သည့် ဖြစ်စဉ်များ၊ နောင်တွင်လည်း အလားတူ ပူးပေါင်းဆောင်ရွက်သွားရန်တို့ကို ပြောကြားဆွေးနွေးခဲ့ကြောင်း သိရသည်။

ထို့နောက် အမှတ်(၁၁၇)ယာဉ်ထိန်းတပ်ဖွဲ့စုမှူး ဒုရဲမှူးအောင်ကိုကိုက တာချီလိတ်မြို့တွင် ဖြစ်ပွားခဲ့သည့် ယာဉ်တိုက်မှု၊ သေဆုံး ဒဏ်ရာရရှိခဲ့သည့် မှုခင်းဖြစ်စဉ်များ၊ ယာဉ်စည်းကမ်း လမ်းစည်းကမ်းများနှင့် ပတ်သက်၍ ဆောင်ရွက်ရမည့် အစီအမံများကို အသေးစိတ်ရှင်းလင်းပြောကြားသည်။

ယင်းနောက် လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့တပ်ဖွဲ့စိတ်(၁)ခေတ္တ တပ်ဖွဲ့စိတ်မှူး ရဲအုပ်မင်းအောင်က ရွှေ့ပြောင်းသွားလာခြင်းမှ လူမှောင်ခို၊ ထိုမှတစ်ဆင့် လူကုန်ကူးမှု ဖြစ်ပွားတတ်ပုံ၊ ဖြစ်ပွားခဲ့သော မိမိတို့တပ်ဖွဲ့မှ ဖော်ထုတ်ဖမ်းဆီး အရေးယူမှုများကို အသေးစိတ်ရှင်းလင်းပြီး လက်ရှိစစ်ဆေးဆောင်ရွက်နေသော တွေ့ရှိချက်များနှင့် ပတ်သက်၍ ဆောင်ရန်၊ ရှောင်ရန်သိသင့်သိထိုက်သည့် အချက်များကို ချပြရှင်းလင်းကာ ဆိုင်ကယ်၊ ယာဉ်တက္ကစီယာဉ်မောင်းများမှ မိမိတပ်ဖွဲ့ဝင်များနှင့်အတူ ပူးပေါင်းပါဝင် ဆောင်ရွက်သွားရန်တို့ကို ရှင်းလင်းဆွေးနွေးခဲ့သည်။

ဟောပြောပွဲတွင် အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးအပ်ခဲ့ပြီး ဆက်သွယ်ရမည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ယာဉ်ထိန်းရဲတပ်ဖွဲ့နှင့် လူကုန်တား တပ်ဖွဲ့ဝင်များ၏ ဖုန်းနံပါတ်များပေးအပ်ခဲ့ကြောင်း သိရသည်။

အခမ်းအနားသို့ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး လှမင်း၊ မြို့နယ်ရဲတပ်ဖွဲ့မှူး၊ တာချီလိတ်မြို့မရဲစခန်းမှူးနှင့် နယ်ထိန်းတပ်ဖွဲ့များ၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ ခေတ္တတပ်ဖွဲ့စိတ်မှူး ရဲအုပ်မင်းအောင်၊ ရပ်မိရပ်ဖများနှင့် ရွှေတာချီဆိုင်ကယ်တက္ကစီသမားများ တက်ရောက်ခဲ့ကြောင်း သိရသည်။ **မော်ကြီး(တြိဂံနယ်မြေ)**

## မွေးမြူတိရစ္ဆာန်များအား ရောဂါကာကွယ်ဆေးများထိုးနှံပေး

**မိုးကောင်း ဇူလိုင် ၂၅**

မိုးညှင်းခရိုင် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနခရိုင်ဦးစီးမှူး ဒေါက်တာဝင်းဦး ဦးစီးသည့် ဝန်ထမ်းများအဖွဲ့သည် ဇူလိုင် ၂၁ နှင့် ၂၂ ရက်များတွင် မိုးကောင်းမြို့နယ် ရေဘေးသင့်နေရာများ ဖြစ်သည့် မြို့ပေါ်ရပ်ကွက်များနှင့် ကျေးရွာများသို့ ကွင်းဆင်း၍ မွေးမြူတိရစ္ဆာန်များအား ရောဂါကာကွယ်ဆေးများ ထိုးနှံပေးခဲ့ကြောင်း သိရသည်။

ထို့သို့ကွင်းဆင်း၍ ရောဂါကာကွယ်ဆေးထိုးရာတွင် နွား ၇၁ ကောင်အားလည်းချောင်းကွဲရောဂါကာကွယ်ဆေးထိုးပေးခြင်း၊ နွား ၁၂ ကောင်၊ ဝက် ၁၀၅ ကောင်နှင့် ဆိတ်လေးကောင်တို့အား အခမဲ့ ဆေးကုသပေးခြင်းများဆောင်ရွက်လျက်ရှိသည်။ **သန်းလွင်ဦး**

# ချောင်းရေမြင့်တက်မှုကြောင့် လယ်ယာမြေများ ထိခိုက်ပျက်စီးမှုဖြစ်

**ကျွန်းလှ ဇူလိုင် ၂၅**

စစ်ကိုင်းတိုင်းဒေသကြီး ကျွန်းလှမြို့နယ်တွင် မိုးသည်းထန်စွာရွာသွန်းခဲ့ပြီး ချောင်းရေမြင့်တက်မှုကြောင့် ကျေးရွာပေါင်း ၁၁၃ ရွာရှိသည့်အနက် ကျေးရွာ ၁၃ ရွာရှိ လယ်ယာမြေများ ထိခိုက်ပျက်စီးမှုများ ဖြစ်ပွားခဲ့ကြောင်း သိရသည်။

လက်ရှိတွင် ရေကျဆင်းသွားပြီဖြစ်သည့်အတွက် ရှမ်းကျေးရွာအုပ်စု တပ်ကုန်းကျေးရွာအနီးရှိ လယ်မြေများတွင် မိုးစပါးစိုက်ပျိုးရန် ပြင်ဆင်လျက်ရှိကြောင်း သိရသည်။

"ကျွန်တော့လယ်မြေ ခုနစ်ဧက တပ်ကုန်းကျေးရွာ စမြစ်ချောင်းအနီးမှာ ရှိပါတယ်။

"ချောင်းရေမြင့်တက်လာပြီး လယ်ကွင်းတွေ ရေမြုပ်ပါတယ်။ မိုးစပါးစိုက်ပျိုးထားခြင်း မရှိပါဘူး ပျိုးပဲထောင်ထားတာပါ။ပျိုးအနည်းငယ် ပျက်စီးသွားပါတယ်။

"အခု ရေကျသွားပြီဖြစ်တဲ့အတွက်လယ်မြေတွေကို အမှိုက်တွေကို ရှင်းလင်းပြီး ပြန်လည်ထွန်ယက်ပြီးမိုးစပါးစိုက်ပျိုးတော့မှာဖြစ်ပါတယ်" ဟု တောင်သူဦးငြိမ်းထွန်းကပြောသည်။ **မျိုးဝင်းညို(ကျွန်းလှ)**





# Heartfelt Congratulations

To

NGC THE NAING GROUP CAPITAL Co.Ltd.

On

Being rightfully selected as one of the top-three best developers in Myanmar in the Myanmar Property Awards 2015 from Highly Commended Asia Property Awards.

We also wish you to be able to lead as a distinctive top-notch Visionary Developer in the Myanmar Property Development Industry in the future.




- NAING Group Holding Co.Ltd.
- NAING Group Construction Co.Ltd.
- NAING Family Co.Ltd. (CHERRY OO)
- Champion Construction Materials Co.Ltd.
- Champion Oversea Trading Co.Ltd.
- MYANMAR NEW GENERATION DESIGN Co.Ltd.
- Geo Tech Pile Co.Ltd.
- Lucky Concrete Precast Manufacturing Co.Ltd.
- Champion Construction Co.Ltd.
- Green Garden Hotel Co.Ltd.
- NAING PHU CHEONG Concrete Precast Co.Ltd.
- Win & Hla Manufacturing Co.Ltd.
- Future Link Pte. Ltd.
- Royal Rose Pte.Ltd.

IT COMPUTER TRAINING CENTER အိုင်တီ ကွန်ပျူတာနှင့် အင်္ဂလိပ်စာ သင်တန်း

ENGLISH | AutoCAD - 3ds Max | VIDEO EDITING | Computer Basic | LCCI I-II

MOBILE PHONE Software + Hardware | DESKTOP PUBLISHING | Service Technician | GRAPHIC DESIGN

HOT LINE - 0949280778, 395353, 253283

# ပိုင်ရှင်ကိုယ်တိုင်အမြန်ရောင်းမည်

၁။ ဒဂုံတက္ကသိုလ်မျက်စောင်းထိုး၊ စက်မှုဇုန်များအနီး၊ တက္ကသိုလ်ရိပ်မွန်အရှေ့၊ မျက်နှာစာနှစ်ဖက်ပါ၊ မင်းရဲကျော်စွာလမ်းနှင့် ကျန်စစ်သားလမ်းထောင့်၊ ကျန်စစ်သားလမ်းမကြီးပေါ် မျက်နှာစာပေ ၁၀၀၊ Sqft 6324၊ ဘဏ်ဖွင့်လိုသူများအတွက် နေရာကောင်း၊ မည်သည့်ဘဏ်မှ မရှိသေးသော နေရာ၊ Super Market၊ အိမ်ဆောက်ပစ္စည်းဆိုင်၊ လက်ဖက်ရည်ဆိုင်ကြီးများ ဖွင့်လိုသူများအတွက် နေရာကောင်း၊ ငွေရှိပြီး ဘာမှမလုပ်တတ်သူများအတွက် စီးပွားရေးလုပ်ရန်ကောင်းသောနေရာ အချက်အချာကျ၊ ခြံစည်းရိုးခတ်ပြီး ရေ၊ မီး၊ ပါ။ **ကျပ်သိန်း(၄၉၀၀)**

၂။ သန်လျင်မြို့အဝင်တွင် အေးအေးဆေးဆေးနေလိုသူများအတွက် ဗိုလ်ချုပ်နေဝင်းလမ်းမကြီးပေါ် မြေအကျယ်ပေ(၅၅×၁၄၅)၊ ပြင်ဆင်ပြီး အသင့်နေထိုင်နိုင်သော ရှေးဟောင်းနှစ်ထပ်အိမ်ကြီး(၁)လုံးပါ၊ ဘဏ်ဖွင့်ရန်၊ စားသောက်ဆိုင်ဖွင့်ရန်၊ စီးပွားရေးလုပ်ရန် အချက်အချာကျနေရာကောင်း၊ လုံးချင်းအိမ်ဖြင့် နေလိုသူများအတွက် ကွန်ဒိုတိုက်ခန်းဈေး(၁)ခန်းမျှသာရှိသော အလွန်သက်သာသော ဈေးနှုန်း၊ Master bed room(၂)ခန်း၊ ရိုးရိုးအိပ်ခန်း(၁)ခန်း၊ အောက်ထပ်ကြမ်းခင်း တစ်ခုလုံးကြွေပြားအပြည့်ခင်း၊ ရေ၊ မီးအပြည့်အစုံ။ **ကျပ်သိန်း(၃၅၀၀)**

**ဆက်သွယ်ရန်ဖုန်း-၀၉-၅၁၇၈၉၇၉၊ ၀၉-၄၂၀၃၀၁၀၉၁၊ ၀၁-၅၆၀၇၈၇၊ ၀၁-၅၇၂၂၂၄**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
## စက်မှုနည်းပညာမြှင့်တင်ရေးနှင့်ပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာန
### Post Graduate Diploma in Software Development သင်တန်းသားများခေါ်ယူခြင်း

၁။ အိန္ဒိယသမ္မတနိုင်ငံနှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတို့ ပူးပေါင်း၍ မြန်မာသတင်းအချက်အလက်နည်းပညာတက္ကသိုလ်၏ Post Graduate Diploma in Software Development (၉)လသင်တန်းကို ၂၀၁၅ ခုနှစ်၊ စက်တင်ဘာလ ၁၀ ရက်မှစတင်၍ ဖွင့်လှစ်မည်ဖြစ်ပါသည်။

၂။ သင်တန်းကာလမှာ အချိန်ပြည့် ၉ လသင်တန်းနှင့် သင်တန်းကြေးမှာ (၅၀၀၀၀၀ိ/-)ကျပ်ငါးသိန်း ပေးသွင်းရမည်ဖြစ်ပြီး အိန္ဒိယသမ္မတနိုင်ငံ IIIT-Bနှင့် ပူးပေါင်းဖွင့်လှစ်သော သင်တန်းဖြစ်၍ မန္တလေးကွန်ပျူတာတက္ကသိုလ်တွင် စတင်ဖွင့်လှစ်မည်ဖြစ်ပါသည်။

၃။ မန္တလေးမြို့တွင် သင်တန်းတက်ရောက်စဉ်အတွင်း သင်တန်းသားများအား သင်ထောက်ကူပစ္စည်းများ ပံ့ပိုးထားရှိမည်ဖြစ်ပြီး သင်တန်းသားများသည် မိမိအစီအစဉ်ဖြင့် နေထိုင်စားသောက်ရမည် ဖြစ်ပါသည်။

၄။ ၂၀၁၂ ခုနှစ်၊ ဇွန်လ ၃၀ ရက် နောက်ပိုင်း M.C.Sc, M.C.Tech, M.I.Sc, B.C.Sc(Hons), B.C.Tech(Hons), M.E(IT), B.E(IT)နှင့် ဘွဲ့ရရှိပြီး ပထမဘွဲ့၏အတန်းစဉ်အလိုက် ပျမ်းမျှရမှတ် ၆၀% နှင့် အထက်ရရှိသူများ လျှောက်ထားနိုင်ပါသည်။

၅။ သင်တန်းသားလျှောက်လွှာများကို မန္တလေးကွန်ပျူတာတက္ကသိုလ်၏ Website (http://ucsm.edu.mm)မှ တစ်ဆင့် ၂၀၁၅ ခုနှစ်၊ ဩဂုတ်လ ၇ ရက် နောက်ဆုံးထား၍ လျှောက်ထားနိုင်ပါသည်။

၆။ လျှောက်ထားရာတွင် (၆)လအတွင်း ရိုက်ကူးထားသော ပတ်စ်ပို့အရွယ် ဓာတ်ပုံ(၁)ပုံ၊ ဘွဲ့လက်မှတ် မိတ္တူနှင့် ပထမဘွဲ့၏ အတန်းစဉ်အလိုက်ရမှတ်များပါ ပူးတွဲတင်ပြရမည် ဖြစ်ပါသည်။

၇။ သင်တန်းသို့တက်ရောက်ခွင့်ရရန် သတ်မှတ်ချက်များနှင့်ကိုက်ညီသည့် လျှောက်ထားသူများသည် အရည်အချင်း စစ်ဝင်ခွင့်စာမေးပွဲစစ်ဌာန(၂)ခုဖြစ်သည့် မန္တလေးကွန်ပျူတာတက္ကသိုလ်နှင့် ရန်ကုန် ကွန်ပျူတာ တက္ကသိုလ်တို့တွင် ၁၃-၈-၂၀၁၅ ရက်တွင် ဝင်ရောက်ဖြေဆိုကြရမည် ဖြစ်ပါသည်။

၈။ ဖြေဆိုရမည့် ခုံအမှတ်များနှင့် စာစစ်ဌာနများကို မန္တလေးကွန်ပျူတာတက္ကသိုလ်၏ Website တွင် ကြေညာသွားမည် ဖြစ်ပါသည်။

၉။ အသေးစိတ်အချက်အလက်များကို မန္တလေးကွန်ပျူတာတက္ကသိုလ်၏ Website တွင်လည်းကောင်း၊ ဖုန်းနံပါတ်-၀၉-၇၈၅၅၅၇၇၇၄ နှင့် ၀၉-၇၈၅၅၅၇၇၇၈ များသို့လည်းကောင်း ဆက်သွယ်မေးမြန်းစုံစမ်းနိုင် ပါသည်။

လျှောက်ထားသူများသည် ပူးတွဲတင်ပြရမည့် အောက်ဖော်ပြပါအချက်အလက်များကို ၇-၈-၂၀၁၅ ရက် နောက်ဆုံးထား၍ miitmdystd@gmail.com သို့ ပေးပို့မှသာ ဝင်ခွင့်စာမေးပွဲဖြေဆိုရန် လက်ခံစဉ်းစားပေးမည် ဖြစ်ပါသည်။

**(၁) Passport အရွယ်ဓာတ်ပုံ(၁)ပုံ**
**(၂) ဘွဲ့လက်မှတ်**
**(၃) ပထမဘွဲ့၏ အတန်းစဉ်အလိုက်ရမှတ်စာရင်း**

## ကုန်အမှတ်တံဆိပ်အမည်အမှတ်အသားကို ZAW BUSINESS SCHOOL ၏ တစ်ဦးတည်းမူပိုင်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာခြင်း။

ရန်ကုန်တိုင်းဒေသကြီး၊ ပုဇွန်တောင်မြို့နယ်၊ ရေကျော်လမ်းမ၊ အမှတ်၅၆နှင့် ဦးဝိစာလမ်း၊ အမှတ်၁၊ တွင် တည်ရှိသော ZAW BUSINESS SCHOOL ၏ လွှဲအပ်ညွှန်ကြားချက်အရ အသိပေး ကြေညာအပ်ပါသည်။

ZAW BUSINESS SCHOOL ဟုပါရှိသည့် ပညာရေးဝန်ဆောင်မှုတံဆိပ်အမည်၊အမှတ်အသားတို့မှာ ရန်ကုန်မြို့စာချုပ်စာတမ်းများမှတ်ပုံတင်ရုံးတွင် မှတ်ပုံတင်စာချုပ်အမှတ်ဖြင့် ဥပဒေနှင့်အညီ တရားဝင်မှတ်ပုံတင်သွင်းကြေညာထားပြီးဖြစ်ပါသည်။

(၁)စာချုပ်အမှတ် ၄ /၆၀၄၉(၂၈-၄-၂၀၁၅) ZAW BUSINESS SCHOOL

အထက်ပါကုန်အမှတ်တံဆိပ်အမည်အမှတ်အသားကို ဦးဇော်ဝင်းသိန်း၏ပညာရေးဝန်ဆောင်မှုလုပ်ငန်းများဖြစ်သောစာရင်းကိုင်နှင့်စီးပွားရေးပညာသင်တန်းများ၊ စာရင်းပညာ၊ စီးပွားရေးနှင့်ပတ်သက်သောလုပ်ငန်းရပ်များ၌ အသုံးပြုသွားမည်ဖြစ်ပြီး၊ ၎င်းလုပ်ငန်း၌ဆိုင်သည့်စာအုပ်၊ စာရေးကိရိယာ၊ စာရင်းကိုင်နှင့်စီးပွားရေးပညာတို့တွင်အသုံးပြုမည့်ပစ္စည်းများအပေါ်တွင် ရိုက်နှိပ်ခြင်း၊ ကပ်နှိပ်ခြင်း၊ အသားတံဆိပ်အမျိုးမျိုးဆိုင်းဘုတ်၊ ဘလောက်၊ကြော်ငြာ၊ ပြေစာဖြတ်ပိုင်း၊ တံဆိပ်တုံး၊ **Letter Head,** အစရှိသည်တို့တွင် အသုံးပြုမည်ဖြစ်ပါသည်။ အဆိုပါကုန်ပစ္စည်းများကို အရွယ်အစားအမျိုးမျိုး၊ အရောင်အမျိုးမျိုးဒီဇိုင်းအမျိုးမျိုး၊ ပြုလုပ်၍ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တစ်ဝန်းလုံးတွင် ထုတ်လုပ်ဖြန့်ချိရောင်းချသွားမည်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ မိမိ၏မူပိုင်အဖြစ်အသုံးပြုမည်ဖြစ်သော အထက်တွင် ဖော်ပြထားသည့် ကုန်အမှတ်တံဆိပ် အမည်အမှတ်အသားများကို မိမိမှတစ်ပါး အခြားမည်သူ တစ်ဦးတစ်ယောက်ကမှသော်လည်းကောင်း၊ အများမှသော်လည်းကောင်း၊ အစိတ်အပိုင်းတစ်ခုလုံးဖြစ်စေ၊ တစ်စိတ်တစ်ဒေသဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ၊ ပုံတူပုံမှား၊ ဆင်ယောင်ဆင်မှား၊ ဆင်တူယိုးမှားတုပပြုလုပ်ထုတ်လုပ်ရောင်းချခြင်း၊ တင်သွင်းရောင်းချခြင်း၊ ရောင်းချရန်အလို့ငှာစီစဉ်ဆောင်ရွက်ခြင်း၊ မိမိအမည်နှင့်အကျိုးပျက်စီးစေရန် ရည်ရွယ်လုပ်ဆောင်ခြင်း၊ စသည်ဖြင့်သုံးစွဲအသုံးပြုနေသည်တို့ကိုတွေ့မြင်ကြားသိရပါက မိမိ၏လုပ်ငန်းအကျိုးစီးပွားထိခိုက်နစ်နာဆုံးရှုံးကုန်ကျသမျှအရပ်ရပ်စရိတ်ကြေးငွေများအတွက် လျော်ကြေးငွေများကို တောင်းခံသွားနိုင်ရန် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်းရှိ မည်သည့်တရားရုံးတော်တွင်မဆို တရားစကြောင်း/ပြစ်မှုကြောင်းတို့အရ တရားစွဲဆိုကာ အရပ်ရပ်လျော်ကြေးငွေများ တောင်းခံသွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

ဒေါ်ခင်အေးတင် (အထက်တန်းရှေ့နေ) (စဉ်-၁၄၂၁၅)

## ဆုတောင်းပြည့်ရွှေမော်ဓောစေတီတော်မြတ်ကြီး
## ဂေါပကအဖွဲ့၊ ပဲခူးမြို့
## လုံးတော်ပြည့်ရွှေသက်န်းကပ်လှူရေး(၂"×၂")ပတ်လည်
## မျက်ပါးရွှေဆိုင်းများဝယ်ယူရန် ဈေးပြိုင်ကြော်ငြာ

၁။ ပဲခူးမြို့၊ ဆုတောင်းပြည့်ရွှေမော်စေတီတော်မြတ်ကြီး(ပဋ္ဌမ)အကြိမ်၊ လုံးတော်ပြည့် ရွှေသက်န်းကပ်လှူရန်အတွက် (၂"×၂")ပတ်လည် မျက်ပါးရွှေဆိုင်းများကို ဈေးပြိုင်တင်ဒါစနစ်ဖြင့် ဝယ်ယူရန် ရှိပါသည်။

၂။ တင်ဒါတင်သွင်းလိုသူများအား ဈေးပြိုင်တင်ဒါပုံစံနှင့် စည်းကမ်းချက်တစ်စုံလျှင် (၁၀၀၀၀)ကျပ်နှုန်းဖြင့် ဂေါပကအဖွဲ့ရုံး ငွေစာရင်းဌာနတွင် ၅-၈-၂၀၁၅ရက်မှ ၆-၈-၂၀၁၅ရက်အထိ (ရုံးချိန်အတွင်း) ရောင်းချ မည်ဖြစ်ပြီး တင်ဒါပိတ်ရက်မှာ ၇-၈-၂၀၁၅ ရက် နံနက် ၁၀း၀၀နာရီဖြစ်ပါသည်။

၃။ အသေးစိတ်အချက်အလက်များ သိရှိလိုပါက ဂေါပကအဖွဲ့ရုံးတွင် (ရုံးချိန်အတွင်း စုံစမ်းမေးမြန်းနိုင်ပါသည်။)

ဂေါပကအဖွဲ့
ဆုတောင်းပြည့်ရွှေမော်ဓောစေတီတော် ၊ ပဲခူးမြို့
ဖုန်း-၀၅၂-၂၂၂၀၆၈၊ ၀၅၂-၂၂၂၄၂၅၅

## (၃၅)နှစ်မြောက် ကျောက်စိမ်းရတု
## ရက်မြတ်မင်္ဂလာ ဆုတောင်းလွှာ

မိဘနှင့်မခြား ရှိသေလေးစားရပါသော အဘနှင့်မမတို့၏ ၂၆-၇-၂၀၁၅ရက်တွင် ပြည့်မြောက်သော (၃၅)နှစ်မြောက် ကျောက်စိမ်းရတု မင်္ဂလာရက်မြတ်မှသည် နောင်နှစ်ပေါင်း (၁၂၀)တိုင်အောင် ရတုပေါင်းများစွာ စိတ်ချမ်းသာ၊ ကိုယ်ကျန်းမာနှင့် အမျိုး၊ ဘာသာ၊ သာသနာအကျိုး၊ နိုင်ငံတော်အကျိုးတို့ကို ဆတက်ထမ်းပိုး သယ်ပိုးရွက်ဆောင်နိုင်ပါစေကြောင်း ချစ်သော သား၊ သမီး၊ မြေးများနှင့်အတူ ပြီးပြည့်စုံသော မိသားစုဘဝကို ထာဝရပိုင်ဆိုင်နိုင်ပါစေကြောင်း ဆုမွန်ကောင်းများတောင်းလျက်---

ဖော်ဖော်ဦး-နီနီ

iStock® ကုန်ပစ္စည်းထိန်းကွပ်ပျှုဘာစနစ်

ကုန်ရောင်း/ကုန်ဝယ်စာရင်း
ငွေစာရင်း
ကုန်လက်ကျန်စာရင်း
ကုန်တစ်မျိုးချင်းစီ၏ အမြတ်စာရင်း
အကြွေးစာရင်း
လုပ်ငန်းတစ်ခုလုံး၏ အရှုံးအမြတ်စာရင်း

Contact Us ...
YGN 09-43064181, 09-252424002, 09-254151516
MDY 09-43200283, 09-257333214
NPT 09-974432762, 09-974432763
Galaxy Software Co.,Ltd
www.galaxy.com.mm

ယဉ်ယဉ်မိသားစု - အဆင့်မြင့်အထူးခရီးစဉ်
ကျိုက္ခမီ- စက်စဲ- မော်လမြိုင် - ဇင်းကျိုက်ရေတံခွန်
၃၀-၇-၂၀၁၅ မှ ၃၁-၇-၂၀၁၅
စားစရိတ်ငြိမ်း- ၃၃၀၀၀ ကျပ်
L- 7 ယုဇနပလာဇာမြေညီထပ်ဖုန်း-၀၁ ၂၀၀၇၄၇ လိုင်းခွဲ-၁၃၁၅-၀၉ ၇၃၀၀၉၈၄၁

အာရှနဂါး
Asia Dragon ကျိုက်ထီးရိုး
ချောင်းသာ / ငွေဆောင်
Ph : 703790, 09-861-9008
707062, 09-861-7770

အိမ်ရောင်း/ငှားမည်
ပေ (၁၃×၁၂၀)၊ RC (၂)ထပ်၊
သံသုမာလမ်းမကြီးအပေါ်၊ သုဝဏ္ဏ။
ဖုန်း-၀၉-၉၇၂၀၅၈၄၉၅၊
၀၉-၄၂၀၀၄၄၂၃၅

ENGLISH (U.M.N)
မှ Part time
4 Skills သင်နိုင်သော
ဆရာမတစ်ဦးအလိုရှိသည်။
09 5006680, 01 389173

ပျောက်ဆုံးကြောင်း
ကျွန်တော်ရှိုင်းအောင်၏ Passport (M756159)ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက ပြန်လည်အကြောင်းကြားပေးပါရန်။ အကြောင်းကြားပေးသူအား ကျေးဇူးဆပ်ပါမည်။ ဖုန်း-၀၉၉၇၅၈၉၃၆၄၄

FAME
Nature A®
Carotenoid complex
သဘာဝ ဆေး
TMR 009439 (1014)
၂/၂၀၁၂ တဆဆလ/တိုး(၀၆၅၇)
ISO 9001 : 2008
ISO 14001 : 2004
OHSAS 18001 : 2007
GMP Certified
Organic Certified

FAME
Phototec®
Natural antioxidant for eye
မျက်စိဆေး
TMR 008234 (1115)
၂/၂၀၁၂ တဆဆလ/တိုး(၀၆၅၇)
ISO 9001 : 2008
ISO 14001 : 2004
OHSAS 18001 : 2007
GMP Certified
Organic Certified

မဟူရာ
ဆက်သွယ်ရန်
ရန်ကုန်မြို့ ☎ ၃၅ ၅၅ ၅၅




AIR KBZ
Touch Down to
Ngwe Taung State
MON, WED, FIRDAY
FLIGHT NO. | SECTOR | DEPARTURE | ARRIVAL
K7 442 | Yangon - Loikaw | 10:00 | 11:00
K7 443 | Loikaw - Yangon | 11:15 | 12:15
Taung Kwe Pagoda
NEW ROUTE
YANGON - LOIKAW
LOIKAW - YANGON
Lawpita Hydroelectronic
STARTS FROM
1st, AUGUST 2015
FARE
from USD 66$
Hotline: (01) 373766, (09) 5280445, (09) 73177805
Tickets Available at
No. 33-49, Bank Street & Maha Bandoola Garden Street, Kyauktada Township, Yangon
:www.facebook.com/AIRKBZ
We accept
VISA
www.airkbz.com


တိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ် - ၀၉၀၁ Y - ၃၁၆၀
TMR 007702 (1014)
TMR 011172 (1114)
မိဂသီ
အမှတ်တံဆိပ်
မိဂသီဆေးတိုက်မှ ထုတ်လုပ်သော
မိဂသီ အကြောပြေလိမ်းဆေး
မိဂသီ အကြောပြေဆေးပြား
မိဂသီ သွက်ချာပါဒလေငန်းလိမ်းဆေးအဆီ
ကြယ်စင် ချောင်းဆိုးပျောက်ဆေးရည်
အမှတ် (၃၀၄)၊ သုမင်္ဂလာလမ်း၊ (၄) ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။ ၀၁ ၅၇၂၀၉၇၊ ၀၉ ၅၀၀ ၁၀၃၇၊ ၀၉-၂၅၃၃၀ ၃၃၈၈


ဗိတိုရိယ ဆေးရုံ
Victoria Hospital
Quality Care
High Tech
ENT Head & Neck Surgery
ONE STOP SOLUTION
(၂၁.၈.၂၀၁၅)တစ်ရက်တည်းသော
- အသံဝင်ခြင်းနှင့် အသံကြိုးတွင် အသီးထသောရောဂါများကို Laser ဖြင့် ခွဲစိတ်ကုသပေးခြင်း။
- နားလေးရောဂါများကို Cochlear Implant နှင့် Bone Conduction Implant များ ခွဲစိတ်တပ်ဆင်ပေးခြင်း။
- နှာခေါင်းရောဂါများကို တီဗွီမှန်ပြောင်းဖြင့် အကုန်စိတ်ခွဲစိတ်ကုသပေးခြင်း။
လူဦးရေ
အကန့်အသတ်ရှိပါသည်။
Website : www.victoriahospitalmyanmar.com
Facebook : www.facebook.com/WitoriyaGeneralHospital
+95 1 9666141 Ext : 7065

ကြော်ငြာ


myanmar national airlines
New international route from Yangon to Singapore starting 17th August.
Fly round trip from US$239
Be among the first to fly our new Myanmar National Airlines international service to Singapore. Flights depart from Mandalay, Thandwe and Bagan, via Yangon with exclusive, one-time check-in and immigration clearance at your point of departure.
Journey of a lifetime

ကြော်ငြာ


BRANDS 180
အောင်မြင်မှုတွေရရှိဖို့
ဘရန်း က ကျွန်တော့်ကိုအမြဲကူညီပေးပါတယ်။
Sai Sai Kham Leng
BRANDS

ကြေးမုံ

ဇူလိုင် ၂၆၊ ၂၀၁၅

Hot Line No-0930500100



# သီပေါမြို့နယ် နမ့်ပေါတံတားကျိုးကျ၊ လူသေဆုံး၊ ပျောက်ဆုံးမှုများရှိ

**သီပေါ ဇူလိုင် ၂၅**

ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲခရိုင် သီပေါမြို့နယ်တွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် နှစ်ပေါင်း(၁၀၀)ကျော်ရှိ ရှေးဟောင်းကွန်ကရစ်တံတားတစ်စင်း ကျိုးကျကာ လူတချို့ ရေထဲမျောပါသွားပြီး ၎င်းတို့ထဲမှ သုံးဦးသေဆုံးသွားကြောင်း ကယ်ဆယ်ရေးလုပ်နေသူများက ပြောသည်။ သီပေါရဲစခန်းအနီးမှ နမ့်ပေါကွန်ကရစ်တံတားသည် ယနေ့မွန်းလွဲ ၁၂ နာရီခွဲခန့်က ကျိုးကျခဲ့ခြင်းဖြစ်ပြီး**(အပေါ်ပုံ)** ရေကြီးမှုကို တံတားပေါ်မှလာကြည့်နေသည့် ဒေသခံအချို့ ရေထဲမျောပါသွားခြင်းဖြစ်ကြောင်း သိရသည်။

**စာမျက်နှာ ၉ ကော်လံ ၅ သို့ ✳**

## ယနေ့ မာတိကာ

ရေလျှောင်တမံကြီးများနှင့် ရေလှောင်တမံများ ကျိုးပေါက်မှုမရှိ၊ ရေကင်းများချထားပြီး စောင့်ကြပ်ကြည့်ရှုလျက်ရှိ

စာမျက်နှာ - ၃

ဖခင်မွေးရပ် ကင်ညာနိုင်ငံသို့ အိုဘားမား အလည်အပတ်ရောက်ရှိ

စာမျက်နှာ - ၄

ကန့်ဘလူမြို့နယ် ရသားကျေးရွာ အနီးရှိ ဒေသန္တရအစီအစဉ်ဖြင့် ပြုလုပ်ထားသော တစ်ဖက်ပိတ်ဆည် ရေထိန်းတံခါးကျိုးပေါက်မှု လူ၊ တိရစ္ဆာန်နှင့် အိမ်များ ထိခိုက်ပျက်စီးမှုမရှိ

စာမျက်နှာ - ၈

## ကချင်ပြည်နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီးအတွင်း မိုးသည်းထန်စွာ ဆက်လက်ရွာသွန်းမှုကြောင့် ရထားလမ်းများ ရေနစ်မြုပ်မှုထပ်မံဖြစ်ပွား

**နေပြည်တော် ဇူလိုင် ၂၅**

ကချင်ပြည်နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီး အတွင်း မိုးသည်းထန်စွာ ဆက်လက်ရွာသွန်းမှု ကြောင့် ဘုံချောင်း-မဲဇာလမ်းပိုင်း မိုင်တိုင် အမှတ် (၅၇၃/၁၅)မှ (၅၇၄/၀၀)အထိ ရထား သံလမ်းအပေါ် ရေသုံးပေခန့် လွှမ်းမိုးခဲ့သဖြင့် ၎င်းလမ်းပိုင်းအား ယနေ့နံနက် ၄ နာရီ ၅၁ မိနစ်တွင်လည်းကောင်း၊ မဲဇာ-ဆည်ရွာလမ်းပိုင်း မိုင်တိုင်အမှတ် (၅၈၀/၁၇)မှ (၅၈၀/၂၀)အထိ ရထားသံလမ်းပေါ် ရေခြောက်လက်မခန့် လွှမ်းမိုးသဖြင့် ၎င်းလမ်းပိုင်းအား ဇူလိုင် ၂၄ ရက် ညနေ ၅ နာရီ ၂၁ မိနစ်တွင်လည်းကောင်း လမ်းများပိတ်ထားခဲ့သည်။

**စာမျက်နှာ ၃ ကော်လံ ၅ သို့ ✳**



## တောင်ပြို(လက်ဝဲ)တွင် ယာယီစောင့်ရှောက်ထားသော စိစစ်ပြီး ဘင်္ဂလားဒေ့ရှ်နိုင်ငံသား ၁၅၉ ဦးအား ဇူလိုင် ၃၀ ရက်တွင် ထပ်မံလွှဲပြောင်းရန် ညှိနှိုင်းလျက်ရှိ

**နေပြည်တော် ဇူလိုင် ၂၅**

မြန်မာနိုင်ငံမှ ၂၀၁၅ ခုနှစ် မေ ၂၁ ရက်နှင့် ၂၉ ရက်နေ့က မြန်မာရေပိုင်နက်အတွင်း ကယ်ဆယ်ခဲ့သည့် လှေစီးသွားလာသူများကို ၎င်းတို့၏ မူရင်းနေရပ်သို့ ပြန်လည်ပို့ဆောင်ရေး ဘင်္ဂလားဒေ့ရှ်နိုင်ငံနှင့် ညှိနှိုင်းဆောင်ရွက်ခဲ့ရာ ဘင်္ဂလားဒေ့ရှ်နိုင်ငံသား စုစုပေါင်း ၃၄၂ ဦးကို သုံးသုတ်ခွဲ၍ ပြန်လည်ပို့ဆောင်ခဲ့ပြီးဖြစ်သည်။

**စာမျက်နှာ ၈ ကော်လံ ၁ သို့ ❂**

## ဒလ – ပန်းဆိုးတန်းပြေးဆွဲသည့် ချယ်ရီရေယာဉ်များတွင် ဘေးကင်းလုံခြုံမှုရှိစေရန် အရေးပေါ်သက်ကယ်ပစ္စည်းများထားရှိ

**ရန်ကုန် ဇူလိုင် ၂၅**

ဒလ-ပန်းဆိုးတန်းပြေးဆွဲသည့် ချယ်ရီရေယာဉ်များတွင် ခရီးသည်များဘေးကင်းလုံခြုံမှုရှိစေရန် အရေးပေါ်သက်ကယ်ပစ္စည်းများ ထားရှိပေးထားကြောင်း ပန်းဆိုးတန်းဆိပ်ကမ်းမှ မြို့နယ်မန်နေဂျာ ဦးဆန်းထွန်းက ပြောသည်။

**စာမျက်နှာ ၇ ကော်လံ ၅ သို့ ❖**

themirror.npt@gmail.com
www.facebook.com/themirrordaily

